ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဒီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ကပ်ငြိတွယ်တာမှုမရှိ

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ် တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါး တည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိ တွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday 20 September 2018 ၉၄၁၅

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ ချေးငွေကိစ္စ အဆုံးအဖြတ်ရယူခြင်း၊ အခွန်အကောက်ဥပဒေကြမ်းအား အတည်ပြုခြင်းနှင့် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးကာလ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၉

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ ချေးငွေကိစ္စ အဆုံးအဖြတ်ရယူခြင်း၊ အခွန်အကောက်ဥပဒေကြမ်းအား အတည်ပြုခြင်းနှင့် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးကာလ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာ လွှတ်တော်က အဆိုပါ ရှင်းလင်းတင်ပြချက်ကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။ **(ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၏ ရှင်းလင်းချက် အပြည့်အစုံကို စာမျက်နှာ ၃၂၊ ၄ နှင့် ၅ တို့တွင် ဖော်ပြထားပါသည်)**

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန် ခေါင်းဆောင်သည့် မြန်မာ့လွှတ်တော် ကိုယ်စားလှယ်အဖွဲ့၏ (၃၉) ကြိမ်မြောက် အာဆီယံ လွှတ်တော်များ အထွေထွေညီလာခံတက်ရောက်မှုခရီးစဉ်ကို လွှတ်တော်က မှတ်တမ်းတင်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ ကျင်းပစဉ်။

အမျိုးသားတိုးတက်ရေးပါတီ၊ ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီနှင့် မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီတို့၏ ဟောပြောစည်းရုံးမှုများ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၁၉

အမျိုးသားတိုးတက်ရေးပါတီ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၂၁ ရက်တွင်လည်းကောင်း၊ ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၂၂ ရက်တွင်လည်းကောင်း၊ မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ၏ ဟောပြောစည်းရုံးမှုကို စက်တင်ဘာ ၂၃ ရက်တွင်လည်းကောင်း မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတို့တွင် ဖော်ပြသွားမည်ဖြစ်သည်။

သတင်းစဉ်

ယနေ့ မာတိကာ

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားတွင် ဖတ်ကြားသည့် ကျောင်းသားလူငယ်များ၏ စာတမ်း — စာမျက်နှာ » ၆

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားတွင် ဖတ်ကြားသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တင်သွင်းသောစာတမ်း — စာမျက်နှာ » ၇

ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ — စာမျက်နှာ » ၁၁

KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

ငြိမ်းချမ်းရေးအတွက် အလားအလာကောင်း

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ တတိယအကြိမ်အစည်းအဝေးကို စက်တင်ဘာလ ၈ ရက်မှ ၁၁ ရက်နေ့အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပခဲ့စဉ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ကျေနပ်အားရဖွယ်ကောင်းသော ဆွေးနွေးညှိနှိုင်းမှုများကို ဆောင်ကြဉ်းပေးနိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းအားထုတ်ကြရာတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသည် အရေးကြီးဆုံးကိစ္စဖြစ်သည်။ ထိုအရေးအတွက် အဓိကသက်ဆိုင်သူ NCA လက်မှတ်ထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များကိုယ်တိုင် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် NCA တွင် လက်မှတ်ရေးထိုးရန် ကျန်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်လာနိုင်ရေး ကြိုးပမ်းအားထုတ်မှုများမှာ ငြိမ်းချမ်းရေးခရီးအတွက် အလားအလာကောင်းများပင် ဖြစ်သည်။

အဆိုပါ တတိယအကြိမ်အစည်းအဝေးတွင် အချက်ငါးချက်ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ပြီး ထိုအချက်ငါးချက်တွင် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် ဖြစ်ပေါ်နေသော တစ်ဆို့မှုများကို အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ သက်ဆိုင်ရာခေါင်းဆောင်များအကြား အမြန်ဆုံးတွေ့ဆုံ၍ နိုင်ငံရေးသဘောတူညီချက်တစ်ခုချမှတ်ရန် လိုအပ်နေကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုအခြေခံ၍ အနာဂတ်မြန်မာနိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ဘုံသဘောတူညီချက်နှင့် ရည်မှန်းချက်များကို NCA လက်မှတ်ရေးထိုးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားသော်လည်းကောင်း၊ NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားတွင်သော်လည်းကောင်း ညှိနှိုင်းအဖြေရှာမည်ဖြစ်ပြီး လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ပါဝင်နိုင်သော ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့မှ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုတွေ့ဆုံဆွေးနွေးပွဲသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် အလားအလာကောင်းများပင် ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှု ပိုမိုအားကောင်းလာစေရန်အတွက် ယခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် NCA လက်မှတ်ရေးထိုးထားသောခေါင်းဆောင်များအကြား ဆွေးနွေးတင်ပြချက်များနှင့်လည်း ကိုက်ညီနေသည်ဖြစ်ရာ ပိုမိုနက်ရှိုင်းသည့် ကွာဟချက်များနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဖက်များမှ အစိုးရနှင့်တပ်မတော်ခေါင်းဆောင်များနှင့် ပိုမိုတိုးတက်ကောင်းမွန်သော ရလဒ်များပေါ်ထွက်လာအောင် ဆက်လက်ညှိနှိုင်းဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ငြိမ်းချမ်းရေးအတွက် အကြိတ်အနယ် ဆွေးနွေးခဲ့ကြမှုများသည် အားတက်ဖွယ်ရာများပင် ဖြစ်သည်။ သဘောထားရပ်တည်ချက် မတူညီမှုများကို သူ့အမြင်၊ ကိုယ့်အမြင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ဘုံဆုံးဖြတ်ချက်ပေါ်ထွက်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းသည် အလားအလာကောင်းသည့် ကောင်းမွန်သောလက္ခဏာများပင် ဖြစ်သည်။ မတူကွဲပြားမှုများကို လက်တွေ့ကျကျ လက်ခံနိုင်ခြင်းသည် ညီညွတ်ခြင်း၏ လက္ခဏာများဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားအဖွဲ့အစည်းများ အားလုံးတို့သည် အမိပြည်ထောင်စုနိုင်ငံတော်အတွင်းမှ မိသားစုဝင် တိုင်းရင်းသားအချင်းချင်းဖြစ်ကြပြီး ဤကဲ့သို့ပင် အားလုံးညီညွတ်ကြမည်ဆိုလျှင် ကျွန်ုပ်တို့မျှော်မှန်းထားသည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားပြည်သူများမျှော်မှန်းထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး ကြိုးပမ်းအားထုတ်မှုများလွယ်ကူချောမွေ့ အဆင်ပြေလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

JICA SME နှစ်ဆင့်ချေးငွေ စီမံကိန်းဒုတိယအဆင့် ချေးငွေအတွက် စီစဉ်နေ

ရန်ကုန် စက်တင်ဘာ ၁၉

တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍမှာ ၉၉ ရာခိုင်နှုန်းပါဝင်သည့် SMEs လုပ်ငန်းများကို JICA SME Two-Step Loan စီမံကိန်းဒုတိယအဆင့် ချေးငွေအတွက် ဂျပန်ယန်း ၁၄၉၄၉ သန်း ရယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်က ထုတ်ပြန်ထားသည်။

မြန်မာ့စီးပွားရေးဘဏ်က SME လုပ်ငန်းများအတွက် ဘဏ္ဍာငွေကူညီပံ့ပိုးပေးနိုင်ရန်အတွက် JICA က တရားဝင်ကူညီပံ့ပိုးမှုချေးငွေ ODA ချေးငွေရယူ၍ SME နှစ်ဆင့်ချေးငွေ ပထမအဆင့်ကို ချေးငွေထုတ်ပေးခဲ့ပြီးဖြစ်သည်။

စီမံကိန်းပထမအဆင့်တွင် SME လုပ်ငန်းတစ်ခုအတွက် ငွေကျပ် သန်း ၅၀၀ ကို တစ်နှစ်အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းနှင့် ငါးနှစ်သက်တမ်း ထုတ်ချေးခဲ့ပြီးဖြစ်သည်။ ဒုတိယအဆင့်အတွက်လည်း ယခုကဲ့သို့ ချေးငွေထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ချေးငွေထုတ်ယူနိုင်သည့် SMEs လုပ်ငန်းများသည် ၂၀၁၅ ခုနှစ် SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ-၂ (က)၊(ခ)တွင် ပါရှိသည့် SMEs သတ်မှတ်ချက်နှင့် ညီညွတ်သည့် လုပ်ငန်းများသာ ချေးငွေရယူနိုင်မည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ လုပ်သားအခြေပြုလုပ်ငန်း၊ လက်လီရောင်းဝယ်ရေးလုပ်ငန်း၊ လက်ကားရောင်းဝယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်သည်။

JICA SME နှစ်ဆင့် ချေးငွေစီမံကိန်းအတွက် ငွေထုတ်မချေးသည့် လုပ်ငန်းများတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူရန် အရည်အသွေးပြည့်မီမှုမရှိသော လယ်သမားများ၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၊ ဘဏ္ဍာရေးနှင့် အာမခံလုပ်ငန်း၊ အဖိုးတန် သတ္တုရောင်းဝယ်ရေးလုပ်ငန်းများ၊ အရက်ဆိုင်များနှင့် ပျော်ပွဲစားရုံလုပ်ငန်း၊ ဖျော်ဖြေမှု တင်ဆက်မှု(နိုင်ငံခြားခရီးသွားလုပ်ငန်းမပါ) လုပ်ငန်း၊ လက်နက်ခဲယမ်း ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း စသည့် လုပ်ငန်းများကို ချေးငွေထုတ်ပေးမည်မဟုတ်ကြောင်း သိရသည်။

ယခုကဲ့သို့ SME လုပ်ငန်းများကို ချေးငွေထုတ်ပေးရာတွင် ၈ ဒသမ ၅ ရာခိုင်နှုန်းအတိုးထက် လေးရာခိုင်နှုန်း ငါးရာခိုင်နှုန်းသာ အတိုးနှုန်းထားပေးဆောင်ရမည်ဆိုလျှင် ပိုပြီးအဆင်ပြေကြောင်း ကြိမ်ဝါးထုတ်လုပ်မှုလုပ်ငန်းရှင် ဦးကျော်သူက ပြောသည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းများကို ပိုပြီး ဦးစားပေးချေးငွေထုတ်ပေးရန် ၎င်းက ထပ်လောင်းပြောသည်။

JICA SME နှစ်ဆင့်ချေးငွေ စီမံကိန်း ပထမအဆင့်တွင် ချေးငွေရယူရန် ဆက်သွယ်လျှောက်ထားနိုင်သည့်ဘဏ်များမှာ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ရောဝတီဘဏ်၊ ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ် စသည့် ပြည်တွင်းမှ ပုဂ္ဂလိကဘဏ် ခြောက်ခုမှလည်း ချေးငွေထုတ်ယူနိုင်သည်။

စီမံကိန်းဒုတိယအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ပါက ငွေကြေးဆိုင်ရာ ပါဝင်ဆောင်ရွက်မှု အဖွဲ့အစည်း (PFIs) ဖြစ်သော ဘဏ်များအား အသစ်ပြန်လည်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်း

မြန်မာကုန်သွယ်မှုဝက်ဘ်ဆိုက် စတင်လွှင့်တင်

ရန်ကုန် စက်တင်ဘာ ၁၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့သည် မြန်မာပို့ကုန်လုပ်ငန်းရှင်များနှင့် ပြည်ပမှဝယ်ယူသူများအတွက် ပို့ကုန်မြှင့်တင်ရေးနှင့် ဈေးကွက်သတင်းအချက်အလက် ဖလှယ်ရန်ရည်ရွယ်၍ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်နှင့်ကွန်ရက် myantrade.org ကို တည်ဆောက်ပြီး စတင်မိတ်ဆက်ထုတ်လွှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပသည်။

မိတ်ဆက်ထုတ်လွှင့်ခြင်းအခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မူတာကပေါ က "စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ဟာ အမျိုးသားပို့ကုန်မဟာဗျူဟာ ဦးစားပေးကဏ္ဍတစ်ခု အပါအဝင်ဖြစ်တဲ့ ကုန်သွယ်မှုသတင်းအချက်အလက်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍကို မြှင့်တင်ပေးမယ့် myantrade.org ဝက်ဘ်ဆိုက်ကို တည်ဆောက်ခဲ့ကြပါတယ်။ ဒီဝက်ဘ်ဆိုက်ဟာ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်း၊ ပြည်ပ ကုန်သည်ကြီးများ၊ ကုန်သွယ်မှုလုပ်ငန်းများချိတ်ဆက်ရာမှာ များစွာအထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုလုပ်ငန်းများကို မူဝါဒကစပြီးတော့ ဈေးနှုန်းများ၊ စည်းမျဉ်းစည်းကမ်းများသိရှိနိုင်မှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

myantrade.org ဝက်ဘ်ဆိုက် ဖြစ်မြောက်ရေးအတွက် Center for the promotion of imports from developing Countries(CBI)၊ ဂျာမနီနှင့် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (GIZ)နှင့် အာဆီယံ-ဂျပန်ဗဟိုဌာန (AJC) တို့မှ နည်းပညာဒီဇိုင်းနှင့် သတင်းအချက်အလက်များကို ပံ့ပိုးခဲ့ကြောင်း၊ ဝက်ဘ်ဆိုက်တွင် ပါဝင်အသုံးပြုခြင်းဖြင့် အနာဂတ်တွင် မြန်မာပို့ကုန်လုပ်ငန်းရှင်များနှင့် ပြည်ပဝယ်ယူသူ နှစ်ဦးနှစ်ဖက်စလုံး ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများမြှင့်တင်နိုင်မည့် အခွင့်အလမ်းများ ပိုမိုလွယ်ကူလာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကုန်သွယ်မှုလုပ်ငန်းများမြှင့်တင်နိုင်ရန်အတွက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

မြင့်မောင်စိုး

ရွှေဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁၉

ရန်ကုန်(ရွှေဈေး)	၁၀၂၅၅၀၀	-	၁၀၂၅၅၀၀
မန္တလေး(ရွှေဈေး)	၁၀၂၅၅၀၀	-	၁၀၂၅၅၀၀

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၅၅၇. ၀
(ခ) ဥရောပ	တစ်ယူရို	=	၁၈၁၆. ၁
(ဂ) တရုတ်	တစ်ယွမ်	=	၂၂၆. ၉၂
(ဃ) ထိုင်း	တစ်ဘတ်	=	၄၇. ၇၉၀
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၇၅. ၆၈
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၁. ၄၁၄
(ဆ) ဂျပန်	တစ်ရာယန်း	=	၁၃၈၆. ၃
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၃၈. ၄၇
(ဈ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၁၂၄. ၄
(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၁၁၃၆. ၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

လှည်းကူးမြို့နယ်တွင် တောင်သူပညာပေး ဆွေးနွေးပွဲ ကျင်းပ

လှည်းကူး စက်တင်ဘာ ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ခုနှစ် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာ (တစ်မြို့တစ်ရွာ) တောင်သူပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက် မွန်းတည့် ၁၂ နာရီက သနပ်ပြင်ကျေးရွာအုပ်စု ကျေးရွာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးခဲ့

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်က (တစ်မြို့တစ်ရွာ)ဆောင်ရွက်ရသည့် အကြောင်းအရင်းများနှင့် မြေဆီလွှာစမ်းသပ်ပြီး ဖြည့်တင်းဆောင်ရွက်ရမည့် အစီအစဉ်များ၊ မျိုးကောင်းမျိုးသန့်ပြောင်းလဲသုံးစွဲရေးလုပ်ငန်းများ၊ ဘက်စုံသီးနှံပိုးမွှားကာကွယ်ရေးလုပ်ငန်းများနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများကို ဆွေးနွေးခဲ့ပြီး တောင်သူများ၏ တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒေသခံတောင်သူများ၊ ဝန်ထမ်းများနှင့်အတူ (တစ်မြို့တစ်ရွာ) ဆောင်ရွက်ထားသည့် မိုးစပါးစိုက်ခင်းကို ကွင်းဆင်းကြည့်ရှုပြီး တောင်သူများနှင့်အတူ အပြန်အလှန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

နိုင်လင်း(ပြန်/ဆက်)

ကြေးမုံ
ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၉၄၂၇

✪ ရွှေဖုံးမှ

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

လျှပ်စစ်ဓာတ်အားကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အားကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၉ သန်း ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တိုးတက်လိုအပ်လာမည့် လျှပ်စစ်ဓာတ်အားကို ပြည့်မီစွာဖြည့်ဆည်းပေးနိုင်ရန်အတွက် စီမံကိန်း ၁၉ ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် ချေးငွေဖြင့်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏ စီမံကိန်းတန်ဖိုး အမေရိကန် ဒေါ်လာ ၂၉၈ ဒသမ ၉ သန်းတွင် စီမံကိန်း အတိုင်ပင်ခံငှားရမ်းခ အသုံးစရိတ် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၈ သန်းပါဝင်ပြီး စီမံကိန်း၏ မမျှော်မှန်းနိုင်သည့် အသုံးစရိတ်အနေဖြင့် အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၆ သန်း ပါဝင်ပါကြောင်း။

ADB ချေးငွေဖြင့် ဆောင်ရွက်မည့် မော်လမြိုင်-ရေး-ထားဝယ် ၂၃၀ ကေဗွီဓာတ်အားလိုင်း ၁၇၇ မိုင်ကျော်နှင့် ရေးမြို့တွင် ၂၃၀/၆၆ ကေဗွီ၊ (၂ × ၅၀)အမ်ဗွီအေခွဲရုံ တစ်ရုံ၊ ထားဝယ်မြို့တွင် ၂၃၀/၆၆ ကေဗွီ၊ (၂ × ၅၀) အမ်ဗွီအေခွဲရုံ တစ်ရုံ တည်ဆောက်ခြင်းအားဖြင့် လက်ရှိကန်ဘောက် သဘာဝဓာတ်ငွေ့အင်ဂျင်စက်များနှင့် ပုဂ္ဂလိက ဒီဇယ်ဓာတ်အားပေးစက်များဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော မြို့များနှင့် ကျေးရွာများအပါအဝင် ရေးမြို့နယ်နှင့် ထားဝယ်ခရိုင်အတွင်းရှိ မြို့များ၊ ကျေးရွာပေါင်း ၄၇၀ တို့ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်မည့်အပြင် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အိမ်ထောင်စုပေါင်း လေးသိန်းကျော် ဓာတ်အားစနစ်ရရှိနိုင်မည် ဖြစ်ပါကြောင်း။

ယခုတင်ပြသည့် စီမံကိန်းကို ပြည်ပချေးငွေများနှင့်ပတ်သက်သည့် ငါးနှစ်စီမံကိန်းနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းစာရင်းတွင် ထည့်သွင်းထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် မော်လမြိုင်-ရေး-ထားဝယ် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ စာရင်းတွင်လည်း ထည့်သွင်းထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

> **မကြာမီ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စတင်မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေများကိုလည်း ခွဲဝေသတ်မှတ်ပြီး ဖြစ်ပါကြောင်း၊ ရန်ပုံငွေသုံးစွဲခွင့် အဆိုပြုချက်များကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန် နောက်ဆုံးထားပေးပို့တင်ပြကြရန် ကိုယ်စားလှယ်များကို ထပ်မံအသိပေး**

ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

ADB ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များအရ ဆိုင်းငံ့ကာလ ရှစ်နှစ်၊ ပြန်ဆပ်ကာလ ၂၄ နှစ် စုစုပေါင်း ချေးငွေသက်တမ်း ၃၂ နှစ်ဖြစ်

အလားတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ADB ၏ ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များအရ ဆိုင်းငံ့ကာလ ရှစ်နှစ်၊ ပြန်ဆပ်ကာလ ၂၄ နှစ် စုစုပေါင်း ချေးငွေသက်တမ်း ၃၂ နှစ် ဖြစ်ပါကြောင်း၊ အတိုးနှုန်းမှာ ဆိုင်းငံ့ကာလ ရှစ်နှစ်အတွင်း တစ်နှစ်လျှင် ၁ ရာခိုင်နှုန်း၊ ပြန်ဆပ်ကာလ ၂၄ နှစ်အတွင်း တစ်နှစ်လျှင် ၁ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများအရ အဖွဲ့ဝင်နိုင်ငံများသို့ ချေးငွေများထုတ်ချေးရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်း တိုင်းပြည်ဝင်ငွေနှင့် ချေးငွေပေးဆပ်နိုင်စွမ်း အဆင့်တို့အပေါ် အကဲဖြတ်၍ Group A,B,C သုံးမျိုးခွဲခြားထားပါကြောင်း။

မြန်မာနိုင်ငံသည် Group A တွင် ပါဝင်သဖြင့် သက်သာသောချေးငွေကို ယနေ့အထိ ရရှိနေခြင်းဖြစ်ပါကြောင်းနှင့် အတိုးနှုန်းမှာ ADB ချေးငွေများအနက် အသက်သာဆုံးဖြစ်ပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ချေးငွေစာချုပ်ချုပ်ဆိုရန် ညှိနှိုင်းခြင်း၊ ချေးငွေစာချုပ်လက်မှတ်ရေးထိုးခြင်း၊ စာချုပ်အသက်ဝင်ရန် ဆောင်ရွက်ခြင်း၊ ချေးငွေထုတ်ယူရရှိစေရန် ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောလျင်စွာ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်မှု အခြေအနေကိုလည်း စောင့်ကြည့်ကြပ်မတ် သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်းဆုံးဖြတ်သည်။

ယင်းနောက် ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အပေါ် အခြေခံပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုတင်သွင်းရာ လွှတ်တော်ကအတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးကာလဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းရာတွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို ၂၃ ရက် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ယခု အစည်းအဝေးကာလသည် လာမည့်အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်မည့် ၂၀၁၈- ၂၀၁၉ ခု ဘဏ္ဍာရေးနှစ်သစ်အတွက် အရေးကြီးသည့်ကာလဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများအတွက် နှစ်စဉ်မဖြစ်မနေဆောင်ရွက်ရမည့် အမျိုးသားစီမံကိန်းဥပဒေ၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့ကို ဆွေးနွေးအတည်ပြုပေးနိုင်ခဲ့ပါကြောင်း။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် အခွန်အယူခံခုံအဖွဲ့ဥပဒေအပါအဝင် ဥပဒေငါးခုကို ထုတ်ပြန်ကြေညာ

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ပြုန်းတီးမှု မရှိစေရေး၊ ခိုင်မာသည့်ရင်းနှီးမြှုပ်နှံမှုများ ဖြစ်စေရေးနှင့် နိုင်ငံတော်အတွက် အခွန်ရရှိရေးသာမက အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်တာဝန်ကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ထမ်းဆောင်နိုင်စေရေးတို့အတွက် အကြိမ်ကြိမ် ဝိုင်းဝန်းဆွေးနွေးသုံးသပ်ပြီး စိစစ်ဆောင်ရွက်ပေးခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် အခွန်အယူခံခုံအဖွဲ့ဥပဒေအပါအဝင် စုစုပေါင်း ဥပဒေ ၅ ခုကို ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း အပါအဝင် ဥပဒေကြမ်း သုံးခုကိုလည်း နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ရန်အတွက် ပေးပို့ထားပါကြောင်း၊ ထို့ပြင် ယနေ့လွှတ်တော်တွင် အတည်ပြုလိုက်သည့် ဥပဒေကြမ်းနှစ်ခုကိုလည်း နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန် ဆက်လက်ပေးပို့သွားမည်ဖြစ်ပါကြောင်း။

နဝမပုံမှန် အစည်းအဝေးကာလအတွင်းတွင် နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးလိုသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအတွက် လွှတ်တော်၏သဘောတူညီချက်ရယူပေးခဲ့ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးက လက်မှတ်ရေးထိုးရရှိလာသည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)ကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများသို့ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှစ်ခုတို့ကို ဆွေးနွေးအတည်ပြုခြင်းနှင့် အရေးပေါ်ရန်ပုံငွေခွဲဝေသုံးစွဲခြင်းဆိုင်ရာ ကိစ္စရပ်နှစ်ခု မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ အစီရင်ခံစာအပါအဝင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်သို့ တင်ပြလာသည့် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ သုံးခုကို ဆွေးနွေးမှတ်တမ်းတင်ခြင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် စိုက်ပျိုးစီးပွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံတကာ အဖွဲ့အစည်းများထံမှ ချေးငွေရယူရေးကိစ္စရပ် ငါးခုကို ဆွေးနွေးအတည်ပြုခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မကြာမီ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စတင်မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေများကိုလည်း ခွဲဝေသတ်မှတ်ပြီး ဖြစ်ပါကြောင်း၊ ရန်ပုံငွေသုံးစွဲခွင့် အဆိုပြုချက်များကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန် နောက်ဆုံးထားပေးပို့တင်ပြကြရန် ကိုယ်စားလှယ်များကို ထပ်မံအသိပေး မှာကြားလိုပါကြောင်း။

မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေး အဖွဲ့များအနေဖြင့် မြို့နယ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများ တင်ပြကြရာတွင်လည်း ယခင်အတွေ့အကြုံများအပေါ် အခြေခံပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ရေး၊ နယ်မြေဒေသအတွက်လိုအပ်သည့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဖြစ်စေရေးတို့အတွက် မှန်မှန်ကန်ကန် စိစစ်ကြရန်ဖြစ်ပါကြောင်း၊ ယခင်က ဆောင်ရွက်ပြီးခဲ့သည့် လုပ်ငန်းများ၊ ယခုဆောင်ရွက်မည့်လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်စေရန်အတွက် လုပ်ငန်းလွှဲပြောင်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့အတွက်လည်း သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ရှိသူအားလုံးက ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

လွှတ်တော်အစည်းအဝေးများ ခေတ္တရပ်နားစဉ်ကာလတွင်လည်း မိမိတို့၏ မဲဆန္ဒနယ်မြေအလိုက် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ကြပါစေကြောင်း ပြောကြားပြီး အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

မျိုးမြင့်၊ အောင်ရဲသွင်(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအတွင်း ထီဆိုင်ကြီးများမှ နှစ်စဉ်ပျမ်းမျှ ငွေကျပ်သိန်း ၃၀၀ ကျော်ခန့် ဝင်ငွေခွန် ကောက်ခံရရှိထားဟုဆို

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီးအတွင်းမြို့နယ်များရှိ ထီလက်မှတ်များ လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချသည့် ထီဆိုင်ကြီးများမှ နှစ်စဉ်ပျမ်းမျှ ငွေကျပ် သိန်း ၃၀၀ ကျော်ခန့် ဝင်ငွေခွန်ကောက်ခံရရှိထားသည်ဟု ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောကြားသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်း မေးမြန်းသည့် မေးခွန်းများအနက် "ရန်ကုန်တိုင်းဒေသကြီးတွင်ရှိသည့် အဓိက အောင်ဘာလေသိန်းထီလက်မှတ် လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချသည့် ဆိုင်ကြီးများထံမှ အမြတ်ခွန်အပါအဝင် အခွန်ငွေများ မည်သို့စည်းကြပ်ကောက်ခံနေကြောင်းနှင့် အဆိုပါ ဆိုင်ကြီးများထံမှ နှစ်စဉ်အခွန်ငွေ မည်မျှရရှိကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ယခုကဲ့သို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှာ ထီလက်မှတ် လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချတဲ့ ထီဆိုင်ကြီးများမှ ထီရောင်းချသူတွေကို ဝင်ငွေခွန်စည်းကြပ်ကောက်ခံလျက်ရှိပါတယ်၊ အဆိုပါ ထီဆိုင်ကြီးများထံမှ နှစ်စဉ်ပျမ်းမျှ ငွေကျပ် သိန်း ၃၀၀ ကျော်ခန့် ဝင်ငွေခွန်ကောက်ခံရရှိထားပြီးဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ပြောသည်။

ထို့ပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၃၂ ဒသမ ၉ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၃၅ ဒသမ ၄၄ သန်း၊ ၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၃ ဒသမ ၂၃ သန်း ကောက်ခံရရှိကြောင်း၊ ယခု အချိန်ထိ ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှ အခွန်ထမ်းဆောင်ရွက်နေသော အောင်ဘာလေသိန်းဆု ထီရောင်းရသောဆိုင်များမှ ကောက်ခံရရှိငွေ စုစုပေါင်း ငွေကျပ် ၂၅၉ ဒသမ ၇၀၈ သန်းခန့် ရရှိပြီးဖြစ်သည်ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

အောင်ဘာလေသိန်းဆုဌာနခွဲမှ လစဉ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် အောင်ဘာလေထီစာအုပ် ဝယ်ယူခွင့်ရရှိသူများသည် ၎င်းတို့ လျှောက်ထားတင်ပြခဲ့သည့် အခွန်ဦးစီးဌာနရုံးများအသီးသီးတွင် ဝယ်ယူခွင့်ရရှိသည့် အရေအတွက်ပေါ်၌ ထီစာအုပ်တစ်အုပ်လျှင် ငွေကျပ် ၁၀၀ ဖြင့် သုံးလစာ အာမခံငွေ(Deposit) ပေးသွင်းပြီး သဘောတူစာချုပ်ချုပ်ဆိုကာ လစဉ်ဝယ်ယူရပါကြောင်း၊ အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် ငွေကျပ် ၅၀၀ တန် ၁၁ စောင်ပါ ထီစာအုပ်တစ်အုပ်ကို ငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် လစဉ် လူဦးရေ ၄၀၀၀ ခန့်အား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် အောင်ဘာလေသိန်းဆုဌာနခွဲမှ မြန်မာနိုင်ငံအနှံ့အပြားသို့ ထီစာအုပ်များ ဖြန့်ဖြူးရာတွင် ရန်ကုန်တိုင်းဒေသကြီးသို့ လစဉ် အုပ်ရေ လေးသောင်းခန့် ရောင်းချဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

သီသီမင်း

ပညာရေးဘတ်ဂျက်အနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျပ် ၂၁၇၅ ဘီလီယံ သုံးစွဲသွားမည်
ကျန်းမာရေးဘတ်ဂျက်အနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျပ် ၁၁၃၁ ဘီလီယံ သုံးစွဲသွားမည်

☆ ကျောဖုံးမှ

ဒါ့အပြင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကနေ ဒီမိုကရေစီရင့်သန်ခိုင်မာတဲ့အဆင့်ကို ရောက်ရှိအောင် ကြိုးပမ်းနေရဆဲလည်းဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကြီး သုံးရပ်လုံးဟာ တစ်ခုပြီးမှတစ်ခုဆိုတာမျိုး ချန်လှပ်ထားလို့မရဘဲ တစ်ခုနဲ့တစ်ခုဆက်စပ်ပြီး ကြိုးပမ်းဆောင်ရွက်နေရတာဖြစ်ကြောင်း အလေးအနက်ထားတင်ပြလိုပါတယ်။

နာယကကြီးနဲ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

အေးချမ်းတည်ငြိမ်ပြီး ခိုင်မာတောင့်တင်းတဲ့ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ နိုင်ငံတော်ရဲ့ယန္တရားနဲ့ အဖွဲ့အစည်းတွေ ခိုင်မာတောင့်တင်းအားကောင်းအောင် ကြိုးပမ်းဆောင်ရွက်ရတာတွေ ပါဝင်နေပါတယ်။

အဓိကအားဖြင့် တရားဥပဒေစိုးမိုးမှုရှိအောင်၊ ပြည်သူတွေရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဘေးကင်းလုံခြုံအောင်၊ အခွန်အကောက် ကောက်ခံမှုတွေမျှတအောင်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေးစတဲ့ အခြေခံအကျဆုံးပြည်သူ့ရေးရာဝန်ဆောင်မှုတွေ ဖြည့်ဆည်းပေးနိုင်အောင်၊ သယ်ယူပို့ဆောင်ရေးနဲ့ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေ တိုးတက်ကောင်းမွန်အောင်၊ အစိုးရအုပ်ချုပ်ရေးယန္တရားတွေနဲ့ ဈေးကွက်ယန္တရားတွေစနစ်တကျခိုင်ခိုင်မာမာဖြစ်အောင် ပြန်လည်ပြုပြင်တည်ဆောက်နေခြင်းတွေဟာ ခိုင်မာအားကောင်းတဲ့ နိုင်ငံတော်တည်ဆောက်ခြင်းပဲ ဖြစ်ပါတယ်။

ဒီလိုကြိုးပမ်းဆောင်ရွက်ရာမှာ နိုင်ငံသူ နိုင်ငံသားတွေအားလုံး ကျရာကဏ္ဍ၊ တတ်စွမ်းရာနေရာတွေကနေ ပါဝင်နိုင်မယ့် အခင်းအကျင်းတွေကို ဖန်တီးလမ်းဖွင့်ပေးထားသလို နိုင်ငံသူ နိုင်ငံသားတိုင်းကလည်း တစ်ထောင့်တစ်နေရာကနေ အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ ပူးပေါင်းပါဝင်ကြရန် အထူးလိုအပ်ပါတယ်။

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေထဲမှာ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေထဲမှာ၊ နိုင်ငံတော်ရဲ့မူဝါဒချမှတ်မှုလုပ်ငန်းစဉ်တွေထဲမှာ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအစည်းအဝေးတွေမှာ ပြည်သူလူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းတွေ၊ ပြည်သူတွေဟာ အစိုးရနဲ့အတူ ပူးပေါင်းဆောင်ရွက်အကျိုးပြုနေကြပြီဆိုတာကို အထင်အရှားတွေ့မြင်နေကြရတာပဲဖြစ်ပါတယ်။

နာယကကြီးနဲ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံသားအားလုံးက အမြတ်တနိုးတန်ဖိုးထားကြရတဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို ပြီးမြောက်အောင်ဆောင်ရွက်နေပါတယ်။ တစ်ဖက်မှာလည်း တည်ငြိမ်ခိုင်မာအောင်မြင်တဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုတဲ့ စိန်ခေါ်မှုကြီးကို ကျော်လွှားရန်ရှိနေပါသေးတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုဆွေးနွေးညှိနှိုင်းပြီး ကျွန်တော်တို့အစိုးရမျှော်မှန်းထားတဲ့အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ပြင်ဆင်နိုင်မှသာလျှင် အသွင်ကူးပြောင်းရေးကို အာမခံနိုင်မှာဖြစ်ပါတယ်။ အလားတူ တိုင်းရင်းသားလူမျိုးစုတွေအကြားမှာလည်း လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ အပြန်အလှန်လေးစားမှုတို့ကို တည်ဆောက်နိုင်မှသာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

အကောင်အထည်ဖော်

ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဓိကမူဝါဒတစ်ရပ်အနေနဲ့ ချမှတ်ဆောင်ရွက်ခဲ့တာပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဗဟိုပြုပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရယူနိုင်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို တည်တည်ငြိမ်ငြိမ် ခိုင်ခိုင်မာမာ အောင်အောင်မြင်မြင်နဲ့ ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရက လက်ရှိကြိုးပမ်းနေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ အဓိကရည်မှန်းချက်ပန်းတိုင်က အနာဂတ်ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးသဘောတူညီချက်တွေရရှိဖို့၊ ပြီးတော့ ပြည်ထောင်စုသဘောတူစာချုပ် ခိုင်ခိုင်မာမာချုပ်ဆိုပြီး အစဉ်အဆက် ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့ပဲဖြစ်ပါတယ်။ ဒီလိုကြိုးပမ်းရာမှာ နိုင်ငံရေးဆွေးနွေးပွဲတွေကနေတစ်ဆင့် ဘုံသဘောတူလက်ခံတဲ့အခြေခံမူတွေ ထွက်ပေါ်လာအောင် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

လက်ရှိကြိုးပမ်းဖော်ဆောင်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ဖို့ တပ်မတော်ရဲ့အခန်းကဏ္ဍကလည်း အရေးပါပါတယ်။ အားလုံးဟန်ချက်ညီတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခု ခိုင်ခိုင်မာမာဖြစ်လာအောင် ကြိုးပမ်းရာမှာ စိန်ခေါ်မှုတွေ အများကြီးကိုကျော်ဖြတ်ရပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ မျှော်မှန်းထားတဲ့ ဒီမိုကရေစီစံနှုန်းတွေကို ရောက်အောင်သွားဖို့၊ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့အတွက် အချိန်အပိုင်းအခြားနဲ့ အဆင့်လိုက်ရွေ့ဆက်ရမှာဖြစ်ပါတယ်။ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေရှိနေပေမယ့်လည်း ဘုံရည်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်ကတော့ ပျောက်ပျက်သွားလို့မရပါဘူး။

နိုင်ငံရေးသဘောတူညီချက်တွေ ထွက်ပေါ်လာနိုင်ဖို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအစည်းအဝေး သုံးကြိမ်ကျင်းပနိုင်ခဲ့ပါတယ်။ အခုဆိုရင် နိုင်ငံရေးသဘောတူညီချက်ပေါင်း ၅၁ ချက်အထိရရှိခဲ့ပါပြီ။ တိုင်းရင်းသားတွေ အစဉ်တစိုက်တောင်းဆိုခဲ့ကြတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်ပြည်ထောင်စုကိုဦးတည်ပြီး ခိုင်ခိုင်မာမာ အကောင်အထည်ဖော်သွားမယ်ဆိုတာကိုလည်း နိုင်ငံတော်အစိုးရက အကြိမ်ကြိမ်ပြောခဲ့ပြီးဖြစ်ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ ဒုတိယအစည်းအဝေးမှာ ခွဲမထွက်ရေးဆိုတဲ့အချက်နဲ့ တိုက်ရိုက်ဆက်စပ်နေတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ပြည်နယ်တွေရဲ့ ကိုယ်ပိုင်အခြေခံဥပဒေရေးဆွဲရေးစတဲ့ ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး သဘောတူထားပြီးမှ ချန်လှပ်ခဲ့ရတာဖြစ်ပါတယ်။ ခွဲမထွက်ရေးက အရေးကြီးသလို ခွဲမထွက်ချင်တဲ့၊ ခွဲထွက်စရာမလိုတဲ့ ပြည်ထောင်စုကြီးဖြစ်လာအောင် အားလုံးလက်တွဲပူးပေါင်းပြီး အကောင်အထည်ဖော်ဖို့ကလည်း အင်မတန်အရေးကြီးပါတယ်။

နာယကကြီးနဲ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ဆောင်ရွက်နေချိန်မှာပဲ စိန်ခေါ်မှုတွေကလည်း ရှိနေဆဲဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အရေးကိစ္စဟာ အစိုးရအဆက်ဆက် ဖြေရှင်းနိုင်ဖို့ ကြိုးပမ်းခဲ့ပေမယ့်လည်း လွန်ခဲ့တဲ့နှစ်ပေါင်း (၇၀)ကျော်ကတည်းက မီးခဲပြာဖုံးအဖြစ်နဲ့ တငွေ့ငွေ့လောင်မြိုက်နေခဲ့တာဖြစ်ပါတယ်။ ဒီမီးကြွင်းမီးကျန်ကို မငြိမ်းသတ်မဖြေရှင်းနိုင်ခဲ့တာကြောင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလမှာ မီးထတောက်တဲ့အခါ ကျွန်တော်တို့အစိုးရအနေနဲ့ ဖြေရှင်းနေရတာဖြစ်ပါတယ်။

၂၀၁၆ ခုနှစ် အောက်တိုဘာလမှာတော့ ARSA အကြမ်းဖက်အဖွဲ့အစည်းကတိုက်ခိုက်မှုတွေ စတင်ခဲ့ရာက မတည်မငြိမ်မှုတွေ ဆက်တိုက်ဖြစ်ပွားခဲ့ရပါတယ်။ ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းမှာ ရဲစခန်းပေါင်း ၃၀ နဲ့ တပ်မတော်တပ်ရင်းဌာနချုပ်တစ်ခုတို့ကို အကြမ်းဖက်စီးနင်းတိုက်ခိုက်ပြီးတော့ ပြဿနာမီးတွေ ထပ်မံတောက်လောင်ခဲ့ရပါတယ်။

ဖြေရှင်းဆောင်ရွက်နိုင်စွမ်းရှိ

ဒီပဋိပက္ခနဲ့ဆက်စပ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို လူပေါင်းများစွာထွက်ခွာသွားခဲ့ကြတဲ့ အကျိုးဆက်အနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းအလယ်မှာ ပြစ်တင်ဝေဖန်ပြောကြားမှုတွေ အပြင်းအထန်ထွက်ပေါ်လာခဲ့ရပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြား ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က လက်မှတ်ရေးထိုးထားတဲ့သဘောတူညီချက်နဲ့အညီ နေရပ်စွန့်ခွာသွားသူများကို စိစစ်လက်ခံပြီး ပြန်လည်နေရာချထားဖို့၊ ပြန်လည်ထူထောင်ပေးဖို့ စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

မကြာသေးခင်ကပဲ နိုင်ငံတကာက ယုံကြည်လေးစားရသူ ပြည်ပနိုင်ငံသားနှစ်ဦးနဲ့ ပြည်တွင်းပညာရှင်နှစ်ဦးပါဝင်တဲ့ သီးခြားလွတ်လပ်တဲ့စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဥပဒေနှင့်အညီ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒီစုံစမ်းစစ်ဆေးရေးကော်မရှင်အနေနဲ့ အကြမ်းဖက်တိုက်ခိုက်မှုများနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဘက်လိုက်မှုမရှိ စုံစမ်းစစ်ဆေးဖော်ထုတ်သွားရန် ဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေ၊ လုံခြုံရေးအဖွဲ့အစည်းတွေကလည်း ကော်မရှင်နဲ့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပေးမယ်ဆိုပြီး ထုတ်ဖော်ပြောကြားထားပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ မိမိရဲ့အချုပ်အခြာအာဏာကို ကျင့်သုံးပြီး မိမိပြည်တွင်းရေးကိစ္စကို မိမိတို့ဘာသာ ဖြေရှင်းဆောင်ရွက်နိုင်စွမ်းရှိတယ်၊ ဒီလိုဖြေရှင်းဆောင်ရွက်နိုင်ဖို့လည်း စိတ်ပိုင်းဖြတ်ချက် (Able and Willing) အခိုင်အမာရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတစ်နိုင်ငံချင်းရဲ့ အချုပ်အခြာအာဏာပိုင်မှုနဲ့ ဂုဏ်သိက္ခာကို အလေးထားသည့်နည်းတူ နိုင်ငံတကာဆက်ဆံရေးကောင်းမွန်စေမယ့်၊ ကမ္ဘာ့တစ်ဝန်းတည်ငြိမ်အေးချမ်းမှုကိုအားပေးမယ့် ခင်မင်ရင်းနှီးမှုများပွားများစေဖို့ အစဉ်တစိုက် ကြိုးပမ်းအားထုတ်သွားမှာဖြစ်ပါတယ်။ နိုင်ငံတကာဥပဒေတွေ၊ သဘောတူညီချက်တွေကို အားလုံးကစောင့်ထိန်းလိုက်နာဖို့လိုအပ်ပါတယ်။

ရခိုင်ပြည်နယ်အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းရာမှာ မတူကွဲပြားမှုတွေအကြားမှာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရေးကို ဦးတည်ချက်ထားပြီး အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီပဋိပက္ခတွေ၊ တင်းမာမှုတွေဖြစ်ပွားခဲ့စဉ်က ရှိခဲ့ကြတဲ့ ရှုမြင်ချက်အဟောင်း၊ အယူအဆအဟောင်းတွေနဲ့တော့ ဖြေရှင်းနိုင်မှာမဟုတ်ပါဘူး။

ဒီကနေ့(၂၁)ရာစုကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုဖြစ်စဉ် Globalization နဲ့လိုက်လျောညီထွေဖြစ်မယ့် ချဉ်းကပ်မှုအသစ်၊ ရှုမြင်ချက်အသစ်၊ ဒေသအမြင်၊ ကမ္ဘာ့အမြင်တွေနဲ့ လိမ္မာပါးနပ်စွာ ဖြေရှင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ တရားမျှတမှုမရှိတဲ့စိန်ခေါ်မှုများ၊ တစ်ဖက်သတ်ဖိအားပေးစိန်ခေါ်မှုများကို ပြည်သူ့ရဲ့ ညီညွတ်မှုအင်အားနဲ့ စုပေါင်းရင်ဆိုင်ကျော်လွှားသွားမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အရေးကိစ္စဟာ အလွန်သိမ်မွေ့နက်နဲလှပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ရှေ့ရေးကို မျှော်မှန်းပြီး လုပ်သင့်လုပ်ထိုက်တာတွေကို ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်နေရတဲ့အချိန်မှာ နားလည်မှု၊ ယုံကြည်မှုအပြည့်အဝနဲ့ ထောက်ခံအားပေးလျက်ရှိတဲ့ ပြည်သူများအားလုံးကို ကျေးဇူးအထူးပင်တင်ရှိကြောင်း အလေးအနက်ထား ပြောကြားလိုပါတယ်။

မျိုးဆက်သစ်တွေမွေးထုတ်

နိုင်ငံတော်အစိုးရ ကြိုးပမ်းဆောင်ရွက်နေတဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ ဒီမိုကရေစီတန်ဖိုးအရ၊ လူ့အခွင့်အရေးစံနှုန်းအရ လိုက်လျောညီထွေမဖြစ်တော့တဲ့ ဥပဒေများအားပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတွေကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်အစိုးရ ရည်မှန်းထားတဲ့တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ရာမှာ ဥပဒေ၊ နည်းဥပဒေနဲ့ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းတွေ၊ တရားရေးဆိုင်ရာအဖွဲ့အစည်းတွေ၊ လုံခြုံရေးအဖွဲ့အစည်းတွေ၊ တရားရေးဝန်ထမ်းတွေနဲ့ လုံခြုံရေးဝန်ထမ်းတွေ၊ အုပ်ချုပ်ရေးယန္တရားတွေကို ပြုပြင်ပြောင်းလဲအရည်အချင်းမြှင့်တင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

လူငယ်တွေရဲ့ တွေးခေါ်မြော်မြင်မှုတွေ မြင့်မားလာအောင် စာကြည့်တိုက်ယဉ်ကျေးမှု၊ သုတေသနယဉ်ကျေးမှုတွေ ထွန်းကားလာရေးကို ဆောင်ရွက်ပေးပြီး ကျန်းမာကြံ့ခိုင်တဲ့၊ ပညာရည်မြင့်မားတဲ့ မျိုးဆက်သစ်တွေမွေးထုတ်နိုင်အောင် အလေးပေးဆောင်ရွက်နေပါတယ်။

မျိုးဆက်သစ်တွေအတွက် ပညာသင်ယူမှု အခွင့်အလမ်းမြင့်မားရေး၊ ကျောင်းနေနှုန်းမြင့်မားရေးနဲ့ ကျောင်းထွက်နှုန်း လျော့နည်းကျဆင်းရေးအတွက် စာသင်ကျောင်းပေါင်း ၆၃၈၆ ကျောင်းကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပါတယ်။ မူလတန်းပြဆရာ ဆရာမ ၁၀၇၃၂ ဦး၊ အလယ်တန်းပြဆရာ ဆရာမ ၃၈၃ ဦးနဲ့ အထက်တန်းပြဆရာ ဆရာမ ၁၂၂ ဦး အသစ်ထပ်မံခန့်ထားပေးခဲ့သလို စာသင်ကျောင်း ၄၅၈၅ ဆောင်၊ ဝန်ထမ်းအိမ်ရာ ၂၁၄ ခု စုစုပေါင်းပညာရေးအဆောက်အအုံ ၄၇၉၉ တိုးချဲ့ဆောက်လုပ်ဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။

အစိုးရကျောင်းနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေမှာ ကျောင်းသုံးဖတ်စာအုပ်၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံတွေကို အခမဲ့ဖြန့်ဝေပေးလျက်ရှိပါတယ်။ မူကြိုနှင့်မူလတန်းသင်ရိုးတွေပြောင်းလဲခဲ့ပြီး ကျောင်းပြင်ပ ပညာရေးအနေနဲ့လည်း မြို့နယ်ပေါင်း ၈၁ မြို့နယ်မှာ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အလုပ်အကိုင်အခွင့်အလမ်းတွေ ခိုင်မာအောင်ရရှိစေနိုင်မယ့် နည်းပညာ၊ အသက်မွေးပညာနဲ့ လေ့ကျင့်ရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာမှာ အင်းစိန်၊ ပြင်ဦးလွင်နဲ့ ကျိုက်လတ်မှာ အစိုးရစက်မှုလက်မှုသိပ္ပံ၊ ကော့သောင်းမှာ အစိုးရနည်းပညာအထက်တန်းကျောင်း၊ စက်မှုနည်းပညာလေ့ကျင့်ရေးသင်တန်းကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။ စင်ကာပူ-မြန်မာသက်မွေးပညာကျောင်း Singapore- Myanmar Vocational Training Institute (SMVTI)အပြင် ညောင်ရွှေသက်မွေးပညာသင်ကျောင်း Nyaung Shwe Vocational Training Institute(NVTI)နဲ့ နေပြည်တော်အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုသင်တန်းကျောင်းတွေကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။

အလားတူ ၂၀၂၁ မတိုင်မီ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ သက်မွေးပညာသင်တန်းကျောင်းစုစုပေါင်း ၃၆ ကျောင်း၊ ဆရာ ဆရာမ ၂၉၃၃ ဦး တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နှစ်နှစ်သင်ပညာရေးကောလိပ်တွေကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်ကစတင်ပြီး လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။

ပညာရေးဘတ်ဂျက်အနေနဲ့ ယခင်ကာလများထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ကျပ် ၁၇၂၆ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ကျပ် ၁၇၅၆ ဘီလီယံတို့ကို နှစ်အလိုက် တိုးမြှင့်သုံးစွဲခဲ့သလို ယခုလာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာလည်း ယခင်နှစ်များကထက် ထပ်မံတိုးမြှင့်ပြီး ကျပ် ၂၁၇၅ ဘီလီယံ သုံးစွဲသွားမှာဖြစ်ပါတယ်။

ကျန်းမာရေးဘတ်ဂျက်အနေနဲ့လည်း ယခင်ကာလများထက်၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ကျပ် ၈၈၁ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ကျပ် ၁၀၇၆ ဘီလီယံတို့ကို နှစ်အလိုက် တိုးမြှင့်သုံးစွဲခဲ့သလို ယခုလာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာလည်း ထပ်မံတိုးမြှင့်ပြီး ကျပ် ၁၁၃၁ ဘီလီယံ သုံးစွဲသွားမှာဖြစ်ပါတယ်။

အစိုးရသစ်လက်ထက်မှာ ကျန်းမာရေးဘတ်ဂျက် တိုးမြှင့်သုံးစွဲခဲ့သလို ကျန်းမာရေးစောင့်ရှောက်မှုတွေမှာလည်း ချဲ့ထွင်တိုးမြှင့်ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ပေးခဲ့ရာမှာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၁၁ ခု၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း ၁၈ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၀ နဲ့ တိုင်းရင်းဆေးရုံ ၁၆ ခုကို အသစ်တည်ဆောက်ပေးခဲ့ပြီး ဆေးရုံခုနစ်ရုံကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ဆရာဝန်၊ သူနာပြု၊ သားဖွား၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ၊ ကျန်းမာရေးမှူး စုစုပေါင်းကျန်းမာရေးဝန်ထမ်း ၂၂၄၂၀ ဦး အသစ်ခန့်ထားခဲ့ပါတယ်။

ထိထိရောက်ရောက်ကုသနိုင်

ကျန်းမာရေးဝန်ထမ်းတွေအတွက် ဝန်ထမ်းအိမ်ရာအခန်းပေါင်း ၃၆၄၄ ခန်း ပြီးစီးအောင်လည်း တည်ဆောက်ပေးခဲ့ပါတယ်။ ပြည်သူလူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းတွေကို ကျေးရွာတွေမှာ ဖွင့်လှစ်ပေးပြီး ဆီးချို၊ သွေးတိုးရောဂါတွေ စောစီးစွာတွေ့ရှိပြီး ထိထိရောက်ရောက် ကုသနိုင်အောင်လည်း ဆောင်ရွက်နေပါတယ်။

ငှက်ဖျားရောဂါကင်းစင်ရေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိသလို ဆေးယဉ်ပါးတီဘီရောဂါလူနာ ၆၄၀၆၊ HIV ပိုးရှိလူနာ ၁၅၆၃၇၂ ဦးကို ကုသပေးလျက်ရှိပါတယ်။ ပြည်သူတွေရဲ့ ကျန်းမာရေးအသိပညာ ရေချိန်မြင့်မားလာဖို့၊ ကျေးလက်ကျန်းမာရေးကဏ္ဍမှာ တာဝန်ထမ်းဆောင်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ဖို့ e-Education, e-Consultation, e-Medicine လုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် Mobile Tablet တွေနဲ့ အားဖြည့်ပေးဖို့ဆောင်ရွက်နေပြီဖြစ်ပါတယ်။

သွားလာရေးခက်ခဲတဲ့ ဝေးလံခေါင်ဖျားအရပ်ဒေသများမှ ကျောင်းသားကျောင်းသူတွေ ဆေးတက္ကသိုလ်တွေမှာ သင်ကြားနိုင်ဖို့အတွက် ယခင် သုံးရာခိုင်နှုန်းမှ ယခုခြောက်ရာခိုင်နှုန်းအထိ တိုးမြှင့်လက်ခံပေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ၅၉ ဦး၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ၈၁ ဦး တက်ရောက်ခွင့်ရရှိလာခဲ့ပါတယ်။ ဆေးဘက်ဆိုင်ရာ ဘွဲ့လွန်သင်တန်း ၁၀ မျိုး တိုးချဲ့ဖွင့်လှစ်ခဲ့တဲ့အတွက် လက်ရှိအချိန်မှာ ဘွဲ့လွန်သင်တန်းပေါင်း ၁၂၆ ခု ဖွင့်လှစ်သင်ကြားနေပြီဖြစ်ပါတယ်။

ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်အနေနဲ့ ဆရာဝန် ၃၉၅၂ ဦး၊ သွားဆရာဝန် ၄၉၂ ဦး၊ ဆေးဘက်ဆိုင်ရာပညာရှင် ၁၁၂၀ ဦး၊ သူနာပြု ၄၁၄၃ ဦး၊ သားဖွားဆရာမ ၂၅၅၀၊ အမျိုးသမီးကျန်းမာရေးဆရာမ ၂၉၉ ဦး၊ ဘွဲ့လွန်ဒီပလိုမာ ၅၂၉ ဦး၊ မဟာသိပ္ပံဘွဲ့ရ ၁၅၈၁ ဦးနဲ့ ပါရဂူဘွဲ့ရ ၂၂၀ တို့ မွေးထုတ်နိုင်ခဲ့ပါတယ်။ အစိုးရသစ်သက်တမ်းကာလအတွင်း ကျန်းမာရေးသုတေသနလုပ်ငန်းတွေအတွက် ရန်ပုံငွေတိုးမြှင့်ချထားပေးခဲ့တာကြောင့် သုတေသနစီမံချက်များလည်း တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အနာဂတ်မျိုးဆက်သစ်တွေ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားရေးအတွက် အခုလိုပညာရေးနဲ့ ကျန်းမာရေးဘတ်ဂျက်တွေကို သိသာထင်ရှားစွာ တိုးမြှင့်သုံးစွဲနိုင်အောင် ဆောင်ရွက်ပေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း အခါအခွင့်သင့်တုန်းပြောကြားလိုပါတယ်။ နိုင်ငံတော်ဘဏ္ဍာငွေကိုလည်း လေလွင့်ဆုံးရှုံးမှုမရှိစေရန် နိုင်ငံတော်က ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။

နာယကကြီးနဲ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ခိုင်မာတောင့်တင်းတဲ့နိုင်ငံတော်ကို တည်ဆောက်ရာမှာ အခြေခံအဆောက်အအုံတွေ ပြည့်စုံကောင်းမွန်နေဖို့ဟာ အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○

နှစ်နှစ်ခွဲကာလအတွင်း လျှပ်စစ်ဓာတ်အား ၅၅၆ မဂ္ဂါဝပ်တိုးတက်ထုတ်လုပ်ပေးနိုင်ခဲ့

❍ စာမျက်နှာ ၄ မှ

တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ နှစ်နှစ်ကျော်ကာလအတွင်း ပေ ၁၈၀ နှင့်အထက် တံတား ၆၇ စင်းတည်ဆောက်ခဲ့ပြီး ပေ ၁၈၀ နှင့် ပေ ၅၀ အကြား တံတား ၂၁၈ စင်း စုစုပေါင်း ၂၈၅ စင်း တည်ဆောက်နိုင်ခဲ့ပါတယ်။ သရက်-အောင်လံ ဧရာဝတီမြစ်ကူးတံတားကြီးကို လာမယ့်သုံးနှစ်တာကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားဖို့ရှိပါတယ်။ ဒါ့အပြင် တစ်နိုင်ငံလုံးရှိ ပြည်သူတွေ ဒေသအလိုက် လိုအပ်နေတဲ့တံတားအစင်းပေါင်း ၄၀၀ ကျော် ပြီးစီးအောင် တည်ဆောက်သွားဖို့ စီစဉ်ထားပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းများအပြင် ADB၊ World Bank၊ JICA၊ဂျာမနီနိုင်ငံ KfW စတဲ့ ပြည်ပအဖွဲ့အစည်းများရဲ့ အကူအညီများဖြင့်လည်း ဆောင်ရွက်ခဲ့ရာမှာ ပြည်ထောင်စုလမ်းမကြီး ၁၄၄ လမ်းတွင် ကွန်ကရစ်လမ်း ၃၃၃ မိုင်၊ ကတ္တရာလမ်း ၃၅၈ မိုင်၊ နိုင်လွန်ကတ္တရာလမ်း ၁၀၃၀ မိုင်တို့ကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ကျေးလက်နေပြည်သူများ သွား၊ လာမှုလွယ်ကူစေရေးအတွက် ကျေးလက်လမ်း ၂၉၁၆ မိုင်နှင့် တံတား ၁၉၄၀ စင်းတို့ကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၃၀ခုနှစ်မှာ နိုင်ငံအတွင်းရှိကျေးရွာအားလုံးရဲ့ ၈၀ ရာခိုင်နှုန်း၊ ကျေးလက်ဒေသနေပြည်သူအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းအတွက် ရာသီမရွေးသွားလာနိုင်တဲ့ကျေးလက်လမ်းတွေရရှိလာအောင် နှစ်စဉ်နှစ်တိုင်း အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြို့ပြနဲ့အိမ်ရာတွေကို စနစ်တကျဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် လာမယ့်သုံးနှစ်တာကာလအတွင်းမှာ ရန်ကုန်၊ မန္တလေးစတဲ့မြို့ကြီးများမှာ မြို့ပြစီမံကိန်းနဲ့ စက်မှုမြို့တော်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

လုပ်ငန်းရှင်တွေအနေနဲ့ ဒီစီမံကိန်းကြီးတွေမှာ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် စီးပွားရေးလည်ပတ်မှုကို သွက်လက်လာစေမယ်လို့ မျှော်မှန်းထားပါတယ်။ ဒီစီမံကိန်းကြီးတွေကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းတွေ အမြောက်အမြားပေါ်ထွက်လာမှာဖြစ်ပြီး ဆက်စပ်လုပ်ငန်းများစွာအပေါ် အကျိုးသက်ရောက်မှုများ ရရှိလာမှာဖြစ်ပါတယ်။ ဒီလိုအကျိုးသက်ရောက်မှုတွေရှိလာရင် နိုင်ငံတော်ရဲ့ ဂျီဒီပီနဲ့စီးပွားရေးအတွက် မောင်းနှင်အားတွေဖြစ်လာစေမှာဖြစ်ပါတယ်။

လူငယ်လုပ်ငန်းရှင်များ

ယနေ့လုပ်ငန်းရှင်တွေအထဲမှာ တက်တက်ကြွကြွလှုပ်ရှားနေတဲ့ စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များရဲ့ အခန်းကဏ္ဍဟာ အရေးပါလာပါတယ်။ မြန်မာနိုင်ငံမှာလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အများအပြားပေါ်ထွက်လာစေဖို့ နိုင်ငံတော်က အားပေးကူညီလျက်ရှိပါတယ်။ လူငယ်လုပ်ငန်းရှင်များဟာ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းလောကရဲ့အနာဂတ်တွေပဲဖြစ်ပါတယ်။ သူတို့တွေကို ပြုစုပျိုးထောင်ပေးခြင်းအားဖြင့် နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်မယ့် စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာနိုင်မှာဖြစ်ပါတယ်။

ရန်ကုန်မြို့ကြီးရဲ့ယာဉ်ကြောပိတ်ဆို့မှုအခြေအနေကို အမြန်ဆုံးကုစားပေးနိုင်ဖို့အတွက် ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းကို ကမ္ဘာ့ဘဏ်လက်အောက်ခံ IFC နဲ့ ညှိနှိုင်းခဲ့ပြီး လာမယ့် ၂၀၁၉ ခုနှစ်ထဲမှာစတင်ပြီးတော့ အကောင်အထည်ဖော်ဖို့ ဆောင်ရွက်နေပါတယ်။ ရန်ကုန်မြို့ရဲ့ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းနိုင်ရုံမက အလုပ်အကိုင်အခွင့်အလမ်းတွေ အမြောက်အမြားပေါ်ထွက်လာဖို့လည်း မျှော်မှန်းဆောင်ရွက်နေတာဖြစ်ပါတယ်။

မြို့ပြအိမ်ရာတွေဖွံ့ဖြိုးရေးဟာ လူဦးရေကြီးမားထူထပ်လာတဲ့မြို့ပြတွေအတွက် စိန်ခေါ်မှုဖြစ်လာနေပါတယ်။ ဒီစိန်ခေါ်မှုတွေကို ဖြေရှင်းရာမှာ ရေရှည်ကို မျှော်မှန်းပြီး နောင်မှာ တိုးတက်လာမယ့် အလားအလာတွေကိုပါ ထည့်သွင်းတွက်ချက်ဆောင်ရွက်ဖို့လိုပါတယ်။

ပြီးခဲ့တဲ့ နှစ်နှစ်တာကာလအတွင်းမှာ ပြည်သူ့အိမ်ရာနဲ့ဝန်ထမ်းအိမ်ရာများအနေနဲ့အခန်းပေါင်း ၁၀၉၂၄ ခန်း ဆောင်ရွက်ခဲ့ရာမှာ ရာနှုန်းပြည့်ပြီးစီးအခန်းပေါင်း ၅၇၄၈ ခန်း၊ ၇၀ ရာခိုင်နှုန်းပြီးစီးအခန်းပေါင်း ၅၁၇၆ ခန်းရှိနေပြီ ဖြစ်ပါတယ်။ ကျန်ရှိနေတဲ့အခန်းတွေ ရာနှုန်းပြည့်ပြီးစီးအောင်ဆောင်ရွက်သွားမှာဖြစ်သလို ဆက်လက်ပြီးလည်း နှစ်နှစ်ခွဲတာကာလအတွင်းမှာ PPP စနစ်နဲ့အခန်း ၄၀၀၀ ကျော်၊ ကုမ္ပဏီတွေအနေနဲ့အခန်း ၆၀၀၀ ကျော် စုစုပေါင်း အခန်းပေါင်း တစ်သောင်းကျော်ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့ပေါင်း ၃၃ မြို့ရဲ့မြို့ပြစီမံကိန်းများကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနဲ့ပူးပေါင်းပြီး မြို့ပြစီမံကိန်းတွေပြန်လည်ရေးဆွဲနေပါတယ်။ ဂျပန်နိုင်ငံ JICA၊ ကိုရီးယားနိုင်ငံ KOICA တို့နဲ့ပူးပေါင်းပြီး ရန်ကုန်- ဟံသာဝတီ-ပဲခူးစကြံလမ်းနဲ့ ရန်ကုန်အနောက်တောင်ပိုင်းဖွံ့ဖြိုးရေး Master Plan ရေးဆွဲခြင်း၊ ရန်ကုန်တိုင်းဒေသကြီး Master Plan ရေးဆွဲခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လမ်းပန်းဆက်သွယ်ရေး၊ မြို့ပြအိမ်ရာများနဲ့ကျေးလက်ဒေသများမှာ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်တဲ့နေရာမှာ လျှပ်စစ်စွမ်းအင်တိုးမြှင့်သုံးစွဲနိုင်ဖို့ အရေးကြီးလှပါတယ်။အခြေခံကျတဲ့ တည်ဆောက်မှုတွေ တိုးတက်လာတာနဲ့အမျှ စီးပွားရေးနဲ့အလုပ်အကိုင်အခွင့်အလမ်းတွေကို မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နှစ်နှစ်ခွဲကာလအတွင်းမှာ လျှပ်စစ်ဓာတ်အား ၂၈၀၂ မဂ္ဂါဝပ်မှ ၃၃၅၈ မဂ္ဂါဝပ်အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့တာကြောင့် ၅၅၆ မဂ္ဂါဝပ်တိုးတက်ထုတ်လုပ်ပေးနိုင်ခဲ့ပါတယ်။ လျှပ်စစ်ဓာတ်အားစနစ်ကနေ မြို့ပေါင်း ၃၃ မြို့၊ ကျေးရွာပေါင်း ၃၈၄၃ ရွာနဲ့အိမ်ထောင်စုပေါင်း ၆၈၄၀၁၃ စုကို လျှပ်စစ်ဓာတ်အားပေးနိုင်ခဲ့ပါတယ်။ လက်ရှိအနေအထားအရ မြန်မာနိုင်ငံရဲ့ နှစ်စဉ်ဓာတ်အားတိုးတက်သုံးစွဲမှုတွေမှာ ၁၅ ရာခိုင်နှုန်းကနေ ၁၉ ရာခိုင်နှုန်းအထိ ရှိနေတာဖြစ်တဲ့အတွက် ၂၀၂၀- ၂၀၂၁ခုနှစ်မှာဆိုရင် ၄၅၃၁ မဂ္ဂါဝပ်တိုးမြှင့်သုံးစွဲလာမှာ ဖြစ်ပါတယ်။

ဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်အောင် ၂၀၁၈ ခုနှစ်မှာ ၂၂၀ မဂ္ဂါဝပ်၊ ၂၀၁၈- ၂၀၁၉ခုနှစ်မှာ ၄၄၉ မဂ္ဂါဝပ်၊ ၂၀၁၉- ၂၀၂၀ခုနှစ်မှာ ၇၃၇ မဂ္ဂါဝပ်၊ ၂၀၂၀-၂၀၂၁ ခုနှစ်မှာ ၁၃၅၁ မဂ္ဂါဝပ် စုစုပေါင်း ၂၇၅၇ မဂ္ဂါဝပ်တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။

ချဲ့ထွင်ဆောင်ရွက်နေ

လက်ရှိသဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကိုကြည့်ရင် ရတနာစီမံကိန်းရဲ့ ထုတ်လုပ်မှုဟာ အမြင့်ဆုံးအခြေအနေကို ရောက်ရှိနေပြီဖြစ်လို့ ထုတ်လုပ်နိုင်မှုတဖြည်းဖြည်းချင်း ကျဆင်းလာမှာဖြစ်ပါတယ်။ ဒီကျဆင်းလာမယ့်အခြေအနေကို ထိန်းသိမ်းနိုင်ဖို့အတွက် ကမ်းလွန်ဓာတ်ငွေ့ရှာဖွေရေး၊ ကုန်းတွင်းရေနံရှာဖွေရေးလုပ်ငန်းတွေကို ချဲ့ထွင်ဆောင်ရွက်နေပါတယ်။

ရခိုင်၊ ဧရာဝတီနဲ့တနင်္သာရီကမ်းရိုးတန်းအနီး ပင်လယ်ပြင်တွေမှာ ရေတိမ်နဲ့ ရေနက်တွင်းတွေ တူးဖော်နေပါတယ်။ လက်ရှိအချိန်မှာ ဧရာဝတီကမ်းလွန်လုပ်ကွက်အမှတ် A-6 မှာ အလားအလာကောင်းတွေရှာဖွေတွေ့ရှိထားပြီး ဖြစ်ပါတယ်။ မှန်းထားတဲ့ပမာဏကို အတည်ပြုနိုင်ရင် မကြာခင်မှာ တရားဝင်ကြေညာနိုင်လိမ့်မယ်ဖြစ်ပါတယ်။ ဆက်လက်ပြီးလည်း ကုန်းတွင်းနဲ့ ကမ်းလွန်လုပ်ကွက်တွေကို တိုးချဲ့ရှာဖွေနိုင်ဖို့ နိုင်ငံတကာကုမ္ပဏီကြီးတွေကို (Bidding Round) တင်ဒါအဆိုပြုလွှာခေါ်ယူပြီး တွင်းသစ်တွေတူးဖော်သွားမှာ ဖြစ်ပါတယ်။

> ❛သဘာဝဘေးအန္တရာယ်ရင်ဆိုင်ကြုံတွေ့ရတဲ့ ဒေသများမှာ ကူညီထောက်ပံ့ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ဖို့ အစိုးရတာဝန်ယူပြီးကာလ နောက်ပိုင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေနဲ့ ငွေကျပ် ၂ ဒသမ ၄ ဘီလီယံနဲ့ လူမှု၊ ကယ်ဆယ်ဝန်ကြီးဌာနအနေနဲ့ ငွေကျပ် ၁၁ ဒသမ ၃၃၉ ဘီလီယံ စုစုပေါင်း ငွေကျပ် ၁၃ ဒသမ ၇၃၉ ဘီလီယံတို့ကို သုံးစွဲဆောင်ရွက်ခဲ့❜

နာယကကြီးနဲ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား--

နိုင်ငံတည်ဆောက်ရေးအတွက် အခြေခံအဆောက်အအုံတွေ တည်ဆောက်ရာမှာ နိုင်ငံလူဦးရေရဲ့ရာခိုင်နှုန်းအများစု မှီခိုအားထားနေရတဲ့ လယ်ယာကဏ္ဍဟာလည်း အရေးကြီးတဲ့ အုတ်မြစ်တစ်ခုဖြစ်ပါတယ်။ ဒီအုတ်မြစ်ခိုင်မာအားကောင်းဖို့၊ တောင်သူလယ်သမားမိသားစုတွေ မိမိတို့စိုက်ပျိုးလုပ်ကိုင်ရသလောက် အကျိုးရှိစေဖို့၊ မိမိတို့စီမံလုပ်ကိုင်နေတဲ့မြေယာနှင့် ပတ်သက်ပြီး သားစဉ်မြေးဆက်ခိုင်ခိုင်မာမာလုပ်ကိုင်ခွင့်ရစေဖို့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတို့ကို လက်ရှိပကတိအခြေအနေနဲ့လျော်ညီစွာ ပြင်ဆင်ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိကာလ ကမ္ဘာနဲ့တစ်ဝန်း ရင်ဆိုင်ကြုံတွေ့လာနေရတဲ့ သဘာဝပတ်ဝန်းကျင် တစ်စတစ်စပျက်ယွင်းလာမှုနဲ့အတူ မြန်မာနိုင်ငံအနေနဲ့လည်း ပုံမှန်လိုလို တွေ့ကြုံလာနေရတဲ့ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်တွေကို ရင်ဆိုင်နေကြရပြီး ထိခိုက်ဆုံးရှုံးမှုတွေ နှစ်စဉ်လိုလိုဖြစ်ပေါ်လာလျက်ရှိပါတယ်။

ငွေကျပ် ၁၃ ဒသမ ၇၃၉ ဘီလီယံ သုံးစွဲခဲ့

သဘာဝဘေးအန္တရာယ်ရင်ဆိုင်ကြုံတွေ့ရတဲ့ ဒေသများမှာ ကူညီထောက်ပံ့ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ဖို့ အစိုးရတာဝန်ယူပြီးကာလနောက်ပိုင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေနဲ့ငွေကျပ် ၂ ဒသမ ၄ ဘီလီယံနဲ့ လူမှု၊ ကယ်ဆယ်ဝန်ကြီးဌာနအနေနဲ့ငွေကျပ် ၁၁ ဒသမ ၃၃၉ ဘီလီယံ စုစုပေါင်းငွေကျပ် ၁၃ ဒသမ ၇၃၉ ဘီလီယံတို့ကို သုံးစွဲဆောင်ရွက်ခဲ့ပါတယ်။

ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကြောင့် ပူပြင်းခြောက်သွေ့သော ဒေသများနှင့် ကမ်းရိုးတန်းဒေသများမှာ စိုက်ပျိုးရေ၊သောက်သုံးရေရှားပါးခက်ခဲမှု မဖြစ်ပေါ်စေရေးအတွက် မိုးရေများကို ထိရောက်အကျိုးရှိစွာ သိုလှောင်သုံးစွဲနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။

စိုက်ပျိုးရေပေးဝေလျက်ရှိတဲ့ ရေလှောင်တမံအများစုနဲ့ ဆည်ရေသောက်စနစ် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ခဲ့တာကြောင့် မိုးစပါးစိုက်ဧက ၁၂ ဒသမ ၃ သိန်းခန့်ကို စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်ခဲ့ပြီး ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါးစိုက်ဧက ၁၁ ဒသမ ၆၇ သိန်းခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ယခင်ကထက် နွေစပါးစိုက်ဧက ၂ ဒသမ ၆ သိန်းခန့် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့သလို ဒေသအလိုက် စိုက်ပျိုးရေရရှိရေးအတွက် စက်ရေတွင်း ၁၅၀၀ ခန့်နဲ့ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း ၄၀၀ ခန့်တို့ကိုလည်း တူးဖော်ပေးခဲ့ပါတယ်။

ဒီလိုရာသီဥတုပြောင်းလဲမှုနဲ့ရေမြေသဘာဝတွေကို အခြေခံပြီးလယ်ယာကဏ္ဍထုတ်လုပ်မှုတွေပေါ်မှာ အချိန်မီစိုက်ပျိုးထုတ်လုပ်နိုင်ဖို့၊ အလေအလွင့်နည်းပါးဖို့ စီမံဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းခွင်တွေမှာ လယ်ယာသုံးစက်ကိရိယာတွေ တိုးတက်သုံးစွဲနိုင်ရေးဟာ အဓိကကျတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့အလျောက် လက်ရှိလယ်ယာကဏ္ဍမှာ စက်ကိရိယာတွေ တိုးမြှင့်သုံးစွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအချိန်မှာ အသားတင်စိုက်ဧရိယာရဲ့ ၇၅ ရာခိုင်နှုန်းခန့်ကို စက်အားသုံးထွန်ယက်ရိတ်သိမ်းဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

မြန်မာ့ပို့ကုန်တွေ ဈေးကွက်ရရှိရေး

ယခုအစိုးရအနေနဲ့သိမ်းဆည်းခံလယ်ယာမြေများကို ပြန်လည်စွန့်လွှတ်ပေးနေရာမှာ စုစုပေါင်းစွန့်လွှတ်မြေ ၆၃၄၁၇ ဧကရှိခဲ့ပါပြီ။ တောင်သူများလက်ဝယ်သို့ ၁၃၀၉၁ ဧကကို လွှဲပြောင်းပေးအပ်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များကို ၅၀၃၂၆ ဧက လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။

လယ်ယာကဏ္ဍကို အခြေခံပြီး နိုင်ငံ့စီးပွားရေးကိုတွန်းတင်နိုင်ဖို့ လယ်ယာကုန်ထုတ်လုပ်ငန်းမြင့်မားလာဖို့အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပို့ကုန်မြှင့်တင်ဖို့ အဓိကထားဆောင်ရွက်တဲ့အခါမှာ မြန်မာ့ပို့ကုန်တွေ ဈေးကွက်ရရှိရေးအတွက်ကို နည်းမျိုးစုံနဲ့ရှာဖွေဆောင်ရွက်လျက်ရှိပါတယ်။

ပို့ကုန်တွေနဲ့ပတ်သက်လို့ ဆန်၊ ပဲအမျိုးမျိုးနဲ့ဆီထွက်သီးနှံ၊ ရေထွက်ကုန်ပစ္စည်း၊ အထည်အလိပ်နဲ့အဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ရော်ဘာတို့ကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးမြှင့်တင်ပို့နိုင်ဖို့ ဆောင်ရွက်လျက်ရှိတဲ့အပြင် ပို့ကုန်အထောက်အကူပြုလုပ်ငန်းများအဖြစ် ထောက်ပံ့ရေးနဲ့ပို့ဆောင်ရေး၊ ပို့ကုန်အရည်အသွေးမြှင့်တင်ရေး၊ ကုန်သွယ်မှုသတင်းများ ရရှိနိုင်ရေး၊ ဘဏ္ဍာရေးဝန်ဆောင်မှုများ ရရှိနိုင်ရေးကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။လက်ရှိမြန်မာ့ပို့ကုန်အခြေအနေဟာ လယ်ယာကဏ္ဍ၊ သီးနှံ၊ သားငါး၊ ရေထွက်ပစ္စည်းထုတ်လုပ်မှုနဲ့ ပုဂ္ဂလိကကဏ္ဍရဲ့အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေကို အဓိက အားကိုးနေရတဲ့အခြေအနေဖြစ်ပါတယ်။

အခြေခံလိုအပ်ချက်များ

ဒါ့အပြင် ပြည်တွင်းထုတ်လုပ်မှုတွေမှာလည်း မျိုးကောင်းမျိုးသန့်ရရှိနိုင်မှု၊ ထုတ်လုပ်မှုစက်ကိရိယာသုံးစွဲနိုင်မှု၊ ဓာတ်မြေဩဇာ၊ပိုးသတ်ဆေး စနစ်တကျသုံးစွဲနိုင်မှု၊ ကျွမ်းကျင်လုပ်သားရှားပါးမှုစတဲ့ အခြေခံလိုအပ်ချက်များလည်းရှိနေပါတယ်။ပြည်သူများ၏အစားအစာဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝရေးတို့အတွက် အရည်အသွေးပြည့်ဝပြီး အန္တရာယ်ကင်းရှင်းတဲ့ စားသောက်ကုန်များ ထုတ်လုပ်ရာတွင် အော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သော သီးနှံများတိုးမြှင့်ထုတ်လုပ်ရေးနှင့် အရည်အသွေးမြင့် ပို့ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာကဏ္ဍနဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေမှာ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ထုတ်ကုန်ဈေးကွက်တွေအထူးလိုအပ်နေတာလည်း တွေ့ရှိရပါတယ်။

ငွေကြေးအရင်းအနှီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ SME ချေးငွေအဖြစ် JICA ချေးငွေရယူ၍ ဆောင်ရွက်လျက်ရှိရာ သုံးနှစ်အတွင်း ငွေကျပ်ဘီလီယံ ၆၀ ကျော် ထုတ်ချေးပေးခဲ့ပါတယ်။ဆက်လက်ပြီး ငွေကျပ်ဘီလီယံ ၂၀၀ ခန့်ကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ ထုတ်ချေးရန် စီစဉ်ဆောင်ရွက်ထားပါတယ်။ JICA ချေးငွေအပြင် နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်မှလည်း SME ချေးငွေအဖြစ် ငွေကျပ်ဘီလီယံ ၂၅၀ ထုတ်ချေးပေးနိုင်ရန် စီစဉ်ထားပါတယ်။

အလားတူ တောင်သူလယ်သမားတွေရဲ့ လယ်ယာကဏ္ဍ အရင်းအနှီးအတွက် စက်မှုလယ်ယာစနစ်သို့ကူးပြောင်းရေးကို အထောက်အကူပြုရန် JICA ချေးငွေကျပ်ဘီလီယံ ၂၀၀ ကျော် ရယူဆောင်ရွက်ခဲ့ရာ ယခုအခါ ကျပ်ဘီလီယံ ၃၀ ကျော်ထုတ်ချေးပေးပြီးဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်မှလည်း လယ်ယာကဏ္ဍတွင် ပါဝင်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ကျပ်ဘီလီယံ ၂၀၀ ထုတ်ချေးပေးနိုင်ရန် စီစဉ်ထားပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နှစ်စဉ်ထုတ်ချေးသော စိုက်ပျိုးစရိတ်ချေးငွေနှုန်းထားများကို စပါးတစ်ဧကလျှင် ယခင်ကျပ်တစ်သိန်းမှ ယခုကျပ်တစ်သိန်းခွဲအထိ တိုးမြှင့်ပေးခဲ့ပါတယ်။ အခြားသီးနှံတစ်ဧကကို ယခင်ကျပ်နှစ်သောင်းမှ ယခုကျပ်ငါးသောင်းအထိ တိုးမြှင့်ထုတ်ချေးခဲ့ပြီး ကျပ်တစ်သိန်းအထိ တိုးမြှင့်ပေးနိုင်ဖို့ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

တရားမဝင်ကုန်သွယ်မှုတွေရှိနေခြင်းကြောင့် ပို့ကုန်ဝင်ငွေလျော့နည်းခြင်း၊ အခွန်ဘဏ္ဍာဆုံးရှုံးခြင်း၊ သဘာဝသယံဇာတပြုန်းတီးမှုဖြစ်စေခြင်း၊ စားသုံးကုန်ပစ္စည်းများ တရားမဝင်တင်သွင်းနေတဲ့အတွက် အလားတူထုတ်လုပ်သည့် ပြည်တွင်းအသေးစားနဲ့ အလတ်စား စက်မှုလုပ်ငန်းတွေကို ကြီးမားစွာ ထိခိုက်စေခြင်းနဲ့ စားသုံးသူတွေအတွက် အန္တရာယ်ဖြစ်စေနိုင်မှုစတဲ့ စိန်ခေါ်မှုတွေကလည်း ရှိနေပါတယ်။ ဒီစိန်ခေါ်မှုတွေကို ဥပဒေနဲ့အညီ ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံအနေနဲ့သွင်းကုန်က ပို့ကုန်ထက် ပိုမိုမြင့်မားနေတဲ့အတွက်ကုန်သွယ်မှုလိုငွေရှိနေပြီး ကုန်သွယ်မှုမညီမျှတဲ့အခြေအနေတွေရှိနေပါတယ်။ ဒီအနေအထားမှာ အမေရိကန်ဒေါ်လာတန်ဖိုးဟာ လွန်ခဲ့တဲ့လေးလပိုင်းနဲ့ ခြောက်လပိုင်းကစတင်ပြီး အလွန်ခိုင်မာလာတဲ့အတွက် မြန်မာကျပ်ငွေတန်ဖိုးသာမက တစ်ကမ္ဘာလုံးရှိငွေကြေးတန်ဖိုးများလည်း ကျဆင်းလာခဲ့ပါတယ်။ ဒါဟာ နိုင်ငံတကာမှာ ဖြစ်ပေါ်နေတဲ့ ပြင်ပဂယက်ရိုက်ခတ်မှုဖြစ်ပေမယ့်လည်း မြန်မာနိုင်ငံအနေနဲ့ ကျပ်ငွေတန်ဖိုးကျဆင်းခြင်းဟာ တခြားနိုင်ငံများထက် ပိုမိုပြီး သက်ရောက်မှုရှိတာကို တွေ့မြင်နိုင်ပါတယ်။

မြန်မာကျပ်ငွေတန်ဖိုးကျဆင်းစေတဲ့ အကြောင်းရင်း

မြန်မာကျပ်ငွေတန်ဖိုးကျဆင်းစေတဲ့ အကြောင်းရင်းများစွာ ရှိတဲ့အနက် ကျပ်ငွေတန်ဖိုး သို့မဟုတ် ငွေလဲလှယ်နှုန်းကို လွှမ်းမိုးထားတဲ့ အဓိကအချက်တွေကတော့ ကုန်သွယ်မှုလိုငွေ(နိုင်ငံခြားငွေပေးငွေယူရှင်းတမ်း၏သာမန်စာရင်းလိုငွေ)၊ အတိုးနှုန်း၊ ငွေဖောင်းပွမှုနှုန်းနှင့်တိုင်းပြည်ရဲ့စီးပွားရေးဖွံ့ဖြိုးမှုအလားအလာတို့ပဲ ဖြစ်ပါတယ်။

မြန်မာကျပ်ငွေတန်ဖိုးကျဆင်းခဲ့ခြင်းကို လေ့လာကြည့်ရင် ပြင်ပသက်ရောက်မှုက စတင်ခဲ့ပေမယ့် ပြည်တွင်းအခြေအနေမှာ စီးပွားရေးအခြေအနေ မညီမျှမှုပြဿနာများနှင့် စီးပွားရေးနှင့် ပတ်သက်သည့်အခြေခံအားနည်းချက် (Weak Economic Fundamentals) တွေရှိနေတယ်လို့ ဆိုနိုင်ပါတယ်။ကုန်သွယ်မှုကို ပြန်ကြည့်ရင် ပြီးခဲ့တဲ့နှစ် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်က ကုန်သွယ်မှုလိုငွေဟာအမေရိကန်ဒေါ်လာ ၃ ဒသမ ၈ဘီလီယံရှိခဲ့ပြီး ဒီတန်ဖိုးဟာ လျော့နည်းသွားတဲ့ပမာဏဖြစ်ပါတယ်။

အဲဒီမတိုင်ခင် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်က ကုန်သွယ်မှုလိုငွေအမေရိကန်ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံနဲ့ (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်)က ကုန်သွယ်မှုလိုငွေအမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံခန့်ရှိတာ တွေ့ရှိရပါတယ်။

စာမျက်နှာ ၈ သို့ ❐

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားတွင် ဖတ်ကြားသည့် ကျောင်းသားလူငယ်များ၏စာတမ်း

လေးစားအပ်ပါသော----

လွှတ်တော်အသီးသီးမှ ဥက္ကဋ္ဌကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။

ဒီကနေ့ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှာ ကျရောက်တဲ့ **"အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့"**အခမ်းအနားမှာ ဖတ်ကြားမည့် စာတမ်းခေါင်းစဉ်ကတော့ **"ဒီမိုကရေစီရှင်သန်ရေးဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး"** ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာတရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းလုံခြုံရေးနှင့် အခြေခံဥပဒေများ ခိုင်မာရန် များစွာအရေးပါလှပါတယ်။ ထို့အပြင် အကျင့်ပျက်ခြစားမှုမရှိမှသာ အအောင်မြင်ဆုံးသော ဒီမိုကရေစီဖြစ်မယ်ဆိုတာကို လူတိုင်းအသိဖြစ်ပါတယ်။ ရရှိပြီးသောဒီမိုကရေစီကိုကောင်းစွာထိန်းသိမ်းကာကွယ်ခြင်းသည် ကျောင်းသား ကျောင်းသူများအပါအဝင် မြန်မာတစ်မျိုးသားလုံး၏ တာဝန်ဖြစ်ပါတယ်။

ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ

ဒီမိုကရေစီဆိုတာအလိုအလျောက် ဖြစ်တည်လာတာမဟုတ်ဘူးဆိုတာကို နိုင်ငံသားများအားလုံး သဘောပေါက်နားလည်ပြီးဖြစ်ပါတယ်။ အခုအချိန်ဟာ မြန်မာနိုင်ငံအတွက် ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ အရှိန်အဟုန်မြင့် လျှောက်လှမ်းနေတဲ့ကာလဖြစ်ပါတယ်။ လမ်းကြောင်းမမှားသွားစေရန် အလွန်အင်မတန် အရေးကြီးတဲ့အခြေအနေဖြစ်တဲ့အတွက် ခေါင်းဆောင်ကောင်းရှိဖို့ လိုအပ်ပါတယ်။ တစ်ဦးတစ်ယောက်ကောင်းဦးဆောင်နေရုံနဲ့ ရရှိထားတဲ့ ဒီမိုကရေစီကို ကာကွယ်နိုင်ရန်ခဲယဉ်းပါတယ်။ ဒါ့ကြောင့် ခေါင်းဆောင်ကောင်းများစွာပေါ်ထွက်ရန် အရေးကြီးလှပါတယ်။

အနာဂတ် မြန်မာ့ဒီမိုကရေစီလူ့ဘောင်ကို ရှင်သန်ဖွံ့ဖြိုးအောင် စွမ်းဆောင်ကြမည့် မျိုးဆက်သစ်ကျောင်းသားလူငယ်များဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို တည့်မတ်စွာလျှောက်လှမ်းနေကြပြီဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဒီမိုကရေစီစနစ်ပညာရေး ဆောင်ရွက်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

စစ်မှန်တဲ့ ဒီမိုကရေစီပညာရေး

ဒီလိုအကောင်အထည်ဖော် ဆောင်ရွက်နေမှုအောင်မြင်စေရန်အတွက် ကျောင်းသား ကျောင်းသူများဟာ သုတစာပေကိုသာမက ရသစာပေကိုပါ ချစ်မြတ်နိုးသူများဖြစ်အောင်၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်တတ်မြောက်သူများဖြစ်အောင်၊ စည်းကမ်းလိုက်နာပြီး အများကစံပြုရတဲ့ ကိုယ်ကျင့်တရားကောင်းမွန်တဲ့သူများဖြစ်အောင်၊ နိုင်ငံတကာနဲ့အမီရင်ပေါင်တန်းနိုင်အောင် ကြိုးစားကြမှသာစစ်မှန်တဲ့ဒီမိုကရေစီပညာရေးကို ရရှိခံစားကြရမှာဖြစ်ပါတယ်။

ယခုအချိန်ဟာနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကလည်း ကျောင်းသားလူငယ်များနှင့် တိုက်ရိုက်တွေ့ဆုံပြီး

မရွှေမမမောင်

မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းမှုဖြစ်စဉ်ဟာ မကြာသေးခင်အချိန်ကာလတစ်ခုက စတင်ခဲ့တယ်လို့ ဆိုပေမယ့် ပျော့ပျောင်းညင်သာစွာဖြစ်ပေါ်တိုးတက်နေပြီး ရင့်ကျက်တည်ငြိမ်တဲ့ဒီမိုကရေစီနိုင်ငံရေးစနစ်တစ်ရပ်ကို ပုံဖော်နိုင်ဖို့ အားယူနေတဲ့အချိန်ဖြစ်ပါတယ်။ ဒီလိုပြောင်းလဲမှုဖြစ်စဉ်မှာ ဒီမိုကရေစီအခွင့်အရေးတွေကို ကာကွယ်ထိန်းသိမ်းနိုင်ရေးဟာ နိုင်ငံသားအားလုံး အပါအဝင် ကျောင်းသားလူငယ်များမှာလည်း တာဝန်ရှိ

ရသစာပေချစ်မြတ်နိုးစေရန် ရည်သန်၍ စာပေစကားဝိုင်းများ ပြုလုပ်ပေးနေသည်ကိုလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ရသစာပေမှရရှိသော အသိဉာဏ်ပညာနှင့် ဆင်ခြင်တွေးတောတတ်မှုများသည် လူသားအများစုကို အကျိုးပြုစေနိုင်ကြောင်းလက်တွေ့သိစေရန်အတွက် ဖြစ်ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဦးဆောင်ဆွေးနွေးမှုနောက်ကို နေရာဒေသအသီးသီးမှ ကျောင်းသားလူငယ်များ စိတ်ပါဝင်စားတက်ကြွစွာပါဝင်ဆွေးနွေးလျက်ရှိတာကိုလည်း မြင်တွေ့ကြားသိနေကြမှာပါ။ ဒီလိုကျောင်းသားလူငယ်တွေ စာပေအသိနှင့် နိုင်ငံတော်အတွက် တိုးတက်စေလိုတဲ့ဆန္ဒတွေကို တွေ့မြင် ခွင့်ရတာတွေဟာ နိုင်ငံတော်အတွက် အဘက်ဘက်မှ ခွန်အားတွေကိုဖြစ်စေဖို့ လမ်းစဖြစ်ပါတယ်။ မျိုးဆက်သစ်ကျောင်းသားလူငယ်တွေဟာ နောင်အနာဂတ်တိုင်းပြည်အတွက် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစား သွားကြရမှာလည်း ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်၏ အမူအကျင့်ကောင်းများဖြစ်သော အပြန်အလှန်ဆွေးနွေးတတ်မှု၊ လေးစားယုံကြည်တတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှုများကို လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိပါတယ်။ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ကျောင်းသား ကျောင်းသူတစ်ဦးချင်းတစ်ယောက်ချင်းစီက မိမိကိုယ်တိုင်သာမက ပတ်ဝန်းကျင်ကောင်းများဖြစ်လာအောင်စွမ်းဆောင်နိုင်မည့် အလေ့အကျင့်များကိုကျင့်သုံးနေကြပြီဖြစ်ပါတယ်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှာလည်း သင်ရိုးညွှန်းတမ်းပြင်ပလှုပ်ရှားမှုများကို ကျောင်းသား ကျောင်းသူများအားလုံးတက်ကြွစွာပါဝင်လှုပ်ရှားဆောင်ရွက်စေခြင်းဖြင့် ဒီမိုကရေစီလူ့ဘောင်အတွင်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်တတ်၊ ကြင်နာတတ်၊ အများအကျိုးသယ်ပိုးပြီး ကိုယ်ချင်းစာတရားထားတတ်တဲ့ ဒီမိုကရေစီစိတ်ဓာတ်များ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အားယူနေတဲ့ အချိန်

ဒီမိုကရေစီအလေ့အထကောင်းများရရှိအောင် ကျင့်သုံးပေးနေတဲ့အတွက် အသိဉာဏ်ပညာပြည့်ဝသော၊ ဒီမိုကရေစီကိုမြတ်နိုးထိန်းသိမ်းတတ်သော အနာဂတ်လူငယ်လူရွယ်များဖြစ်လာကြမှာ ဧကန်အမှန်ပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့အသွင်ကူးပြောင်းမှုဖြစ်စဉ်ဟာ မကြာသေးခင်အချိန်ကာလတစ်ခုက စတင်ခဲ့တယ်လို့ဆိုပေမယ့် ပျော့ပျောင်းညင်သာစွာဖြစ်ပေါ်တိုးတက်နေပြီး ရင့်ကျက်တည်ငြိမ်တဲ့ဒီမိုကရေစီနိုင်ငံရေးစနစ်တစ်ရပ်ကို ပုံဖော်နိုင်ဖို့ အားယူနေတဲ့အချိန်ဖြစ်ပါတယ်။ ဒီလိုပြောင်းလဲမှုဖြစ်စဉ်မှာ ဒီမိုကရေစီအခွင့်အရေးတွေကို ကာကွယ်ထိန်းသိမ်းနိုင်ရေးဟာနိုင်ငံသားအားလုံးအပါအဝင် ကျောင်းသားလူငယ်များမှာလည်းတာဝန်ရှိပါတယ်။ ဒီတာဝန်ကိုသမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ကျောင်းသားလူငယ်များအားလုံး ပူးပေါင်းကာကွယ်ထိန်းသိမ်းဖို့ တိုက်တွန်းလိုပါတယ်။

ဂုဏ်သရေရှိလူကြီးမင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဧည့်သည်တော်များရှင့် ယခုနှစ် **"ဒီမိုကရေစီရှင်သန်ရေးဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး"** ဆိုတဲ့ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ဆောင်ပုဒ်၏ အနှစ်သာရပြည့်ဝစေရေးအတွက် ဂုဏ်သရေရှိလူကြီးမင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဧည့်သည်တော်ကြီးများနှင့် ကျောင်းသားလူငယ်များအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက တက်တက်ကြွကြွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါစို့လို့ ဆန္ဒပြုတိုက်တွန်းရင်းနိဂုံးချုပ်အပ်ပါတယ်ရှင်။

ကျေးဇူးတင်ပါတယ်ရှင်--------

ဂျိုင်း(ကော့ကရိတ်)ပွန်တွန်းဗောတံတား ချဉ်းကပ်သံလမ်း ပြန်လည်ဖြုတ်သိမ်း ၁၃ တန်အထက်ယာဉ်များ ဖြတ်သန်းသွားလာမှု ယာယီပိတ်ထား

ဘားအံ စက်တင်ဘာ ၁၉

မြန်မာ-ထိုင်း ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည့် ဘားအံ-မြဝတီ ကားလမ်းပေါ်ရှိ ဂျိုင်း(ကော့ကရိတ်)ပွန်တွန်းဗောတံတားရေကြီးစဉ်ကခင်းထားသည့် ချဉ်းကပ်သံလမ်းကို စက်တင်ဘာ ၁၉ ရက်က စတင်ပြီး ဘားအံဘက်ခြမ်းမှစတင်၍ ပြန်လည်ဖြုတ်သိမ်းခဲ့ရာ လုပ်ငန်းများ ဆောင်ရွက်နေစဉ် ပွန်တွန်းဗောတံတားပေါ်မှ ၁၃ တန်အထက်ယာဉ်များ ဖြတ်သန်းသွားလာမှုကို ယာယီပိတ်ထားခဲ့သည်။

စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီကစတင်၍ ဘားအံမြို့နယ် ဘားအံ-မြဝတီကားလမ်းပေါ်ရှိ ဂျိုင်းပွန်တွန်းတံတားတွင် ဂျိုင်းမြစ်ရေတက်စဉ်က တပ်ဆင်ထားခဲ့သော ချဉ်းကပ်သံလမ်းကို ယခုအခါ ဂျိုင်းမြစ်ရေကျသွားသည့်အတွက် ပြန်လည်ဖြုတ်သိမ်းလျက်ရှိပြီး ယခင်ချဉ်းကပ်လမ်းအဟောင်းဖြင့် ယာဉ်များပြန်လည်ဖြတ်သန်းစေမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ချဉ်းကပ်သံလမ်းများပြန်လည်ဖြုတ်သိမ်းခြင်းကို နံနက် ၉ နာရီမှ စတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်က ဆောင်ရွက်ပြီးစီး၍ ဂျိုင်း(ကော့ကရိတ်)ပွန်တွန်းတံတားပေါ်မှ ၁၃ တန်အထက်ယာဉ်ကြီးများ ပုံမှန်ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။ စက်တင်ဘာ ၁၁ ရက်တွင် ဂျိုင်း(ကော့ကရိတ်)ပွန်တွန်းတံတား ကော့ကရိတ်ဘက်ခြမ်း ချဉ်းကပ်သံလမ်းဖြုတ်သိမ်းခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ပွန်တွန်းတံတားပေါ်မှ ၁၃ တန်အထက်ယာဉ်ကြီးများ ဖြတ်သန်းမှုကို ယာယီပိတ်ထားမည်ဖြစ်ကာ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရန်အတွက် ကြိုးတံတားပေါ်မှ ပုံမှန်ဖြတ်သန်းသွားလာနေသည့် ၁၃ တန်အောက်ယာဉ်များကိုလည်း ဂျိုင်းနယ်မြေရဲစခန်းမှူး ရဲအုပ် ဝင်းနိုင်ဦးအဖွဲ့မှ ဂျိုင်းတံတား လုံခြုံရေးအဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်းကာ ယာဉ်ငယ်များကို စနစ်တကျစေလွှတ်ပေးလျက်ရှိကြောင်း သိရသည်။

မင်းသူ(ဘားအံ)

အင်းစိန်မြို့နယ်သတင်းစာဆရာအသင်း ထူးချွန်သတင်းဆုချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၁၉

အင်းစိန်မြို့နယ် သတင်းစာဆရာအသင်း၏ စတုတ္ထအကြိမ်ထူးချွန်သတင်းဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သွားမည်ဖြစ်သည်။

မြို့နယ်သတင်းစာဆရာအသင်း အသင်းဝင်၊ သတင်းထောက်များ၊ သတင်းသမားများအနေဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာများ၊ ပုဂ္ဂလိကပိုင်နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်စာစောင်များတွင် "သတင်းပုဒ်ရေအများဆုံး ရေးသားနိုင်သောဆု"၊ တိုင်းကျိုးပြည်ပြုတိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် "အကောင်းဆုံး သတင်းရေးသားဆု"နှင့် တိုင်းကျိုးပြည်ပြုသတင်းမျိုးရေးသားရာတွင် သတင်းနှင့်ဓာတ်ပုံထင်ဟပ်စွာဖော်ပြနိုင်သည့် "အကောင်းဆုံး သတင်းဓာတ်ပုံဆု"များကို ပေးအပ်ချီးမြှင့်ဂုဏ်ပြုသွားမည်ဖြစ်ရာ စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထားစာရင်းပေးကြရန် စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ပြုလုပ်သောမြို့နယ်သတင်းစာဆရာအသင်း၊ အမှုဆောင်အဖွဲ့၏ ၁/၂၀၁၈ လစဉ် ပုံမှန်အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဒေါက်တာဗိုလ်သံမဏိ(တောင်တွင်းကြီး) က ပြောသည်။

၆၈၄

လယ်ဝေးမြို့၌ မူခင်းအသိပညာပေးဟောပြော

လယ်ဝေး စက်တင်ဘာ ၁၉

နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ကိုဦး၏ ဦးဆောင်မှုဖြင့် လယ်ဝေးမြို့ အထက ၂ တွင် မူခင်းအသိပညာပေးယာဉ်ဖြင့် အသိပညာပေးဟောပြောမှုကို စက်တင်ဘာ ၁၈ ရက် ညနေ ၄ နာရီက ဆောင်ရွက်ရာ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် Htet Media Group တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး လယ်ဝေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ညွှန့်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ဒုရဲအုပ် ကျော်လင်းထွန်း၊ Htet Media Group မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းပြသသည်။

အလားတူ စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့ အထက ၃ နှင့် မွန်းလွဲ ၂ နာရီတွင် ပျဉ်းမနားမြို့ အထက ၁ တွင် မူခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မင်းမင်းလတ် (ရှုပဗေဒ)

ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၇ တွင် ဖော်ပြခဲ့သော မြင့်စိုး(နတလ)၏ 'အိုဘယ့် အိုဘယ့် လေးမျက်နှာ' ဆောင်းပါး၏ ပထမကော်လံ တတိယစာပိုဒ် အောက်ဆုံးစာကြောင်းတွင် ဆိုဗီယက်ပြန် နွဲ့နွဲ့စန်းအစား ဆိုဗီယက်ပြန် အာဇာနည်စန်းစန်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(စာရေးသူ)

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားတွင် ဖတ်ကြားသည့် အရပ်ဘက်လူမှုအဖွဲ့ အစည်းများမှ တင်သွင်းသောစာတမ်း

လေးစားအပ်ပါသော-

ပြည်ထောင်စုလွှတ်တော် နာယကကြီးများနှင့်တကွ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ကြွရောက်လာကြသော ဧည့်ပရိသတ် အပေါင်းအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယခုလို ပြည်ထောင်စုလွှတ်တော်ကြီးက ဦးဆောင်ကျင်းပတဲ့ ဒီမိုကရေစီ နေ့အခမ်းအနားများကို မြန်မာအရပ်ဘက်လူမှုအဖွဲ့အစည်းများ တက်ရောက် ခွင့်ရရှိတာ ၂၀၁၈ ခုနှစ်မှာ (၄)ကြိမ်မြောက်တက်ရောက်ရခြင်းဖြစ်ပါတယ်။ ဤကဲ့သို့အရပ်ဘက်အဖွဲ့အစည်းများကို ဖိတ်ကြားခြင်းအတွက် လွှတ်တော်ကြီး ကို ကျေးဇူးတင်ရသလို မြန်မာအရပ်ဘက်လူမှုအဖွဲ့အစည်းများမှလည်း တင်သွင်းသောစာတမ်းကို ဖတ်ကြားခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါ ကြောင်း ဦးစွာပြောကြားလိုပါတယ်။

အခွင့်အရေးတစ်ရပ်လည်းဖြစ်

ဒီမိုကရေစီကူးပြောင်းရေးကို မြန်မာနိုင်ငံက ဆက်လက်ဆောင်ရွက် နေချိန်မှာ ဤနိုင်ငံတကာ ဒီမိုကရေစီနေ့များဟာ ကျွန်မတို့၏ တိုးတက်မှု များကို ပြန်လည်ထင်ဟပ်နိုင်တဲ့ အခွင့်အရေးတစ်ရပ်လည်းဖြစ်ပါတယ်။ ကျွန်မတို့ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ဒီမိုကရေစီထွန်းကားမှု နှင့် အမျိုးသားရေးညီညွတ်မှုဟာ ကျွန်မတို့အားလုံးအတွက် အရေးအပါဆုံး ဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

ဒီမိုကရေစီထွန်းကားသည်နှင့်အမျှ နိုင်ငံသားအားလုံးဟာ မိတ်ဆွေ အပေါင်းအသင်း ညီအစ်ကိုမောင်နှမများသဖွယ်ဖြစ်လာပြီး တစ်ဦးချင်းစီမှာ လည်း နိုင်ငံအတွက် လုပ်ကိုင်ဆောင်ရွက်ပေးရတဲ့ အခန်းကဏ္ဍများရှိနေကြမှာ ဖြစ်ပါတယ်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများ လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများ မှာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ဒီမိုကရေစီတည်ဆောက်ရေးတွင် ပါဝင်ရမည့်အခန်းကဏ္ဍ (သို့မဟုတ်)ရှင်သန်ထွန်းကားနေသောဒီမိုကရေစီ ဖြစ်ရန် အမြင်ကျယ်မှုနှင့် တာဝန်ခွဲဝေဆောင်ရွက်ခြင်းဆိုသည့် အချက်များ ကို သိရှိနားလည်ရန် နည်းပါးနေသေးခြင်းပဲဖြစ်ပါတယ်။

စိတ်လှုပ်ရှားပျော်ရွှင်ခဲ့

မြန်မာနိုင်ငံအစိုးရအနေဖြင့် ဤအချက်အလက်ကိုလက်ခံပြီး မြန်မာ နိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ၏ အရေးပါသောအခန်းကဏ္ဍကို အသိအမှတ်ပြုပြီး နိုင်ငံရေးပွင့်လင်းမြင်သာ မှုနှင့် ဒီမိုကရေစီကျင့်စဉ်များကို မြှင့်တင်ပေးရန်လိုအပ်ပါတယ်။ ဒီမိုကရေစီ နှင့် ညီညွတ်မှုအတွက်အရေးကြီးဆုံးလိုအပ်ချက်မှာ ၂၀၁၄ ခုနှစ်တွင် အတည် ပြုပြဋ္ဌာန်းခဲ့တဲ့ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကြောင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများဟာ စိတ်လှုပ်ရှားပျော်ရွှင်ခဲ့ပါတယ်။ သို့သော် ယနေ့ အထိ အဆိုပါ ဥပဒေအကောင်အထည်ဖော်မှုဟာ စိန်ခေါ်မှုတစ်ရပ်ဖြစ်နေ ဆဲပါ။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စည်းရုံးဖွဲ့စည်းခွင့်ပဲဖြစ်ပါ တယ်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ မှတ်ပုံတင်ခွင့်ရရှိရေးတွင် အခက် အခဲနှင့် ကြန့်ကြာမှုများ ကြုံတွေ့ရဆဲဖြစ်ပါတယ်။ ဒါ့ကြောင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများဟာ အဆိုပါဥပဒေအကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များ ကို သုံးသပ်ဆန်းစစ်မှုများ ပြုလုပ်လျက်ရှိပြီး ရရှိသော ရလဒ်များကိုလည်း အောက်ခြေတွင် လက်တွေ့ဖြစ်ပေါ်နေမှုများနှင့်အတူ မူဝါဒချမှတ်သူများနှင့် အစိုးရထံသို့ မျှဝေအသိပေးတင်ပြသွားမှာဖြစ်ပါတယ်။

သတင်းမီဒီယာကို ဒီမိုကရေစီထွန်းကားမှုတွင် အစိုးရအတွက်အားထား ရသော သတင်းနှင့်အချက်အလက်များကို ပံ့ပိုးနိုင်ရန် စတုတ္ထမဏ္ဍိုင်အဖြစ် မှတ်ယူလေ့ရှိပါတယ်။ ထို့အပြင် ၎င်းတို့သည် ပြည်သူများထံသို့ သတင်းနှင့် အချက်အလက်များကို ဖြန့်ချိပေးခြင်းအားဖြင့် နိုင်ငံရေးဖြစ်စဉ်များကို အားကောင်းအောင် လုပ်ပေးနိုင်သူများဖြစ်ပါတယ်။ ထို့ကြောင့် သတင်းမီဒီယာ လွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်ပေးသင့်ပြီး ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်သင့်ပါတယ်။

“အရပ်ဘက်လူမှုအဖွဲ့အစည်းများ လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများမှာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ဒီမိုကရေစီ တည်ဆောက်ရေးတွင် ပါဝင်ရမည့် အခန်းကဏ္ဍ(သို့မဟုတ်) ရှင်သန်ထွန်းကားနေသောဒီမိုကရေစီဖြစ်ရန် အမြင်ကျယ်မှုနှင့် တာဝန်ခွဲဝေဆောင်ရွက်ခြင်းဆိုသည့်အချက်များကို သိရှိနားလည် ရန် နည်းပါးနေသေးခြင်းပဲဖြစ်”

ဒေါ်သင်းနွယ်စိုး

ပြည်သူအားလုံး အကျိုးခံစားခွင့်ရရှိစေမည့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးအောင်မြင်မှုနှင့် ပြည်တွင်းပြုပြင်ပြောင်းလဲရေးများ ဖြစ်စဉ်များတွင် ဖွံ့ဖြိုးတိုးတက်မှုသည် အဓိကကျသည်ဟု အရပ်ဘက်လူမှုအဖွဲ့အစည်းများက အသိအမှတ်ပြုထားကြပါတယ်။ ထို့ကြောင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့ ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍများကိုလည်း သိရှိနားလည် သဘောပေါက်သည့်အလျောက် နိုင်ငံအတွက် ဖွံ့ဖြိုးရေးအထောက်အပံ့များ၊ အကူအညီများ၏ ထိရောက်မှုများကို စောင့်ကြည့်နိုင်မည့်နည်းလမ်းများ ကိုလည်း ရှာဖွေလျက်ရှိပါတယ်။ ထို့အပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ၏ ပါဝင်နိုင်မှုကိုလည်း ပြည်တွင်းသာမက ဒေသဆိုင်ရာနှင့် ကမ္ဘာ့ထိပါ တိုးချဲ့နိုင်ရေးအတွက် နည်းလမ်းများရှာဖွေဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၇ အစောပိုင်းတွင် ဖွံ့ဖြိုးရေးအကူအညီများ ညှိနှိုင်းမှုယူနစ်(DACU) ကို ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဖွံ့ဖြိုးရေးအကူအညီများကို ထိရောက် စွာနှင့် စွမ်းရည်ပြည့်ဝစွာ သုံးစွဲမှုရှိရေးအတွက် ရည်ရွယ်ဖွဲ့စည်းထားသော ကြောင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ကြိုဆိုပါတယ်။ အဆိုပါ အဖွဲ့က ဆက်လက်၍ ကဏ္ဍကြီး ၁၀ ရပ် ညှိနှိုင်းမှုအဖွဲ့ (SCG)များကိုလည်း သက်ဆိုင်ရာအလှူရှင်အဖွဲ့အစည်းများဖွံ့ဖြိုးရေးမိတ်ဖက်များ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိက စီးပွားရေးကဏ္ဍများပါ ပါဝင်အောင် ဖွဲ့စည်းပေးထားသည့်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများကလည်း တက်ကြွစွာပါဝင်လျက်ရှိပါတယ်။

ပို၍ထိရောက်ပြီးရေရှည်တည်တံ့မည်

မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈-၂၀၃၀ ကို ရေးဆွဲအတည်ပြုခဲ့ပြီး ဖွံ့ဖြိုးမှုအကူအညီမူဝါဒ ၂၀၁၈ ကိုလည်း အတည်ပြု ပေးခဲ့သည့်အလျောက် အကူအညီအထောက်အပံ့များ ထိရောက်မှုရှိစေမည့် အပြင် ရေရှည်တည်တံ့ ဖွံ့ဖြိုးမှုပန်းတိုင်များကိုလည်း ပြည့်ဝစေမည်ဖြစ်ပါ တယ်။ အဆိုပါ မူဝါဒနှစ်ရပ်ကို အကောင်အထည်ဖော်ရာတွင် အခြားသော ပါဝင်ပတ်သက်သူများနှင့်အတူ အရပ်ဘက်လူမှုအဖွဲ့အစည်းများကိုလည်း မိတ်ဖက်အဖွဲ့အစည်းများအဖြစ် ပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဆိုပါက ပို၍ ထိရောက်ပြီး ရေရှည်တည်တံ့မည်ဟု အသိပေးတင်ပြလိုပါတယ်။

နိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲမှုများနှင့်အညီ အရပ်ဘက်လူမှုအဖွဲ့အစည်း များကလည်း လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းရပ်များဆီမှ ဖွံ့ဖြိုးရေး လုပ်ငန်းများဆီသို့ ၂၀၁၃ မှစ၍ ကူးပြောင်းလျက်ရှိပါတယ်။ အရပ်ဘက်လူမှု အဖွဲ့အစည်းများက သဘာဝဘေးဒဏ်ခံစားရသော ပြည်သူများ ပဋိပက္ခ ကြောင့် အခက်အခဲအကျပ်အတည်း ကြုံတွေ့နေရသောပြည်သူများအတွက် လူသားချင်းစာနာသော အကူအညီအထောက်အပံ့ပေးမှုများ ဆက်လက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသော်လည်း ဖွံ့ဖြိုးရေးကဏ္ဍတွင်မူ အရပ်ဘက် အဖွဲ့အစည်းများ၏ ပါဝင်နိုင်မှုနည်းပါးလျက်ရှိပါတယ်။ ထို့အပြင် လတ်တလော ကြုံတွေ့ခဲ့ရသော မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့၏ ရေဘေးဒဏ်ကြောင့် လူသားချင်းစာနာမှုအကူအညီများပြားစွာ လိုအပ်လျက် ရှိပါတယ်။ ပဲခူးတိုင်းဒေသကြီး ဆွာမြို့ရှိ ဆည်ကျိုးပေါက်မှုကြောင့် မိသားစု ထောင်ပေါင်းများစွာ အိုးအိမ်နှင့်ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများက အစိုးရ၊ ပုဂ္ဂလိကများနှင့်အတူ ပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်များနှင့် နိုင်ငံသားများအကြား အရပ်သားများ၏ နေရာအခင်းအကျင်းကို ပို၍မြှင့်တင် ပေးမှသာလျှင် ထိခိုက်ခံရလွယ်သောအုပ်စုများဖြစ်သည့် အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ လူငယ်များ၊ တိုင်းရင်းသားများ၊ SOGIE ခေါ် လိင်စိတ်ကွဲပြားတိမ်းညွတ်သူများ၊ လူနည်းစုများ၏ အမျိုးမျိုး သော စိတ်ဝင်စားမှုနှင့် လိုအပ်ချက်များကို သိရှိနားလည်နိုင်ပါမယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ နိုင်ငံအစိုးရ၏ လက်ရှိအချိန်တွင် ဦးစား ပေးလုပ်ငန်းရပ်ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် လုပ်ငန်းစဉ် များ ထင်သာမြင်သာရှိခြင်း၊ ခွဲခြားဆက်ဆံခံရသူများနှင့် ဒုက္ခရောက်လွယ်သူ များအပါအဝင် အားလုံးပါဝင်ကြခြင်း၊ ပြည်သူအချင်းချင်း ထိတွေ့ပြောဆိုမှု ရှိခြင်း၊ အပြန်အလှန် ယုံကြည်မှုရှိခြင်းစတဲ့ အချက်အလက်များသည် အခြေခံလိုအပ်ချက်များဖြစ်ကြောင်း ကျွန်ုပ်တို့အမြဲသတိရှိနေရန်လိုအပ်ပါ တယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို အသိအမှတ်ပြု ထည့်သွင်းနေရာပေးခြင်းအတွက် ကျွန်ုပ်တို့ကလည်း များစွာ ကျေနပ်အားရဝမ်းသာပါတယ်။ သို့သော်လည်း အရပ်ဘက်လူမှုအဖွဲ့အစည်း များသည် အပြင်စည်းမှ အဖွဲ့အစည်းများအဖြစ်သာ မှတ်ယူထားပါသေး တယ်။ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရပ် ဘက်အဖွဲ့အစည်းများနှင့် အမျိုးသမီးများကို အဓိပ္ပာယ်ပြည့်ဝသော အခန်း ကဏ္ဍများတွင် ပိုမိုပါဝင်ခွင့်ပြုရန် တိုက်တွန်းအပ်ပါတယ်။

စိန်ခေါ်မှုများစွာရှိနေပါသေး

လက်ရှိအစိုးရက ဖွဲ့စည်းပေးထားသော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ သိသာထင်ရှားသောအောင်မြင်မှုများကိုလည်း ကျွန်ုပ်တို့က အသိမှတ်ပြုပါတယ်။ အာရှနှင့် ပစိဖိတ်ဒေသစံနှုန်းများအရ မြန်မာသည် ၆၇ ဒသမ ၅၈ ရာခိုင်နှုန်းဖြင့် ရပ်တည်နေသည်ကို တွေ့ရှိရပါတယ်။ သို့တိုင် အောင် လာဘ်ပေးလာဘ်ယူမှုအပါအဝင် အဂတိလိုက်စားမှုလျှော့ချရေး၊ အဂတိ လိုက်စားမှုကို လုံးဝသည်းခံခွင့်လွှတ်ခြင်း မရှိသည့်အတွက် ဆောင်ရွက်ရာတွင်မူ စိန်ခေါ်မှုများစွာရှိနေပါသေးတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ပြည်ထောင်စုအဆင့်အစိုးရဌာနဆိုင်ရာနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ထိတွေ့ဆက်ဆံရာတွင် များစွာအပြုသဘောဆောင်သော်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ အောက်အဆင့်များတွင်မူ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ယုံကြည်မှုအားနည်းခြင်း၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များ တစ်သမတ် တည်းမရှိခြင်းတို့ကြောင့် စိန်ခေါ်မှုများစွာရှိနေပါသေးတယ်။

မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသား များ၏ အခြေခံအခွင့်အရေးများကာကွယ်ပေးရေးနှင့် မြှင့်တင်ပေးရေးအလို့ ငှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအခန်း(၄)၊(၉)တို့ အရ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ယခုနှစ်အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့၏ ဆောင်ပုဒ်ဖြစ်သော **“ဒီမိုကရေစီ ရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိဆောင်ရွက်ပေး”**ဆောင်ပုဒ်နှင့်အညီ ပြည်သူလူထု ၏ တက်ကြွစွာပါဝင် ပူးပေါင်းဆောင်ရွက်မှုရရှိအောင် လုပ်ဆောင်ရမည်ဖြစ် ပါတယ်။ ဤအချက်နှင့်စပ်လျဉ်း၍ ICCPR ၏အရေးပါမှုကို အသိမှတ်ပြုပြီး မြန်မာနိုင်ငံက ပါဝင်အတည်ပြုလက်မှတ်ရေးထိုးရန် တိုက်တွန်းအပ်ပါတယ်။ သို့မှသာ ပြည်သူများ၏ နိုင်ငံရေးနှင့်စီးပွားရေးလုပ်ဆောင်ရာတွင် နိုင်ငံသား ဂုဏ်သိက္ခာနှင့်ညီစွာ လုပ်ကိုင်နေထိုင်နိုင်ပြီး လူ့အခွင့်အရေးချိုးဖောက်ခံရ မှုများမှလည်း ကင်းဝေးနိုင်မှာ ဖြစ်ပါတယ်။

ပြည်သူတို့၏ ယုံကြည်မှုကိုအခြေခံ၍ ပြည်သူတို့က ဦးဆောင်သော လုပ်ငန်းသည် ဒီမိုကရေစီပင်ဖြစ်ပါတယ်။ ဤအချက်ကြောင့်ပင် ပြည်သူတို့က လည်း နိုင်ငံရေးလုပ်ငန်းစဉ်များ၊ ဆောင်ရွက်မှုများတွင် ဝိုင်းဝန်းပါဝင်ထိန်းညှိနိုင် မှာ ဖြစ်ပါတယ်။ ထို့ကြောင့် ကျွန်ုပ်တို့က နိုင်ငံတော်အစိုးရအား ပြည်သူတို့၏ အသံကို တန်ဖိုးထားရန်နှင့် လေးနက်စွာတောင်းဆိုပြီး ဒီမိုကရေစီလုပ်ငန်းစဉ် တွင် ပြည်သူများ၏မိတ်ဆွေအဖြစ် ပြုမူဆောင်ရွက်ရန်လည်း တိုက်တွန်း အပ်ပါတယ်။

ကျွန်ုပ်တို့ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ဒီမိုကရေစီလူ့အဖွဲ့ အစည်း ရေရှည်တည်တံ့ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့တွင် အခြား သော ပါဝင်ပတ်သက်သူများနှင့်အတူ ပြည်သူတို့၏အသံကို ဥပဒေပြုသူများ ထံရောက်ရှိရေး၊ ကွဲပြားခြားနားသောပြည်သူများ၊ အဖွဲ့အစည်းများနှင့်အတူ ဒီမိုကရေစီထွန်းကားပြီး ငြိမ်းချမ်းသောနိုင်ငံတည်ထောင်ရာတွင် စွမ်းစွမ်း တမံ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ထပ်မံအတည်ပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

အာဆီယံဆု လျှောက်ထားနိုင်ကြောင်း ကြေညာခြင်း

အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ပထမဆုံးအကြိမ် အာဆီယံဆု (ASEAN Prize) ကို ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ

(ခ) အာဆီယံနှင့် ကမ္ဘာ့တစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ

(င) အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့အား လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံ အတွင်းရေးမှူးချုပ်ဟောင်းများဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါ သည်။ ယင်းဆုအား ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပမည့် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။

အဆိုပါ ဆုအားလျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်၊ ဧပြီလမှ ၂၀၁၈ ခုနှစ်၊ မတ်လအတွင်း အာဆီယံနှင့်ပတ်သက်သော ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများကို ပြသနိုင်ရမည် ဖြစ်ပါသည်။ ထို့အပြင် ရှေ့ဆက်၍ အာဆီယံနှင့်ပတ်သက်၍ ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်း ဖော်ပြနိုင်ရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှ နိုင်ငံသား၊ အဖွဲ့အစည်းအနေဖြင့် လျှောက်ထားသူပုဂ္ဂိုလ်၊ အဖွဲ့အစည်းသည် မိမိ(သို့မဟုတ်) အဖွဲ့အစည်းနှင့်ပတ်သက်သည့်အချက်အလက်နှင့် မိမိ(သို့မဟုတ်)အဖွဲ့အစည်း၏ ဆောင်ရွက်ချက် များနှင့်အတူ ပူးတွဲတင်ပြလျှောက်ထားနိုင်ပါသည်။ လျှောက်လွှာတင်သွင်းရန်အတွက် နောက်ဆုံးရက်မှာ ၂၇-၉-၂၀၁၈ ရက်နေ့ဖြစ်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com သို့ လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အဆိုပါဆုနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက http://asean.org/? static post =asean-prize-2018 တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူတော်ငွေ ပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၉

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကုံ့ကော်ပန်း အဝိုင်းအနီး ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်း တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေး အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ထာဝရငြိမ်းချမ်းရေးစေတီတော် ဗိမာန်တော်အတွင်း ကျင်းပခဲ့ရာ ရွှေပါရမီတောရဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက ကြွရောက်တော်မူပြီး အလှူငွေများ လက်ခံရယူသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အမျိုးသားစာပေဆုရ ဒေါက်တာဦးဖြေ-ဒေါ်မေကြည်၊ သား ဦးဖြိုးကိုဖြေ၊ ဒေါက်တာချစ်ဦးဖြေ-ဒေါ်စန္ဒာဝင်း၊ မြေး မသင်္ဂီချစ်စနိုး၊ မနီလာချစ်ရိန်းနီး၊ အမရချစ်ဝင်နီ မိသားစု ဒေဝယက္ခဆေးတိုက် ပဲခူးမြို့မှ ငွေကျပ် ၁၀၃ သိန်းအားလည်းကောင်း၊ ဦးဝင်းမောင်-ဒေါ်ယဉ်ယဉ်စိန်း (ဝင်းလဲ့ယဉ်ယဉ်) သား သမီး မြေးတစ်စု ပျဉ်းမနားမြို့မှ ငွေကျပ် ၁၀၃ သိန်းအားလည်းကောင်း လှူဒါန်းခဲ့ရာ စုစုပေါင်း အလှူငွေကျပ် ၂၀၆ သိန်း လက်ခံရရှိကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ဂျပန်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro Maruyama က ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် အိမ်ရာများ ဆောက်လုပ်ရေးကိစ္စနှင့်ပတ်သက်သည့် အခြေအနေများ၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဒုက္ခသည်စခန်းများ ပိတ်သိမ်းရေးနှင့်စပ်လျဉ်း၍ ဒုက္ခသည်များအား ပြန်လည်နေရာချထားရာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဆင်ပြေစေရေး ဆောင်ရွက်နေမှုများ၊ ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ ဒေသခံပြည်သူများ၊ ဒုက္ခသည်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်နယ်အစိုးရတို့နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ UNHCR နှင့် ပူးပေါင်း၍ ဆောင်ရွက်နေမှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❒ စာမျက်နှာ ၅ မှ

ဒီတန်ဖိုးတွေကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငွေတန်ဖိုးအပေါ် ဖိအားများစွာ သက်ရောက်ကြောင်း တွေ့မြင်နိုင်ပါတယ်။

ဒုတိယအချက်ကတော့ မြန်မာနိုင်ငံ၏ရာသီအလိုက် နိုင်ငံခြားငွေလိုအပ်ချက်ဟာ ပြောင်းလဲမှုရှိတာကို တွေ့မြင်နိုင်ပါတယ်။ အထူးသဖြင့် ဇူလိုင်လကနေ ဒီဇင်ဘာလအထိ နိုင်ငံခြားငွေလိုအပ်ချက်မြင့်မားတဲ့ အချိန်ကာလဖြစ်တာကို တွေ့နိုင်ပါတယ်။

ကုန်သွယ်မှုလိုငွေ လျှော့ချနိုင်ဖို့နဲ့ ပြည်တွင်းစီးပွားရေး ဖွံ့စည်းတည်ဆောက်မှု မှန်ကန်ခိုင်မာပြီး သက်ရောက်မှုအမျိုးမျိုးကို ခံနိုင်ရည်ရှိစေဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ပုဂ္ဂလိကကဏ္ဍက သက်ဆိုင်သူတွေနဲ့ထိတွေ့ပြီး ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေကြောင်း ပြောကြားလိုပါတယ်။

ကုန်ထုတ်စွမ်းအားမြှင့်တင်ရေး၊ စီးပွားရေးကဏ္ဍရဲ့အဓိကမောင်းနှင်အားတွေတိုးတက်ရေး၊ စီးပွားရေးလုပ်ငန်းတွေ လုပ်သာကိုင်သာဖြစ်စေဖို့နဲ့ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းမွန်စေဖို့ ဆောင်ရွက်နေပါတယ်။ ဌာနအသီးသီးက ထုတ်ပေးလျက်ရှိတဲ့ ခွင့်ပြုမိန့်ပါမစ် စသည်တို့အတွက် စံလုပ်ထုံးလုပ်နည်း (SOP) များရေးဆွဲပြီး တစ်နေရာတည်းမှာ လာရောက် လျှောက်ထားရယူနိုင်တဲ့ Single Window စနစ်ကိုလည်း များမကြာမီ အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံတကာလုပ်ထုံး လုပ်နည်းများနဲ့အညီ ဆောင်ရွက်နိုင်မည့် ကုမ္ပဏီများ ဥပဒေအသစ်လည်း ပြဋ္ဌာန်းပြီးဖြစ်တဲ့အပြင် ကုမ္ပဏီများ မှတ်ပုံတင်ရာမှာလည်း သက်ဆိုင်ရာ ဌာနများကို လာစရာမလိုတော့ဘဲ Online စနစ်နဲ့ ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်နှစ်များမှာ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့ဘဏ်က သတ်မှတ်တဲ့ Ease of Doing Business Index တိုးတက်လာနိုင်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ Ease of Doing Business Ranking ကို လက်ရှိအဆင့် ၁၇၁ ရှိရာကနေ လာမယ့်နှစ် အနည်းငယ်အတွင်းမှာ အဆင့် ၁၀၀ အတွင်းသို့ ရောက်ရှိအောင် သက်ဆိုင်တဲ့ဌာနတွေကနေ အခြေခံပြီး ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ သတ်မှတ်အဆင့်မြင့်တက်ဖို့ သက်သက် မဟုတ်ဘဲ ဌာနဆိုင်ရာတွေရဲ့ အသားကျနေတဲ့ လုပ်နည်းလုပ်ဟန်တွေကို ပြောင်းလဲဖို့၊ အထူးသဖြင့် နာမည်ဆိုးနဲ့ ကျော်ကြားခဲ့တဲ့ ကြိုးနီစနစ် ထူပြောခြင်း၊ အဂတိလိုက်စားမှုမြင့်မားခြင်းနဲ့ လက်ရှိနိုင်ငံတော်အစိုးရရဲ့ မူဝါဒရည်မှန်းချက်တွေနဲ့ ဌာနတွေရဲ့ ဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်မှု မကိုက်ညီခြင်းတွေကို အမြန်ဆုံးပြုပြင်ပြောင်းလဲပေးဖို့ ကြိုးပမ်းလျက် ရှိပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား---

တစ်ဆက်တည်းမှာပဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေနဲ့ မဟာဗျူဟာစီမံချက် လေးနှစ်စီမံကိန်း (၂၀၁၈-၂၀၂၁) ရည်မှန်းချက်များဖြစ်တဲ့ ပြည်သူ့ဘဏ္ဍာရန်ပုံငွေ ဆုံးရှုံးမှုလျှော့ချနိုင်ရန်၊ အဂတိလိုက်စားမှုကျဆင်းစေရန်၊ အဂတိလိုက်စားမှုထိန်းချုပ်နိုင်မှုကို သိသာထင်ရှားစွာ တိုးတက်လာစေရန် မဟာဗျူဟာအဖြစ် ချမှတ်ပြီး ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ အစိုးရဌာနတွေမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နဲ့ ဆက်စပ်ဆောင်ရွက်နိုင်ဖို့ အစီအမံတွေလည်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ လူပုဂ္ဂိုလ်တစ်ဦးရဲ့ အခြေခံရပိုင်ခွင့်တွေ၊ နိုင်ငံသားများရဲ့ မူလအခြေခံအခွင့်အရေးတွေ မဆုံးရှုံးရအောင် လူ့အခွင့်အရေးကို အရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ရပ်အနေနဲ့ သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။

အခုဆိုရင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဟာ အသိပညာပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်နေသလို အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်း၊ အချုပ်ခန်း၊ တရားရုံးအချုပ်ခန်းတွေရဲ့ နေထိုင်စားသောက်ရေး အခြေအနေတွေ သိသိသာသာတိုးတက်ကောင်းမွန်လာနေပြီဖြစ်ပါတယ်။

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကူးစက်ရောဂါခံစားနေရသူများ စတဲ့ အားနည်းချက်အမျိုးမျိုးကြောင့် တရားရင်ဆိုင်နိုင်စွမ်းနည်းပါးသူတွေကို ဥပဒေပညာဖြင့် ပံ့ပိုးကူညီမှုတွေကို ဆောင်ရွက်ပေးနိုင်ဖို့ ကြိုးပမ်းနေပါပြီ။

အလားတူပဲ နိုင်ငံတော်သမ္မတရုံးကနေ တိုက်ရိုက်တာဝန်ယူတဲ့ မူးယစ်အထူးသတင်းတိုင်ကြားရေးဌာနကို ပြည်သူတွေက အစဉ်အမြဲသတင်းတွေ ပေးပို့ပြီး ကူညီပံ့ပိုးနေကြတာတွေကိုလည်း အားရဖွယ်ရာ တွေ့မြင်နေရပါတယ်။ မူးယစ်အထူးသတင်း တိုင်ကြားရေးဌာန စတင်ဖွင့်လှစ်တဲ့ ၂၇-၆-၂၀၁၈ ရက်နေ့မှ ၁၇-၉-၂၀၁၈ ရက်အထိ တိုင်ကြားပေးပို့လာတဲ့ တိုင်ကြားမှု စုစုပေါင်း (၆၉၈)မှုအနက် အမှုပေါင်း (၅၁၄)မှုကို စုံစမ်းဖော်ထုတ်ခဲ့ရာမှာ ဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်း (၁၇၄)မှုဖြစ်ပြီး တရားခံကျား (၃၅၆)ဦး၊ မ(၇၀)ဦး စုစုပေါင်း (၄၂၆)ဦးကို ဖမ်းဆီးရမိခဲ့ပြီး ဘိန်းဖြူ (၂၆၂၆ ဒသမ ၉၇)ဂရမ်၊ ICE (၁၆ ဒသမ ၇၁)ဂရမ်၊ ဘိန်း(၃၄၈၉၆ ဒသမ ၈၅)ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း (၁၄၄၇၈၁)ပြား၊ ဆေးခြောက်(၃၃၅၆ ဒသမ ၇၄)ဂရမ်၊ သေနတ်မျိုးစုံ (၁၀) လက်၊ ကျည်မျိုးစုံ(၁၇၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါတယ်။ ဒါပေမယ့်လည်း ထုနဲ့ထည်နဲ့ ပမာဏကြီးမားတဲ့ မူးယစ်သတင်းတွေရရှိမှု၊ ဖမ်းဆီးရမိမှုတွေ နည်းပါးနေတုန်း ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများသုံးစွဲသူများအား ဆေးကုသပေးရေး၊ အသိပညာပေးရေး၊ ကူညီထောက်ပံ့မှုများပေးရေး၊ ကောင်းမွန်တဲ့ လူမှုဘဝသို့ ပြန်လည်ရောက်ရှိစေရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်စေရေး၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရေးတို့အတွက် မူးယစ်ဗဟိုမှ တိုက်ရိုက်ကြီးကြပ်သော လူငယ်များ ပြုစုပျိုးထောင်ရေး စခန်း(၃)ခုနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကြီးကြပ်သော ပြန်လည်ထူထောင်ရေးစခန်း (၉) ခုတို့ကို ဖွင့်လှစ်ပြီး စီမံဆောင်ရွက်လျက်ရှိပါတယ်။

တရားဥပဒေစိုးမိုးရေးအတွက် အဓိကအရေးပါတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာမှာ ဖွဲ့စည်းပုံအဆင့်မြှင့်တင်တိုးချဲ့ခြင်း၊ ခေတ်မီလက်နက်များ ပြောင်းလဲတပ်ဆင်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ပူးပေါင်းပြီး သင်တန်းကျောင်းများ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးခဲ့သလို မှုခင်းသုံးနည်းပညာပစ္စည်းများ၊ DNA ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ လုံခြုံရေးနဲ့ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းကိရိယာများကိုလည်း နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ အသွင်ကူးပြောင်းရေး နိုင်ငံတွေရဲ့ ဖြစ်စဉ်တွေကို လေ့လာသုံးသပ်ချက်အရ တရားဥပဒေစိုးမိုးမှု ခိုင်မာအောင် တည်ဆောက်နိုင်ဖို့ အနည်းဆုံးပျမ်းမျှ (၁၀) နှစ်အထိ အချိန်ယူရတယ်ဆိုတာ တွေ့ရှိရပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး လုံခြုံအေးချမ်းစိတ်ချမ်းသာစွာ နေထိုင်နိုင်ကြဖို့ တရားဥပဒေစိုးမိုးမှု ခိုင်မာအားကောင်းတဲ့ လူ့ဘောင်အဖွဲ့အစည်းအတွင်းမှာ နေထိုင်ရှင်သန်နိုင်ဖို့ဆိုတာ အရှိန်အဟုန်မြှင့်ပြီး ရေရှည်ကြိုးပမ်းဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။

နာယကကြီးနဲ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား---

နိဂုံးချုပ်အနေနဲ့ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူတွေ ရွေးချယ်တင်မြှောက်ခဲ့စဉ်က အပ်နှင်းခဲ့တဲ့ လုပ်ပိုင်ခွင့်တွေကို ပြည်သူတွေအတွက် ဦးထိပ်ထားပြီး ပြည်သူနဲ့အတူ ပြည်သူတွေရဲ့ စုပေါင်းအားဖြင့် -

(၁) တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှု-စီးပွားဘဝ တိုးတက်မြင့်မားရေး၊

(၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ဦးတည်ချက်ခိုင်ခိုင်မာမာ ထားရှိပြီး ဆက်လက်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၉

မောင်တောမြို့နယ် နယ်မြေ(၁) အမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်သပြေ နယ်မြေရုံးကွပ်ကဲမှုအောက် မှတ်တိုင်(၅၀) ကင်းစခန်းမှ ဒုတိယရဲအုပ်အောင်ကျော်စိုး ဦးစီးသည့် တပ်ဖွဲ့ဝင် ၂၀၊ စကားပြန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) BGB တပ်ရင်း Lembuchari ကင်းစခန်းမှ Subedar Md. Mahamud Hossain ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ စကားပြန်/လမ်းပြများသည် စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်မှ မွန်းတည့် ၁၂ နာရီအထိ မိမိတို့နိုင်ငံအသီးသီး အတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် ၅၀ မှ ၅၁ ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မောင်တောမြို့နယ် နယ်မြေ(၃) အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ တောင်ပြို (ယာ) နယ်မြေရဲစခန်းမှ ရဲအုပ်ကျော်ဇောဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄)နယ်ခြားစောင့်တပ် Tuingajhira ကင်းစခန်းမှ Naib Subedar Md. Ruhul Amin ဦးစီးသည့် တပ်ဖွဲ့ဝင်

များနှင့် လမ်းပြတို့သည် မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် ၃၈ မှ ၃၉ ထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **ကိုရဲ**

နီပေါနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉
နီပေါနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Melia Hotel ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဇနီး ဒေါ်ခင်သီတာတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် နီပေါနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် နီပေါနိုင်ငံသံအမတ်ကြီး H.E. Bhim K.Udas နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး နီပေါနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့က တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးနှင့်အဖွဲ့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းသို့ သွားရောက်လေ့လာ

ရန်ကုန် စက်တင်ဘာ ၁၉
ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီး Rt.Hon.Jeremy Hunt MP ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H.E. Mr. Daniel Patrick Brendon Chugg နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ၃၃ တိုးချဲ့ရပ်ကွက်ရှိ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)သို့ သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)ရုံးတွင် ဖွင့်လှစ်ပြသထားသည့် MEMORY OF THE PAST ပြခန်းအား လေ့လာကြည့်ရှုရာ AAPP အတွင်းရေးမှူး ဦးတိတ်နိုင်က ပြခန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ပြခန်းတွင် ခင်းကျင်းပြသထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP) တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နိုင်ငံရေးအကျဉ်းသားများအခြေအနေနှင့် လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများကို ဆွေးနွေးကြသည်။**(ဓါတ်ပုံ)**

တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP) အတွင်းရေးမှူး ဦးတိတ်နိုင်၊ တွဲဖက်အတွင်းရေးမှူး ဦးဘိုကြည်၊ ရုံးတာဝန်ခံ ဦးအောင်မျိုးကျော်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း၊ မသီတာ(စမ်းချောင်း)တို့ ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးကြုံခဲ့ရသော ကျောင်းသား ကျောင်းသူများအတွက် ငွေများလှူဒါန်း

ပဲခူး စက်တင်ဘာ ၁၉
ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးကြုံခဲ့ရသော ကျောင်းသား ကျောင်းသူများအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက အလှူရှင်များ စုပေါင်း၍ ကျင်းပသည်။

ယနေ့လှူဒါန်းမှုတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ရေတာရှည်မြို့နယ်မှ ၃၁ ကျောင်း၊ ညောင်လေးပင်မြို့နယ်မှ ၁၅ ကျောင်း၊ ရွှေကျင်မြို့နယ်မှ ၁၅ ကျောင်း စုစုပေါင်းအခြေခံပညာကျောင်း ၆၁ ကျောင်းမှ ရေဘေးသင့်ကျောင်းသား ကျောင်းသူ ၆၁၀ တို့အတွက် တစ်ဦးလျှင် အလှူငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် Info Corp Myanmar မှ ငွေကျပ် ၄၆၄၁၀၀၀၊ Myanmar Insurance မှ ငွေကျပ် ငါးသိန်း၊ ILBC မှ ငွေကျပ် ငါးသိန်း၊ ACA အထက်တန်းကျောင်းမှ ငွေကျပ် သုံးသိန်း၊ Brain Portal မှ ငွေကျပ် တစ်သိန်း၊ BDA မှ ငွေကျပ် ငါးသိန်း တန်ဖိုးရှိ စောင်၊ ခြင်ထောင်နှင့် အဝတ်အစားများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ဆေးဝါးပစ္စည်းများ လာရောက်လှူဒါန်းခြင်း ဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်း စုပေါင်းသွေးလှူဒါန်းမည်

နေပြည်တော် စက်တင်ဘာ ၁၉
"စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်း"က ကြီးမှူးပြုလုပ်သော (၁၅)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန(အမျိုးသားသွေးလှူဘဏ်)၌ စက်တင်ဘာ ၃၀ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ပြုလုပ်မည်ဖြစ်သဖြင့် မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် "စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း" ဖုန်း- ၀၉-၅၁၃၅၅၁၅၊ ၀၉-၄၄၉၂၅၃၇၆၇ တို့သို့ စက်တင်ဘာ ၂၈ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားသည်။ **သတင်းစဉ်**

မိုးညှင်းတွင် ပေါ်ဦးပေါ်ဖျားပန်းမုန်လာပွင့်များ ဈေးကောင်းရနေ

မိုးညှင်း စက်တင်ဘာ ၁၉
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အမှတ်(၁)မြို့မဈေး ညနေခင်းကုန်စိမ်းတန်းတွင် စက်တင်ဘာ ၁၈ ရက် ညနေ ၅ နာရီခွဲက ပေါ်ဦးပေါ်ဖျား ပန်းမုန်လာပွင့်များ ဈေးကောင်းရကြောင်း ခြံထွက်သီးနှံရောင်းချသူတစ်ဦးက ပြောသည်။

"ဂေါ်ဖီထုပ် တစ်ထုပ်ကို ငွေကျပ်တစ်ထောင်ပါ။ ပေါ်ဦးပေါ်ဖျားမို့ ဈေးကောင်းရပါတယ်"ဟု မိုးညှင်းမြို့မဈေး(၁)မှ ခြံထွက်သီးနှံ စိုက်ပျိုးရောင်းချသူ ဒေါ်အေးလှက ပြောသည်။

ယင်းပန်းမုန်လာပွင့် တစ်ပွင့်လျှင် ဖောက်သည်ဈေးငွေကျပ် ၇၀၀ ဖြင့်ရောင်းချပေးပြီး တစ်ဆင့်ခံပြန်ရောင်းချသူများက ငွေကျပ် ၁၀၀၀ ဖြင့် ပြန်လည်ရောင်းချကြကြောင်း၊ ပေါ်ဦးပေါ်ဖျားဖြစ်၍တစ်ရက်လျှင် ပန်းမုန်လာပွင့် အပွင့် ၂၀၊ ၂၅ ပွင့်ခန့်သာ ဆွတ်ခူးရကြောင်း၊ တန်ဆောင်မုန်း၊ နတ်တော်လများတွင် လှိုင်လှိုင်ပေါများသော်လည်း ယခုလိုရှားပါးချိန်ဖြစ်၍ ဈေးကောင်းရကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

နီတိုး(မိုးညှင်း)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၁၉
ပျော်ဘွယ်မြို့တွင် ၂ ဒသမ ၉၁ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၂ ဒသမ ၇၉ လက်မ၊ မှော်ဘီမြို့တွင် ၂ ဒသမ ၆၃ လက်မ၊ ကွမ်းခြံကုန်းမြို့နှင့် မြောင်းမြမြို့တို့တွင် ၂ ဒသမ ၀၅ လက်မစီ၊ မင်းတပ်မြို့တွင် ၂ ဒသမ ၀၂ လက်မ၊ ရွှေဘိုမြို့နှင့် ပဲခူးမြို့တို့တွင် ၁ ဒသမ ၉၇ လက်မစီ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၇၃ လက်မ၊ လောင်းလုံးမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၆၁ လက်မနှင့် ရမည်းသင်းမြို့တွင် ၁ ဒသမ ၅၀ လက်မတို့ ဖြစ်ကြသည်။

သန်လျင်၌ အကြမ်းဖက်ခြင်းဆိုင်ရာ အသိပညာပေးဟောပြော

သန်လျင် စက်တင်ဘာ ၁၉
မြင့်မိုရ်မေတ္တာခိုနားရာဖောင်ဒေးရှင်းမှ ကျား၊ မ အခြေပြု အကြမ်းဖက်ခြင်းဆိုင်ရာအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် သန်လျင်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလှမော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူး ဦးသန်းထွန်းအောင်က ဟောပြောပွဲကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြင့်မိုရ်မေတ္တာခိုနားရာ ဖောင်ဒေးရှင်းမှဒေါက်တာမြစန္ဒာသန့်က အကြမ်းဖက်ခြင်းဆိုင်ရာ ကြိုတင်ကာကွယ်ရေး၊ ဆောင်ရန်ရှောင်ရန်များကို ကျောင်းသား ကျောင်းသူများအား အကျယ်တဝင့် အသိပညာပေးဟောပြောသည်။ **သန်းဝင်း(သန်လျင်)**

နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့စု ၅ ဇေယျာသီရိမြို့နယ်မှ ဒုရဲအုပ် အောင်မင်းနိုင်၊ ဒုရဲအုပ် ဇော်ကိုဦးတို့ဦးစီး၍ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးခြင်းကို စက်တင်ဘာ ၁၇ ရက်က ကျောက်ချက် အထက(ခွဲ)တွင် ကျင်းပစဉ်။

ကိုကိုရှပ

လူမျိုးရေး၊ ဘာသာရေး၊ လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်တဲ့ ရေးသားဟောပြောမှု၊ စည်းရုံးလှုံ့ဆော်မှုများ မပြုလုပ်ဖို့ ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်

ဦးဇော်နောင်လတ်

ကြားဖြတ်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ "လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး၏ ရှေ့ခရီးစဉ်" ခေါင်းစဉ်ဖြင့် စကားဝိုင်းကျင်းပ

ရှင်မင်း

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို လာမည့် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ "လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး၏ ရှေ့ခရီးစဉ်" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နောင်လတ်၊ ဦးစီးအရာရှိ ဒေါ်ဟေသူဆွေမွန်နှင့် ဒေါ်မေဇွန်သော်တို့ ပါဝင်ဆွေးနွေးခဲ့သည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-

ဦးမြင့်နိုင်

ဦးဇော်နောင်လတ်

ဒေါ်မေဇွန်သော်

ဒေါ်ဟေသူဆွေမွန်

ယမန်နေ့မှအဆက်

ဦးမြင့်နိုင်။ ။ ရွေးကောက်ပွဲ ပြီးသွားလို့ ရွေးကောက်ခံရတဲ့လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းကြေညာတဲ့ရက်ကစပြီးတော့ ၄၅ ရက်အတွင်း သတ်မှတ်ထားတဲ့အတိုင်း ကန့်ကွက်လွှာတင်သွင်းနိုင်တယ်။ မဲဆွယ်စည်းရုံးရေးလုပ်တဲ့ အချိန်မှာ လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦး အနေနဲ့ ဘယ်လို အချက်အလက်တွေကို ဆောင်ရမလဲဆိုတာ ဆွေးနွေးပြောပြပေးပါဦး။

ဒေါ်ဟေသူဆွေမွန်။ ။ နံပါတ် (၁) လွှတ်တော်ကိုယ်စားလှယ်လောင်း အတည်ပြုပြီးတဲ့အခါ ကိုယ်စားလှယ်လောင်း စိစစ်ရေးကတ်ပြားကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲမှ ထုတ်ယူရန်၊ နံပါတ် (၂) မဲဆွယ်စည်းရုံးခြင်း အသုံးစရိတ်ငွေများနှင့်စပ်လျဉ်း၍ ငွေစာရင်းစာအုပ် စနစ်တကျထားရှိပြီး မှန်ကန်စွာ ရေးသွင်းရန်၊ နံပါတ်(၃) ရွေးကောက်ပွဲ ပြီးစီးသည့်အခါ ရွေးကောက်ပွဲကုန်ကျငွေစာရင်းကို ပုံစံ(၂၀)ဖြင့်ရေးသွင်း၍ ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်၏အမည်စာရင်းကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရန်၊ နံပါတ်(၄) ရွေးကောက်ပွဲ ကျင်းပပြီးနောက် ဆန္ဒမဲများ စာရင်းဖြည့်သွင်းသည့် လွှတ်တော်အလိုက် သတ်မှတ်ထားသည့် မဲစာရင်းပုံစံများတွင် မိမိနှင့်သက်ဆိုင်သည့် မဲစာရင်းအရေအတွက် ပုံစံများ၌ လက်မှတ်ရေးထိုးရန်၊ နံပါတ်(၅) နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိပါးစေမည့် အန္တရာယ်ကြုံလာပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးနှင့် လုံခြုံရေးအဖွဲ့များက တည်ဆဲဥပဒေများနှင့်အညီ စီမံဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊ နံပါတ် (၆) နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် Code of Conduct ကို လေးစားလိုက်နာရန်တို့ ဖြစ်ပါတယ်။

ဦးမြင့်နိုင်။ ။ ဒီအချက် (၆)ချက်ကို လွှတ်တော်ကိုယ်စားလှယ်လောင်း အနေနဲ့ သိရှိထားဖို့ အရေးကြီးပါတယ်။ ပထမဆုံး တစ်ချက်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းကို ပုံစံ(၁၀)နဲ့ အတည်ပြုပြီး ကြေညာပြီးပြီးချင်း သူတို့ဆောင်ရွက်ရမယ့် ကိစ္စလေးကတော့ စိစစ်ရေးကတ်ပြား သွားထုတ်ဖို့လိုပါတယ်။

စိစစ်ရေးကတ်ပြား

မဲဆွယ်စည်းရုံးရေးလုပ်တဲ့အခါ ဒီစိစစ်ရေးကတ်ပြားလေးကို အမြဲတမ်းချိတ်ထားရင် သူက အခက်အခဲရှိတော့မှာ မဟုတ်ဘူး၊ နောက်ဆုံး မဲရုံတွေထဲမှာဝင်မယ်၊ ကြည့်ရှုမယ်ဆိုရင် စိစစ်ရေးကတ်ပြားလေးကို အမြဲဆောင်ထားရပါမယ်။ လွှတ်တော်ကိုယ်စားလှယ်လောင်းတင်မကပါဘူး။ ရွေးကောက်ပွဲကိုယ်စားလှယ်အတွက်ပါ စိစစ်ရေးကတ်ပြား လုပ်ထားပေးပါတယ်။ အဲဒီ စိစစ်ရေးကတ်ပြားထဲမှာ ဘာတွေပါလဲဆိုတာ ပြောပြပါဦး။

ဒေါ်ဟေသူဆွေမွန်။ ။ လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ သက်သေခံကတ်ပြား ညာဘက်ထောင့်လေးမှာတော့ ကိုယ်စားလှယ်လောင်းရဲ့ ဓာတ်ပုံပါရှိပါတယ်။ ပတ်စ်ပို့ပုံဖြစ်ပြီးတော့ ကတ်ပြားအမှတ်စဉ်မှာကတော့ ထုတ်ပေးတဲ့ကတ်ပြား အမှတ်စဉ်ရယ်၊ ထုတ်ပေးတဲ့ ရက်စွဲပါပါတယ်။ အမည်မှာတော့ ကိုယ်စားလှယ်လောင်းရဲ့ အမည်နဲ့ သူ့ရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ပါပါတယ်။ နောက်တစ်ခုက ပါတီကဆိုရင်လည်း သူ့ရဲ့ ပါတီပေါ့၊ တစ်သီးပုဂ္ဂလဆိုရင်လည်း တစ်သီးပုဂ္ဂလပေါ့၊ နောက် မဲဆန္ဒနယ်ကတော့ သူဝင်ရောက်ယှဉ်ပြိုင်မယ့် မဲဆန္ဒနယ်၊ ကတ်ပြား ကုန်ဆုံးမယ့်နေ့ရက်ကတော့ ရွေးကောက်ပွဲ ကျင်းပပြီး နောက်ရက်မှာ သက်တမ်းကုန်ဆုံးမှာပါ။ ဒါကတော့ လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ သက်သေခံ ကတ်ပြား ဖြစ်ပါတယ်။

ဦးမြင့်နိုင်။ ။ ဒါကတော့ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ဖြစ်ကြောင်း သက်သေခံကတ်ပြားနဲ့ ပတ်သက်တာပါ။ လွှတ်တော် ကိုယ်စားလှယ်လောင်းအတွက် တင်မကဘဲ သူ့ရဲ့ရွေးကောက်ပွဲကိုယ်စားလှယ်အတွက်လည်းပဲ ဒီလို သက်သေခံကတ်ပြား သတ်မှတ်ထားတယ်။ အဲဒါကိုလည်း ပြောပြပါဦး။

ဒေါ်ဟေသူဆွေမွန်။ ။ ဒါကတော့ ရွေးကောက်ပွဲ ကိုယ်စားလှယ် သက်သေခံကတ်ပြားပဲ ဖြစ်ပါတယ်။ ခုနက လွှတ်တော် ကိုယ်စားလှယ်လောင်းရဲ့ သက်သေခံကတ်ပြားလိုပါပဲ ဓာတ်ပုံရယ်၊ ကတ်ပြားအမှတ်စဉ်မှာကတော့ ထုတ်ပေးတဲ့ ကတ်ပြားအမှတ်စဉ်ရယ်၊ ထုတ်ပေးတဲ့ ရက်စွဲ ပါတယ်။ ရွေးကောက်ပွဲ ကိုယ်စားလှယ်ရဲ့ အမည်ရယ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရယ်၊ နောက်တစ်ခုက ပါတီကဆိုရင် လည်း ပါတီပေါ့၊ တစ်သီးပုဂ္ဂလဆိုရင်လည်း တစ်သီးပုဂ္ဂလပေါ့၊ နောက် မဲဆန္ဒနယ်ကတော့ သူဝင်ရောက်ယှဉ်ပြိုင်မယ့် မဲဆန္ဒနယ်၊ ကုန်ဆုံးမယ့်နေ့ရက်တွေ ပါရှိပါတယ်။ ကုန်ဆုံးမယ့်နေ့ ရက်ကတော့ ခုနက ကတ်ပြားအတိုင်းပါပဲ၊ ရွေးကောက်ပွဲကျင်းပပြီး နောက်ရက်မှာ သက်တမ်းကုန်ဆုံးမှာပဲ ဖြစ်ပါတယ်ရှင့်။

ဦးမြင့်နိုင်။ ။ ရွေးကောက်ပွဲ ကျင်းပပြီးသွားရင် သုံးတဲ့ငွေစာရင်း၊ အသုံးစရိတ်ငွေစာရင်းကို ပုံစံ(၂၀)နဲ့ တင်သွင်းရမယ်၊ ဒါလည်း အရေးကြီးတယ်။ ဒါက ရွေးကောက်ခံရတဲ့သူလည်း တင်သွင်းရမယ်။ ရွေးကောက်ခံရခြင်းမရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းကလည်း တင်သွင်းရမယ်။

> ကြေညာပြီးတာနဲ့ ရက်ပေါင်း ၃၀ အတွင်းမှာ ပုံစံ (၂၀)နဲ့ ရွေးကောက်ပွဲ ကုန်ကျစရိတ် တင်ပြဖို့ကို ဆောင်ရွက်ရမှာပါ။ ဒီလို မတင်ပြဘဲ ပျက်ကွက်သွားရင် အရည်အချင်း ပျက်ယွင်းသွားသူအဖြစ် သတ်မှတ်ခံရနိုင်ပါတယ်။ ဒါလေးလည်း အရေးကြီးတယ်။ နောက်ပြီးတော့ ရွေးကောက်ပွဲကုန်ကျစရိတ်၊ အသုံးစရိတ်ကိုလည်းပဲ ငွေစာရင်းစာအုပ်ထားပြီးတော့ မှန်မှန်ကန်ကန် ရေးသွင်းဖို့လိုပါတယ်။ မမှန်မကန် ရေးသွင်းရင်လည်းပဲ ရွေးကောက်ခံရလို့ရှိရင် အဲဒါအတွက် ကန့်ကွက်လွှာတင်သွင်းပိုင်ခွင့်လည်းရှိတယ်

ငွေစာရင်းစာအုပ်

ကြေညာပြီးတာနဲ့ ရက်ပေါင်း ၃၀ အတွင်းမှာ ပုံစံ (၂၀)နဲ့ ရွေးကောက်ပွဲ ကုန်ကျစရိတ် တင်ပြဖို့ကို ဆောင်ရွက်ရမှာပါ။ ဒီလို မတင်ပြဘဲ ပျက်ကွက်သွားရင် အရည်အချင်း ပျက်ယွင်းသွားသူအဖြစ် သတ်မှတ်ခံရနိုင်ပါတယ်။ ဒါလေးလည်း အရေးကြီးတယ်။ နောက်ပြီးတော့ ရွေးကောက်ပွဲကုန်ကျစရိတ်၊ အသုံးစရိတ်ကိုလည်းပဲ ငွေစာရင်းစာအုပ်ထားပြီးတော့ မှန်မှန်ကန်ကန် ရေးသွင်းဖို့ လိုပါတယ်။ မမှန်မကန် ရေးသွင်းရင်လည်းပဲ ရွေးကောက်ခံရလို့ရှိရင် အဲဒါအတွက် ကန့်ကွက်လွှာ တင်သွင်းပိုင်ခွင့်လည်းရှိတယ်။ ဒါ့ကြောင့် ငွေစာရင်းစာအုပ်ကို မှန်မှန်ကန်ကန် ထားရှိပြီး ရေးသွင်းရမယ်။ ပြီးရင်လည်းပဲ ရွေးကောက်ပွဲပြီးတာနဲ့ ပုံစံ (၂၀)နဲ့ ဖြည့်သွင်းပြီးတော့ ပြရမယ်ဆိုတာ ဒါလေးကလည်း သိသင့်တယ်။

ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေအတွက် သတ်မှတ်ထားတဲ့ ကျင့်ဝတ်၊ ဒါလည်း စာအုပ်ထုတ်ထားတယ်။ ကျင့်ဝတ်တွေနဲ့ ပတ်သက်လို့ နိုင်ငံရေးပါတီတွေ အားလုံးတက်ရောက်ပြီးတော့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးပြီးတော့ အတည်ပြုထားတဲ့ ကျင့်ဝတ်ပါ။ စာအုပ်လေးရှိပါတယ်။

ဒေါ်ဟေသူဆွေမွန်။ ။ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ အတွက် ကျင့်ဝတ်ပါရှင့်။

ဦးမြင့်နိုင်။ ။ ဟုတ်တယ်။ နိုင်ငံရေး ပါတီများ အတွက် ကျင့်ဝတ်၊ ဒီထဲမှာလည်း ဆောင်ရမယ့် အချက်တွေ၊ ရှောင်ရမယ့် အချက်တွေ ပါတာပေါ့။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက ဒါတွေ သိထားဖို့ လိုပါတယ်။ ဒီကျင့်ဝတ်ထဲမှာ ပါတဲ့ အချက်အလက်တွေကိုလည်းပဲ လိုက်နာဆောင်ရွက်ဖို့ လိုတာပေါ့။ ဒါကတော့ ဆောင်ရန်အချက်တွေပါ။ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ မဲဆွယ်စည်းရုံးတဲ့အခါမှာဖြစ်စေ၊ မဲရုံတွေမှာ သွားရောက်လေ့လာကြည့်ရှုတဲ့အခါမှာဖြစ်စေ ရှောင်ရန် အချက်တွေလည်းရှိတယ်။ ဘာတွေမလုပ်နဲ့ဆိုတာ သတ်မှတ်ထားတာရှိတယ်။ ရှောင်ရမယ့် အချက်တွေလည်း အနှစ်ချုပ် ပြောပြပါဦး။

ဦးဇော်နောင်လတ်။ ။ လွှတ်တော် ကိုယ်စားလှယ်လောင်း ရှောင်ကြဉ်ရမယ့် အချက်တွေကတော့ နံပါတ် (၁) က လူမျိုးရေး၊ ဘာသာရေး၊ လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်တဲ့ ရေးသားဟောပြောမှု၊ စည်းရုံးလှုံ့ဆော်မှုများ မပြုလုပ်ဖို့ ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။

နံပါတ် (၂) က ပြိုင်ဘက်ပါတီများနဲ့ ကိုယ်စားလှယ်လောင်းများရဲ့ ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှု၊ အကြမ်းဖက်မှု၊ အမုန်းပွားမှုတွေကို ဖြစ်ပေါ်စေမယ့် အပြောအဆို၊ အပြုအမူ အသွင်အပြင်တွေ မပြုလုပ်ဖို့ ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။

နံပါတ် (၃) က ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစား မပြုလုပ်ဖို့ ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။

နံပါတ် (၄) က ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေဖို့ သွေးထိုးလှုံ့ဆော်ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း မပြုလုပ်ဖို့ ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။

နံပါတ် (၅) က လွှတ်တော်ရွေးကောက်ပွဲ ဥပဒေတွေရဲ့ အခန်း (၁၃)ပါ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုလုပ်ဖို့ ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။

နံပါတ် (၆) က လွှတ်တော်ရွေးကောက်ပွဲ ဥပဒေတွေရဲ့ အခန်း (၁၄)ပါ တရားမဲ့ပြုကျင့်မှု တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုလုပ်ဖို့ ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။

ဦးမြင့်နိုင်။ ။ အဓိကကတော့ ကိုယ့်မှာ ဘာအခွင့်အရေးတွေ ရှိသလဲ။ ဒါကို သိထားသင့်တာပေါ့။ နောက်ပြီးတော့ သူ ဘာအချက်အလက်တွေကို ဆောင်ရမလဲ။ ဘာတွေရှောင်ရမလဲ။ ဆောင်ရမယ့် အချက်တွေ၊ ရှောင်ရမယ့် အချက်တွေ သိထားဖို့ လိုတာပါ။ ခုနက အနှစ်ချုပ်ပေါ့၊ အခန်း(၁၃)မှာ ဆိုရင်လည်း အခန်း(၁၃)ရဲ့ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတွေ၊ ဒီပြစ်မှုတွေလည်း အခန်း (၁၃) မှာ ဖတ်ပြီးတော့ ဒီပြစ်မှုတွေ မကျူးလွန်မိဖို့လည်း ရှောင်ကြဉ်ရမှာပါ။ အခန်း(၁၃)မှာပါတဲ့ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လို့ရှိရင် တရားစွဲဆိုခံရမယ်။ ခုနကပြောတဲ့အတိုင်း ရွေးကောက်ပွဲ မကျင်းပမီဖြစ်စေ၊ ရွေးကောက်ပွဲ ကျင်းပနေစဉ်ဖြစ်စေ၊ ရွေးကောက်ပွဲ ကျင်းပတဲ့ နေ့က ၁၅ ရက်အတွင်းဖြစ်စေ အခန်း(၁၃)က ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတွေ သိထားရမယ်။ နောက်ပြီးတော့ အခန်း(၁၄)က တရားမဲ့ ပြုကျင့်မှုတွေ ကျူးလွန်လို့

စာမျက်နှာ ၁၁ သို့ ❒

ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　　စက်တင်ဘာ　　၁၉

ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ ဦးခမ်အင်ထန်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ ဦးခမ်အင်ထန်း

လေးစားအပ်ပါသော မိဘပြည်သူအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။

ကျွန်တော်ကတော့ ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ ဦးခမ်အင်ထန်း ဖြစ်ပါတယ်။ ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီကို အင်္ဂလိပ်လို Zo National Region Development Party လို့ ခေါ်ပါတယ်။ အတိုကောက် Zo Party အဖြစ်လည်း လူသိများပါတယ်။

ဦးစွာ မိဘပြည်သူများကို ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီနဲ့ မိတ်ဆက်ပေးလိုပါတယ်။ ဇိုတိုင်းရင်းသားဆိုတဲ့ စကားရပ်ကို တစ်ပိုင်း၊ ဒေသဖွံ့ဖြိုးရေးဆိုတဲ့ စကားရပ်ကို တစ်ပိုင်း၊ နှစ်ပိုင်း ခွဲခြားပြီး တင်ပြသွားမှာဖြစ်ပါတယ်။

"ဇို" ဆိုတာ မြန်မာနိုင်ငံမှာ တရားဝင်အသိအမှတ်ပြုထားတဲ့ တိုင်းရင်းသားလူမျိုးနွယ်စု ၁၃၅ မျိုးထဲမှာ ပါဝင်တဲ့ လူမျိုးစုဖြစ်ပြီး လူမျိုးစုသင်္ကေတ (Code) နံပါတ်ကတော့ (၄၂၁) (421) ဖြစ်ပါတယ်။ Zo ရဲ့ ထူးခြားချက်တစ်ခုကတော့ "ချင်း" လူမျိုးကို ဘာသာပြန်တဲ့အခါ Zo Minam မြန်မာလို ဇိုလူမျိုးလို့ ခေါ်ဆိုတာပဲဖြစ်ပါတယ်။ Mi ဆိုတာ "လူ" လို့ အဓိပ္ပာယ်ရပြီးတော့ Minam ဆိုတာ "လူမျိုး" လို့ အဓိပ္ပာယ်ရပါတယ်။ အဲဒါကြောင့် Zo Mi ဆိုတာ ဇိုလူ (သို့မဟုတ်) ချင်းလူဖြစ်ပြီးတော့ Zo Minam ဆိုတာ ဇိုလူမျိုး (သို့မဟုတ်) ချင်းလူမျိုးလို့ အဓိပ္ပာယ်ရပါတယ်။ အဲဒါကြောင့် ဇိုတိုင်းရင်းသားဆိုတာ ဇိုလူမျိုးနွယ်စုတစ်ခုတည်းကိုသာမက ချင်းတိုင်းရင်းသားအားလုံးကိုလည်း ကိုယ်စားပြုတဲ့အမည်အဖြစ် မှတ်ယူလို့ရပါတယ်။ အဲဒီလိုပဲ ချင်းပြည်နယ်ကို Zo Gam၊ ချင်းအစားအစာကို Zo An၊ ချင်းသီချင်းကို Zo La စသဖြင့် ချင်းနေရာမှာ ဇိုကိုအစားထိုး သုံးစွဲလေ့ရှိပါတယ်။

ဒုတိယပိုင်းဖြစ်တဲ့ ဒေသဖွံ့ဖြိုးရေး (Region Development) ဆိုတာကတော့ Zo တိုင်းရင်းသားများအပါအဝင် အခြားတိုင်းရင်းသားလူမျိုးစုများ စုပေါင်းနေထိုင်တဲ့ ဒေသတစ်ခုလုံးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ညွှန်းပါတယ်။ ဒီကနေ့ နိုင်ငံရေးစကားဝိုင်းမှာ အဓိကထားပြောဆိုနေကြတဲ့ ဖက်ဒရယ်ပြည်ထောင်စုဆိုတာဟာလည်းပဲ ကိုယ့်ဒေသအသီးသီးကို လွတ်လပ်စွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်တဲ့အခွင့်အရေးပဲ ဖြစ်ပါတယ်။ ဒေသများကိုစုပေါင်းပြီး တိုင်းပြည်တစ်ခုဖြစ်လာသလို အဲဒီဒေသ (သို့မဟုတ်) တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် စည်းလုံးညီညွတ်မှုဟာ မရှိမဖြစ်လိုအပ်တဲ့အရာ ဖြစ်ကြပါတယ်။ လူမျိုး၊ ဓလေ့ထုံးစံ၊ ဘာသာရေးယုံကြည်မှု မတူညီတဲ့ (တစ်နည်းအားဖြင့်) အသွင်မတူညီကြတဲ့ လူမျိုးများအနေနဲ့ အသွင်မတူကြသော်လည်း အမြင်တူတယ်ဆိုလို့ရှိရင် စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဟာ အလိုအလျောက်ဖြစ်ပေါ်လာပါတယ်။ အနောက်ပိုင်းနိုင်ငံရေးသုခမိန်ကြီးတစ်ဦးရဲ့ အဆိုအမိန့်မှာ အခုလိုဆိုထားပါတယ်။

Peace is not unity in similarity

But, unity in diversity လို့ ဆိုထားပါတယ်။

အဓိပ္ပာယ်ကတော့ ငြိမ်းချမ်းရေးဆိုတာ အသွင်တူမှုကို အခြေခံတာမဟုတ်ဘဲ မတူကွဲပြားမှုများကို စုစည်းထားခြင်းသာဖြစ်တယ်လို့ အတိအလင်းဆိုထားပါတယ်။

အမြင်တူဖို့အတွက် ကိုယ့်နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံဖို့လိုအပ်ပါတယ်။ အကောင်းဆုံးဥပမာတစ်ခုကတော့ ယနေ့ ကျွန်တော်တို့နောင်အနှစ် ၂၀ မှာ အမီလိုက်ကြမယ်လို့ ကြုံးဝါးနေကြတဲ့ စင်ကာပူနိုင်ငံပဲဖြစ်ပါတယ်။ စင်ကာပူနိုင်ငံဟာ ၁၉၅၇ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှာ လွတ်လပ်ရေးရရှိခဲ့ပြီး မြန်မာနိုင်ငံထက် ၁၀ နှစ် နောက်ကျပြီးမှ လွတ်လပ်ရေးရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် စင်ကာပူနိုင်ငံဟာ နောက် နှစ်ပေါင်း ၃၀ ခန့်အကြာ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်မှာ အာရှကျားလေးကောင် စီးပွားရေးအင်အားကြီးနိုင်ငံတစ်ခု ဖြစ်လာပါတယ်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိတဲ့အချိန်မှာ တံငါရွာအဆင့်သာရှိတဲ့ စင်ကာပူဟာ ၁၉၉၀ ပြည့်နှစ်အလွန်မှာ အိမ်နီးချင်းနိုင်ငံသား အတော်များများဟာ စင်ကာပူနိုင်ငံရဲ့ ရက်စက်ပြင်းထန်လှတဲ့ ကြိမ်ဒဏ်ဥပဒေကိုတောင် အန်တုပြီး ခိုးဝင်ရတဲ့အထိ တိုးတက်ဖွံ့ဖြိုးတဲ့နိုင်ငံဖြစ်လာပါတယ်။

အခုလို လူမျိုးဘာသာမတူတဲ့ လူမျိုးပေါင်းစုံနေထိုင်တဲ့ စင်ကာပူနိုင်ငံရဲ့ တိုးတက်ရခြင်းအကြောင်းကို ပြန်ပြီးလေ့လာကြည့်မယ်ဆိုရင် အဓိကကျတဲ့ အချက်သုံးချက်ကို တွေ့ရှိရမှာဖြစ်ပါတယ်။

(၁) စင်ကာပူခေါင်းဆောင် လီကွမ်ယူရဲ့ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးတဲ့မူဝါဒနဲ့ နိုင်ငံသားအားလုံးတန်းတူညီမျှ အခွင့်အရေးရှိရမယ်ဆိုတဲ့ မူဝါဒအောက်မှာ စင်ကာပူနိုင်ငံသားများ အမြင်တူလာခြင်း။

(၂) လူမျိုးရေး၊ ဘာသာရေး ခွဲခြားဆက်ဆံမှုကို ပြင်းထန်စွာတားမြစ်ထားခြင်း။

(၃) ခေတ်ပညာတတ်လူငယ်များမွေးထုတ်ပြီး နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများမှာ ပါဝင်ဦးဆောင်စေခြင်းတို့ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့လည်း ကိုယ့်မြန်မာနိုင်ငံကို အမှန်တကယ်တိုးတက်စေချင်တယ်ဆိုလို့ရှိရင် အဲဒါတွေကို သင်ခန်းစာယူ၊ နမူနာယူရမှာ ဖြစ်ပါတယ်။ လူမျိုးရေးနှင့် ဘာသာရေးကို ရှေ့တန်းတင်တဲ့ မူဝါဒဟာ အသွင်တူရေးကို အခြေခံတဲ့အတွက် အမြင်မတူကြတော့ဘဲ ပဋိပက္ခနဲ့ပဲ သံသရာလည်ပြီး ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပါတယ်။ "ငါနဲ့မတူ ငါ့ရန်သူ" ဆိုတဲ့ အယူအဆပေါက်ပွားလာပြီး ငြိမ်းချမ်းရေးကိုလည်း ထိခိုက်ပျက်ပြားစေပါတယ်။

ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရဟာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဖြစ်တဲ့အတွက် အသွင်တူဖို့မကြိုးစားကြဘဲ အမြင်တူဖို့ကို ဦးစားပေးဆောင်ရွက်ဖို့ အထူးလိုအပ်လှပါတယ်။

ကျွန်တော်တို့ ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီအနေနဲ့ လာမည့်ကြားဖြတ်ရွေးကောက်ပွဲမှာ လစ်လပ်နေတဲ့ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် အမှတ်(၂)မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နေရာမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အဲဒီဒေသကို ကဘော်ချိုင့်ဝှမ်းဒေသအဖြစ်လည်း လူသိများပါတယ်။ ကဘော်ချိုင့်ဝှမ်းဒေသဟာ မြေပြန့်နဲ့ တောင်တန်းပေါင်းစပ်ထားတဲ့အတွက် အလွန်ပင်သာယာလှပတဲ့ ဒေသဖြစ်သည်နှင့်အညီ လူမျိုးပေါင်းစုံနေထိုင်တဲ့ ဒေသတစ်ခုလည်းဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးလွယ်ကူပြီး စိုက်ပျိုးရေးနဲ့ ကူးသန်းရောင်းဝယ်ရေး အလွန်ကောင်းမွန်တဲ့ ဒေသလည်းဖြစ်ပါတယ်။

ရေခံမြေခံကောင်းတဲ့ဒေသကို စနစ်တကျတိုးတက်ဖွံ့ဖြိုးအောင် ဦးဆောင်ပေးနိုင်မယ့် ခေတ်ပညာတတ်စီးပွားရေးပညာရှင် လူငယ်လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုလည်း ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီကနေ အမည်စာရင်း တင်သွင်းထားပြီး ဖြစ်ပါတယ်။

ကဘော်ဒေသကို ချစ်မြတ်နိုးတဲ့ မိဘပြည်သူများအနေနဲ့ အသည်းကြားက မဲတစ်ပြားနဲ့ ပါဝင်ကူညီအားပေးကြဖို့ ဖိတ်ခေါ်ပါတယ်။

မိဘပြည်သူများအနေနဲ့ တိုင်းရင်းသားပါတီများကို မဲပေးထောက်ခံခြင်းဟာ ယနေ့ နိုင်ငံတော်ရဲ့လမ်းစဉ်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်တယ်ဆိုတာကိုလည်း ထပ်မံအသိပေးလိုပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံကြီးတွေမှာ အချိန်အခါအလိုက် လိုအပ်လျှင်လိုအပ်သလို အရည်အချင်းရှိတဲ့ အခြားပါတီကိုယ်စားလှယ်လောင်းတွေကို မဲပေးတဲ့အလေ့အထလည်း ရှိနေပါတယ်။ အဲဒါကို လွတ်လပ်မှုရှိတဲ့ဒီမိုကရေစီစနစ်ရဲ့ အမှတ်လက္ခဏာ သင်္ကေတတစ်ခုအဖြစ် မှတ်ယူလို့ရပါတယ်။ ပန်းခြံတစ်ခုထဲမှာ ပန်းတစ်မျိုးတည်း စိုက်ပျိုးထားရင် လှပတဲ့ပန်းခြံဖြစ်လာမှာမဟုတ်ဘဲ ရောင်စုံပန်းမျိုးစုံဖူးပွင့်နေမှသာလျှင် အလွန်လှပတဲ့ ပန်းခြံတစ်ခုဖြစ်လာနိုင်သလိုပဲ လွှတ်တော်အသီးသီးမှာ ပါတီကြီးများအပြင် တိုင်းရင်းသားများကို ကိုယ်စားပြုတဲ့ တိုင်းရင်းသားပါတီများ ပါဝင်မှသာလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ အနာဂတ်ဟာလည်း လှပလာမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် ဒီကြားဖြတ်ရွေးကောက်ပွဲကြီးမှာ ကဘော်ဒေသကိုအလှဆင်မယ့် ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်လောင်းကို ဝန်းရံကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

စာမျက်နှာ ၁၀ မှ

ရွေးကောက်ခံရတယ် ဆိုရင်လည်းပဲ တစ်ဖက်ယှဉ်ပြိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းက သူ့တော့ဖြင့် ရွေးကောက်ပွဲဥပဒေ အခန်း (၁၄) မှာပါတဲ့ တရားမဲ့ပြုကျင့်မှုတွေထဲက ဘယ်အချက်တွေကို ပြုကျင့်ပြီးတော့ ရွေးကောက်ခံသွားရတဲ့သူ ဖြစ်ပါတယ်ဆိုပြီးတော့ ကန့်ကွက်ရင်၊ ခိုင်လုံတဲ့ အထောက်အထားတွေနဲ့ ကန့်ကွက်ပိုင်ခွင့် သူ့မှာ ရသွားနိုင်တာပေါ့။

ရွေးကောက်ပွဲဥပဒေ

ဒါကြောင့် ဆောင်ရမယ့်အချက်တွေ၊ ရှောင်ရမယ့်အချက်တွေ သိသင့်တာပေါ့၊ ခုနက အနှစ်ချုပ် ပြောပြထားတယ်။ သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေတွေကိုလည်း အကျယ်ပြန်ဖတ်ဖို့ လိုအပ်ပါတယ်။ နောက်တစ်ခါ ကျင့်ဝတ်တွေကိုလည်း လိုက်နာဖို့ လိုပါတယ်။ ရွေးကောက်ပွဲတစ်ခု ကျင်းပတော့မယ်ဆိုရင် ရွေးကောက်ပွဲကျင်းပမယ့် မဲဆန္ဒနယ်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်လိုတဲ့သူတွေ ပါတီကိုယ်စားပြုတဲ့ သူတွေပဲဖြစ်ဖြစ်၊ တစ်သီးပုဂ္ဂလဖြစ်ဖြစ် ပါဝင်ယှဉ်ပြိုင်လိုတယ်ဆိုရင် အမည်စာရင်း တင်သွင်းကြပါလို့ ဖိတ်ခေါ်တယ်။

ပါဝင်ယှဉ်ပြိုင်ရတော့မယ် ဆိုတဲ့အခါ ရွေးကောက်ပွဲက ပြိုင်ပွဲတစ်ခုလို ဖြစ်နေတယ်။ ဒီပြိုင်ပွဲမှာ ဝင်ရောက်ပြီးတော့ ယှဉ်ပြိုင်ကြတယ်။ မဲဆန္ဒနယ်တစ်နယ်မှာ အချို့အနည်းဆုံး နှစ်ဦးတော့ ယှဉ်ပြိုင်ရမယ်။ နှစ်ဦး၊ သုံးဦး၊ လေးဦး၊ ငါးဦး ရှိမယ်။ အချို့လည်း ၁၀ ဦး၊ ၁၅ ဦး၊ ၂၀ ပေါ့၊ ဆောင်ရန်တွေ၊ ရှောင်ရန်တွေ၊ ဥပဒေပြဋ္ဌာန်းချက်တွေ နားလည်နေတဲ့အခါ ဥပဒေဘောင်အတွင်းက ဥပဒေနည်းလမ်းနဲ့အညီ တရားသောနည်းနဲ့၊ တရားသောလမ်းကြောင်းပေါ်ကနေ ယှဉ်ပြိုင်နိုင်တယ်။ ယှဉ်ပြိုင်ဖို့ လိုအပ်တယ်။ ရွေးကောက်ပွဲတွေ လေ့လာကြည့်တဲ့အခါ တရားသောလမ်းကြောင်းပေါ်ကနေ ဥပဒေနည်းလမ်းနဲ့အညီ ယှဉ်ပြိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေရှိသလိုပဲ တချို့ တချို့ကြတော့ လုပ်ထုံးလုပ်နည်း လွဲမှားတာတွေပေါ့၊ လုပ်ထုံးလုပ်နည်း လွဲမှားတဲ့ ပြုမူဆောင်ရွက်ချက်တွေ၊ မမှန်ကန်တဲ့ ပြုမူဆောင်ရွက်ချက်တွေ ပြုကျင့်ပြီးတော့ စည်းရုံးအနိုင်ရရှိသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေလည်း ရှိတယ်။ ဒါကြောင့် ရွေးကောက်ပွဲနဲ့ပတ်သက်လို့ ရွေးကောက်ပွဲပညာရှင်တွေက ပြောကြတယ်။ ရွေးကောက်ပွဲတစ်ခုမှာ တရားသောလမ်းကြောင်းပေါ်ကနေ ယှဉ်ပြိုင်ပြီး ရှုံးနိမ့်ခြင်းက မတရားသော နည်းလမ်းနဲ့ အနိုင်ရရှိခြင်း ထက်ပိုပြီး ဂုဏ်ယူဖွယ်ကောင်းပါတယ်လို့ ပြောကြတယ်။ အဓိကကတော့ ရွေးကောက်ပွဲမှာ ကိုယ်အနိုင်ရဖို့ ရွေးကောက်ခံရဖို့အတွက် တရားသဖြင့် ဥပဒေနဲ့အညီသာ ယှဉ်ပြိုင်စေချင်ကြတယ်။ ပြိုင်ပွဲလို့ ပြောပေမယ့်လို့ သာမန်ရိုးရိုး ပြိုင်ပွဲတော့ မဟုတ်တော့ဘူး။ မဲဆန္ဒရှင် ပြည်သူတွေရဲ့ ရွေးကောက်ခံပိုင်ခွင့်ရအောင် ပြိုင်ရတယ်။ မဲဆန္ဒရှင် ပြည်သူတွေရဲ့ ဆန္ဒမဲနဲ့ အဆုံးအဖြတ်ခံယူရမယ့်ပွဲ၊ မြင့်မြတ်တဲ့ ပြိုင်ပွဲတစ်ခုလို့ ပြောလို့ရပါတယ်။ ဒါကြောင့် မြင့်မြတ်တဲ့ ပြိုင်ပွဲလို့ပြောတဲ့အခါ ယှဉ်ပြိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းတွေအနေနဲ့ သူတို့ထားရှိရမယ့် သဘောထားတွေ၊ ထားရှိရမယ့် ခံယူချက်တွေ၊ ဘယ်လိုသဘောထားရှိရမလဲ၊ ရွေးကောက်တင်မြှောက်ခြင်း မခံရခဲ့သော်လည်း ဘယ်လို ခံယူရမလဲဆိုတာ ပြောပြပါဦး။

ဒေါ်မေဇွန်သော်။ ။ ဒီမိုကရေစီ စနစ်မှာ ရွေးကောက်ပွဲတွေကတော့ ရှိနေမှာ ဖြစ်ပါတယ်။ အဲဒီလို ရှိတဲ့နေရာမှာ ရွေးကောက်ခံရသူရော၊ ရွေးကောက်မခံရသူရော ရှိနေမှာ ဖြစ်ပါတယ်။ ရွေးကောက်မခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းအနေနဲ့ဆို ရွေးကောက်ခံရတဲ့ ကိုယ်စားလှယ်ကို ချီးကျူးနိုင်ရမယ်။ ဂုဏ်ပြုနိုင်ရမယ်။ မိမိက ရှုံးသွားတယ်။ မိမိရှုံးနိမ့်ခြင်းကို ကျေနပ်စွာဖြင့် လက်ခံနိုင်ကြရမယ်။ ရှုံးသွားသော်လည်း အပြုံးမပျက်နေနိုင်ရမယ်။ ဒီမိုကရေစီစနစ်သည် အမြဲတမ်း အနိုင်ရသူဟူ၍မရှိဘဲ ရှုံးတစ်လှည့်၊ နိုင်တစ်လှည့် ဆိုတာရှိနေမှာပါ။ ဘာ့ကြောင့် ရှုံးနိမ့်သွားရသလဲဆိုတာ လေ့လာဆန်းစစ်၊ ဝေဖန်သုံးသပ်ပြီးတော့ နောင်ကျင်းပမယ့် ရွေးကောက်ပွဲတွေမှာ ဘယ်လို အနိုင်ရရှိအောင် ဘယ်လိုကြိုးစားသွားမလဲ ဆိုတာကို နည်းလမ်းကောင်းတွေ ကြိုတင်ကြံဆတွေးတောထားသင့်ပါတယ်။ ရွေးကောက်မခံရလို့ စိတ်ဓာတ်ကျမနေဘဲနဲ့ နောင်ကျင်းပမယ့် ရွေးကောက်ပွဲတွေအတွက် ကြိုတင်ပြင်ဆင်သင့်ပါတယ်။ အဓိကကတော့ ပြည်သူတွေရဲ့ ကောင်းကျိုးကို အစဉ်ဆောင်ရွက်နေရမယ်။ အရွေးမခံရသော်လည်းဘဲ ပြည်သူတွေနဲ့ ကင်းကွာလို့ မရပါဘူး။ ရွေးကောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်နဲ့ ပူးပေါင်းပြီး ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုး ပါဝင်ဆောင်ရွက်တတ်ဖို့ လိုပါတယ်ရှင့်။

(ဆက်လက်ဖော်ပြပါမည်)

ဥတု ရာသီ တောကို မှီ၏

မြို့တော်ဆိုးလ်သို့ မြောက်ကိုရီးယားခေါင်းဆောင် လာရောက်မည်ဟု တောင်ကိုရီးယားသမ္မတပြော

ဆိုးလ် စက်တင်ဘာ ၁၉

မဝေးသော အနာဂတ်ကာလတွင် တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်သို့ သမိုင်းဝင်ခရီးအဖြစ် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် လာရောက်နိုင်ကြောင်း တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းက မြို့တော်ပြုံယမ်းတွင် ကင်နှင့် ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်ခဲ့ပြီးနောက် စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားလိုက်သည်။

ထူးခြားအခြေအနေများ ဖြစ်ပေါ်လာခြင်း မရှိပါက ယခုနှစ်အတွင်းမှာပင် မြို့တော်ဆိုးလ်သို့ မြောက်ကိုရီးယားခေါင်းဆောင် လာရောက်နိုင်ကြောင်း သမ္မတမွန်းက အတည်ပြုပြောကြားသည်။ သမ္မတမွန်းသည် မြောက်ကိုရီးယား၏ အဏုမြူလက်နက်များ ဖျက်သိမ်းရေးနှင့် ပတ်သက်၍ ကြိုးပမ်းအားထုတ်မှုများ အရှိန်အဟုန်မြှင့်တင်နိုင်ရန် ရည်ရွယ်လျက် မြို့တော်ပြုံယမ်းသို့ သွားရောက်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ တောင်ချန်းရီဒေသရှိ ဒုံးပျံအင်ဂျင်စမ်းသပ်ရေးစခန်းနှင့် ဒုံးပျံလွှတ်တင်ရေးစခန်းတို့ကို သက်ဆိုင်ရာနိုင်ငံများမှ ကျွမ်းကျင်သူပညာရှင်များ၏ ရှေ့မှောက်တွင် ထာဝရပိတ်သိမ်းရန် မြောက်ကိုရီးယားခေါင်းဆောင်က သဘောတူညီခဲ့ကြောင်း သမ္မတမွန်းက ဆက်လက်ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ ပြုံကန်မြောက်ပိုင်းပြည်နယ် ချိုဆန်းစီရင်စုရှိ ဟိုပေးစခန်း၌ ဒုံးပျံစမ်းသပ်ပစ်ခတ်မှု အများအပြားကို မြောက်ကိုရီးယားက လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များအရ မြောက်ကိုရီးယား၏ ပဲ့ထိန်းဒုံးပျံအစီအစဉ်ကို ပိတ်ပင်တားမြစ်ထားသည်။ သို့ရာတွင် မြောက်ကိုရီးယားသည် ပြုံယမ်းလေဆိပ်အပါအဝင် အခြားနေရာ အများအပြားကိုလည်း ရော့ကက်ဒုံးပျံများ စမ်းသပ်ပစ်ခတ်နိုင်ရန် အသုံးပြုခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကတိပြုခဲ့သည့်အတိုင်း ဒုံးအင်ဂျင်စမ်းသပ်ရေးစင်မြင့်တစ်ခုအား မြောက်ကိုရီးယားအလုပ်သမားများက ဖျက်သိမ်းနေပုံကို ဩဂုတ်လအတွင်း ပေါ်ထွက်ခဲ့သော ဂြိုဟ်တုဓာတ်ပုံများအရ သိရှိရသည်။

အမေရိကန်သည် သင့်တင့်လျောက်ပတ်သော အစီအမံများအတိုင်း ဆောင်ရွက်မည်ဆိုပါက ယုံဘြောင်အဏုမြူစခန်းကို မြောက်ကိုရီးယားက ပိတ်သိမ်းပေးနိုင်ကြောင်း သမ္မတမွန်းက ပြောကြားသည်။

အေအက်ဖ်ပီ

အမေရိကန် စစ်စခန်းချထားနိုင်ရေး ဒေါ်လာသန်းနှစ်ထောင်ထည့်ဝင်ရန် ပိုလန်ကမ်းလှမ်း

ဝါရှင်တန် စက်တင်ဘာ ၁၉

ဥရောပတိုက်တွင် ရုရှားနိုင်ငံနှင့် နီးကပ်စွာ တည်ရှိနေသော မဟာဗျူဟာအရ အရေးပါသည့် ပိုလန်နိုင်ငံက အမေရိကန်တပ်ဖွဲ့များ အမြဲတမ်းအခြေစိုက်စခန်း ဖွင့်လှစ်ရန် ကမ်းလှမ်းချက်ကို မိမိအလေးအနက်ပြု စဉ်းစားသုံးသပ်နေကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားလိုက်သည်။

ပိုလန်သမ္မတ အန်ဒရဲဂျက်ဒူဒါနှင့် အမေရိကန်သမ္မတ ထရန့်တို့ အိမ်ဖြူတော်တွင် ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် သမ္မတထရန့်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ပိုလန်နိုင်ငံတွင် အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခု ထားရှိနိုင်ရေးအတွက် ကုန်ကျစရိတ်အဖြစ် အမေရိကန်ဒေါ်လာသန်း ၂၀၀၀ ထက်မနည်းကို ယင်းနိုင်ငံက ထည့်ဝင်မည်ဟု ကမ်းလှမ်းခဲ့သည်။ ယင်းသို့ ကမ်းလှမ်းမှုသည် ရုရှားအစိုးရအား အမျက်ဒေါသထွက်စေဖွယ်ရှိသည်။

စစ်ရေးအရ အကာအကွယ်ပေးနိုင်မှု ရှုထောင့်အရလည်းကောင်း၊ ကုန်ကျစရိတ်အရ လည်းကောင်း သုံးသပ်လေ့လာသွားမည်ဖြစ်ကြောင်း သမ္မတထရန့်က ပြောကြားသည်။

နေတိုးအဖွဲ့ဝင် နိုင်ငံဖြစ်သည့် ပိုလန်နိုင်ငံသည် ရုရှားနှင့် ဆိုဗီယက်ယူနီယံတို့၏ ဩဇာလွှမ်းမိုးမှုကို ကာလရှည်ကြာစွာ တွေ့ကြုံခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခု အမြဲတမ်းဖွင့်လှစ်ထားရှိရန် လိုလားကြောင်း ပိုလန်သမ္မတဒူဒါက ပြောကြားလိုက်ပြီး အဆိုပါစစ်အခြေစိုက်စခန်းကို ‘ထရန့်ခံတပ်’ဟု ခေါ်တွင်ဖွယ်ရှိကြောင်း ၎င်းက အရွှန်းဖောက်ပြောကြားသည်။

ပိုလန်၌ ဖြန့်ကြက်မည့် အမေရိကန်စစ်စခန်း တည်ဆောက်မှုလုပ်ငန်းအတွက် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံမှ ၂ ဘီလီယံအထိကို ပိုလန်နိုင်ငံက ထည့်ဝင်ရန် ကတိပြုခဲ့သည်။

နေတိုးအဖွဲ့ဝင် ပိုလန်နိုင်ငံသည် စစ်ရေးအသုံးစရိတ် မြှင့်တင်မှုကို ဦးဆောင်ပြုလုပ်ခြင်းအတွက် မိမိတို့ ချီးကျူးပါကြောင်း၊ သို့ရာတွင် ယင်းနိုင်ငံ၌ အမြဲတမ်းစစ်စခန်း ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ မည်သည့်ဆုံးဖြတ်ချက်မျှ ချမှတ်ရခြင်း မရှိသေးကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်က ပြောကြားသည်။

စခန်းဖွင့်လှစ်ရေး ဆိုသည်မှာ ကျယ်ပြန့်ကြောင်း၊ စစ်စခန်း တည်ဆောက်ခြင်းအပြင် လေ့ကျင့်ရေးကွင်းများ၊ ပြုပြင်ထိန်းသိမ်းရေးစခန်းများစသည့် ဆက်စပ်နေသော နေရာဌာနများကိုပါ တည်ဆောက်ရန် လိုအပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အေအက်ဖ်ပီ

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း၏ ပြစ်ဒဏ်ကို ဆိုင်းငံ့ထားရန် တရားရုံးညွှန်ကြား

အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၉

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း နာဝပ်ရှရစ်ဖ်နှင့် ၎င်း၏ သမီးဖြစ်သူတို့ အကျဉ်းချခံထားရရာမှ ပြန်လည်လွှတ်ပေးရန် တရားရုံးတစ်ရုံးက စက်တင်ဘာ ၁၉ ရက်တွင် အမိန့်ထုတ်ပြန်လိုက်ကြောင်း၊ ၎င်းတို့၏ အယူခံလွှာ ကြားနာစစ်ဆေးပြီးချိန်အထိ ၎င်းတို့ ကျခံရမည့် ပြစ်ဒဏ်ကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ရှရစ်ဖ်၏ ဥပဒေအကျိုးဆောင် ရှေ့နေက ပြောကြားသည်။

ယခုနှစ် အစောပိုင်းက နာဝပ်ရှရစ်ဖ်၊ ၎င်း၏ သမီး မာယန်နာဝပ်နှင့် သမက် ဆာဒါးတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး တရားရုံးတစ်ရုံးက ချမှတ်ခဲ့သော ပြစ်ဒဏ်စီရင်ချက်များကို ဆိုင်းငံ့ထားရန် အစ္စလာမ္မာဘတ် တရားရုံးချုပ်က အမိန့်ထုတ်ပြန်ခဲ့သည်။ ၎င်းတို့ အာမခံရရှိပြီးနောက် အကျဉ်းကျနေရာမှ ပြန်လည်လွတ်မြောက်လာမည်ဟု မျှော်လင့်သည်။ **အေအက်ဖ်ပီ**

၂၀၁၇ ခုနှစ်အတွင်း ငါးနှစ်အောက်ကလေးငယ် ၅ ဒသမ ၄ သန်းခန့် သေဆုံးကြောင်း တွေ့ရှိရ

ကုလသမဂ္ဂ စက်တင်ဘာ ၁၉

၂၀၁၇ ခုနှစ်အတွင်း ငါးနှစ်အောက်ကလေးငယ် ၅ ဒသမ ၄ သန်းခန့် သေဆုံးခဲ့ကြောင်းနှင့် အများစုမှာ ကြိုတင်ကာကွယ်နိုင်သောရောဂါများ ကူးစက်ခံရသော်လည်း အပြည့်အဝထိန်းသိမ်းစောင့်ရှောက်ခြင်း မရှိခဲ့ခြင်းကြောင့် သေဆုံးခြင်းဖြစ်သည်ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က ယနေ့သတင်းတစ်ရပ် ထုတ်ပြန်ကြေညာသည်။

စက်တင်ဘာ ၁၈ ရက်တွင် ကုလသမဂ္ဂနိုင်ငံတကာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့ (ယူနီဆက်)က ၂၀၁၇ ခုနှစ် ကမ္ဘာတစ်ဝန်းရှိ ကလေးငယ်များအခြေအနေခေါင်းစဉ်ဖြင့် အစီရင်ခံစာတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

အသက်ငါးနှစ်မတိုင်မီ သေဆုံးသွားကြသည့် ကလေးငယ် ၈၀ ရာခိုင်နှုန်းသည် တောင်အာရှနှင့် ဆာဟာရသဲကန္တာရ တောင်ဘက်ပိုင်းရှိ အာဖရိကနိုင်ငံများမှ ဖြစ်ကြောင်း အဆိုပါအစီရင်ခံစာတွင် ပါရှိသည်။

ကလေးငယ်များသေဆုံးခြင်း၏ အကြောင်းရင်းမှာ နမိုးနီးယား (အဆုတ်ရောင်ရောဂါ)၊ ကာလဝမ်းရောဂါနှင့် ငှက်ဖျားရောဂါများ ဖြစ်စေနိုင်သည့် ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်မှု ပြည့်ဝစွာရရှိမှုမရှိခြင်းနှင့် အာဟာရချို့တဲ့ခြင်းတို့ကြောင့်ဖြစ်သည်ဟု အစီရင်ခံစာအရ သိရသည်။

ကာကွယ်ဆေးများ လုံလောက်စွာ ပေးဝေမှုနှင့် သန့်ရှင်းသော ရေရရှိမှုတို့သည် ကလေးများ၏ သေဆုံးမှုနှုန်းကို လျှော့ချပစ်နိုင်သည်ဟု ကုလသမဂ္ဂနိုင်ငံတကာ ကလေးများအရေးပေါ် ရန်ပုံငွေအဖွဲ့ (ယူနီဆက်) ဒါရိုက်တာတစ်ဦးက ဆိုသည်။

၂၀၁၇ ခုနှစ်အတွင်း ငါးနှစ်အောက်ကလေးငယ်များ သေဆုံးမှု နှုန်းသည် ၁၉၉၀ ပြည့်နှစ်အတွင်း ကလေးငယ်များ သေဆုံးမှုနှုန်းနှင့် နှိုင်းယှဉ်ပါက ထက်ဝက်ကျော် လျော့ကျလျက်ရှိကြောင်း တွေ့ရှိရသည်။ သို့သော် ဆင်းရဲမှုတိုက်ဖျက်ရေးနှင့် ပညာသင်ကြားပေးခြင်းများအပြင် ကလေးငယ်များအား ဆေးဝါးထောက်ပံ့ပေးမှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတကာအကူအညီများ လိုအပ်ကြောင်း ကုလသမဂ္ဂနိုင်ငံတကာ ကလေးများအရေးပေါ် ရန်ပုံငွေအဖွဲ့ (ယူနီဆက်) ဒါရိုက်တာက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

✻ ဟံသာဝတီမှ

ပိုမိုရှုန်းကန်ရမည်ဖြစ်သည်။

ဟံသာဝတီအသင်းတွင် အဓိကတိုက်စစ်မှူး ဂျိုးဇက်မပါဝင်နိုင်သောကြောင့် မတ်ခ်ဆာကီကို ပြည်မိုးနှင့် တွဲဖက်အသုံးပြုခဲ့ပြီး ပြည်တွင်းကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ကာ ရှမ်းယူနိုက်တက်အသင်းမှာလည်း နိုင်ငံခြားသား ကစားသမားသုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သည်။ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဂိုးရနိုင်သည့်အခွင့်အရေးပိုရခဲ့ပြီး ဟံသာဝတီ အသင်းမှာမူ တိုက်စစ်တွင် မတ်ခ်ဆာကီ တစ်ဦးတည်းဖြစ်နေသောကြောင့် ရှမ်းယူနိုက်တက်နောက်တန်း အလွယ်တကူဖျက်ထုတ်နိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်း၏ တိုက်စစ်ကစားပုံများကို ဟံသာဝတီ နောက်တန်း အမှားအယွင်းမရှိ ဖျက်ထုတ်နိုင်ခဲ့၍ ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်းတို့၏ ဆီမီးဖိုင်နယ်ဒုတိယအကျော့ကို စက်တင်ဘာ ၂၆ ရက်တွင် တောင်ကြီးကွင်း၌ ကျင်းပမည်ဖြစ်သည်။ **သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှု

စဉ်	အကြောင်းအရာ	၂၀၁၇ ဩဂုတ်လထိ	၂၀၁၈ ဩဂုတ်လထိ	တိုးတက်မှု	ရာခိုင်နှုန်း
၁	လေကြောင်းဖြင့် လာရောက်သူများ	၈၃၀၇၂၇	၈၃၅၅၅၇	၄၈၃၀	(+) ၁%
၂	အပျော်စီးသင်္ဘောဖြင့် ဝင်ရောက်သူများ	၅၂၂၈	၇၀၀၉	၁၇၈၁	(+) ၃၄%
၃	နယ်စပ်ဝင်ပေါက်မှ အတွင်းပိုင်းထိလာရောက်သူများ	၂၅၄၂၉	၂၇၂၂၂	၁၇၉၃	(+) ၇ %
	ဗီဇာဖြင့်လာရောက်သူပေါင်း	**၈၆၁၃၈၄**	**၈၆၉၇၈၈**	**၈၄၀၄**	**(+) ၁ %**
၄	နယ်စပ်တွင် ဝင်ရောက်သူများ	၁၄၁၇၈၆၀	၁၃၉၀၁၉၃	-၂၇၆၆၇	(-) ၂%
	စုစုပေါင်း	**၂၂၇၉၂၄၄**	**၂၂၅၉၉၈၁**	**-၁၉၂၆၃**	**(-) ၁%**

သတင်းစဉ်

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး ကုန်စည်ပြပွဲကျင်းပမည်

ရန်ကုန်   စက်တင်ဘာ   ၁၉

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ ချစ်ကြည်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေး ပိုမိုတိုးတက်စေရန် ရည်ရွယ်ကျင်းပသည့် YANGON EXPO & THAI PRODUCTS FAIR 2018 ကုန်စည်ပြပွဲကို စက်တင်ဘာ ၂၀ ရက်မှ ၂၄ ရက်ထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲတွင် မြန်မာနှင့် ထိုင်းနိုင်ငံတို့သာမက နိုင်ငံတကာမှ ကုန်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်နှင့် အိမ်သုံးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းသုံးဆေးနှင့် ဆက်စပ်ပစ္စည်းများ စသည်တို့ကို ဆိုင်ခန်းပေါင်း ၁၅၀ ကျော်ဖွင့်လှစ်ကာ ဈေးနှုန်းချိုသာစွာဖြင့် ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် နာမည်ကျော် အနုပညာရှင်များနှင့် အကပညာရှင်များက ဖျော်ဖြေသွားမည်ဖြစ်ပြီး ပြပွဲကာလအတွင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

ကြေးမုံ

အာရှ ယူ-၁၆ ခြေစစ်ပွဲတွင် မြန်မာအမျိုးသမီးအသင်း မလေးရှားကို သုံးဂိုးပြတ် အနိုင်ရ

ရန်ကုန်   စက်တင်ဘာ   ၁၉

၂၀၁၉ အာရှ ယူ-၁၆ ခြေစစ်ပွဲ ပထမအဆင့် အုပ်စု(C)ပထမနေ့ကို ယနေ့ ညနေပိုင်းက နီပေါနိုင်ငံ၌ စတင်ကျင်းပရာ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း သုံးဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် မလေးရှားနှင့် စတင်ယှဉ်ပြိုင်ခဲ့ရပြီး ပွဲဦးထွက်သုံးမှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် မလေးရှားအသင်း၏ တုံ့ပြန်မှုကြောင့် ခက်ခက်ခဲခဲကစားခဲ့ရသော်လည်း ဒုတိယပိုင်းတွင် ရရှိသည့်ဂိုးများဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၆ အမျိုးသမီးအသင်းသည် ပွဲစကတည်းက ဂိုးရရန် ကြိုးစားခဲ့သော်လည်း မလေးရှားအသင်းက အမှားအယွင်းမရှိကစားခဲ့ရာ မိနစ် ၇၀ ကျော်အထိ ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ပေ။ ၇၅ မိနစ်တွင် မြန်မာအသင်းဂိုးစရခဲ့ပြီး တိုက်စစ်မှူး မြတ်နိုးခင်က ၇၅၊ ၈၇၊ ၈၈ မိနစ်တွင် ဟက်ထရစ်သွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲအုပ်စု(C)တွင် မလေးရှား၊ ဖိလစ်ပိုင်၊ နီပေါတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး ပထမနေ့ အခြားပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းက အိမ်ရှင်နီပေါအသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် နီပေါအသင်းနှင့် စက်တင်ဘာ ၂၁ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ပိတ်ပွဲ စမ်းချောင်း၌ ကျင်းပ

ရန်ကုန်   စက်တင်ဘာ   ၁၉

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် ပဒုမ္မာလမ်း ပဒုမ္မာဘောလုံးကွင်း၌ စက်တင်ဘာ ၁၈ ရက် ညနေ ၃ နာရီက ၂၀၁၈ ခုနှစ် စမ်းချောင်းမြို့နယ်အုပ်ချုပ်ရေးမှူးဖလား၊ ရပ်ကွက်ပေါင်းစုံ အသက် ၂၀ နှစ်အောက်ဘောလုံးပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အသင်းအုပ်ချုပ်သူများ တက်ရောက်ခဲ့ကြပြီး ဆုရရှိသည့် အသင်းများအား ဆုများချီးမြှင့်ခြင်း၊ အကောင်းဆုံးကစားသမားဆုနှင့် တံခွန်စိုက်ဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နေပြည်တော်နှင့် အနီးတစ်ဝိုက်

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘာစီလိုနာအသင်းက ပီအက်စ်ဗွီအသင်းကို လေးဂိုးပြတ် အနိုင်ရရှိပြီး တိုက်စစ်မှူး လီယွန်နယ်မက်ဆီ ဟက်ထရစ်ဂိုးသွင်းယူ

၂၀၁၈-၂၀၁၉ ဘောလုံးရာသီ၏ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(B)၏ အုပ်စုအဆင့်ပွဲစဉ်တစ်ပွဲဖြစ်သည့် ဘာစီလိုနာအသင်းနှင့် ပီအက်စ်ဗွီ အသင်းတို့၏ ပွဲစဉ်တွင် ဘာစီလိုနာအသင်းက လေးဂိုးပြတ်အနိုင်ရရှိ ခဲ့သည်။

အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူးမက်ဆီက ပွဲကစားချိန် ၃၁ မိနစ်၊ ၇၇ မိနစ်နှင့် ၈၇ မိနစ်တို့တွင် သုံးဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး ပွဲကစားချိန် ၇၄ မိနစ်တွင် တိုက်စစ်မှူး ဒမ်ဘီလီက တစ်ဂိုးသွင်းယူပေးခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်း လေးဂိုးပြတ် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာ အသင်း အနိုင်ရရှိခဲ့သော်လည်း နောက်တန်းကစားသမား အမ်တီတီမှာ ပွဲကစားချိန် ၇၉ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

ဘာစီလိုနာအသင်းသည် ယခုပွဲစဉ် အနိုင်ရရှိခဲ့ခြင်းကြောင့် အိမ်ကွင်းနျူးကမ့်၌ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်နောက်ဆုံး ပွဲစဉ် ၂၇ ပွဲတွင် ၂၅ ပွဲနိုင်ပွဲရရှိခဲ့သည့် မှတ်တမ်းတစ်ရပ်စိုက်ထူနိုင် ခဲ့ပြီး နှစ်ပွဲမှာ သရေရလဒ်ထွက်ပေါ်ထားခဲ့သည်။ ထို့ကြောင့် ဘာစီလိုနာအသင်းသည် ၂၀၁၃ ခုနှစ် မေလအတွင်းက ဘိုင်ယန်မြူးနစ် အသင်းအား သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ရှုံးပွဲမရှိ စံချိန်တင်ထား နိုင်ခဲ့သည်။

ပီအက်စ်ဗွီအသင်းမှာမူ ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့ရခြင်း ကြောင့် ချန်ပီယံလိဂ်နောက်ဆုံးကစားခဲ့သည့် ကိုးပွဲတွင် နိုင်ပွဲတစ်ပွဲ မှ ရရှိထားခဲ့ခြင်းမရှိဘဲ လေးပွဲသရေ ငါးပွဲရှုံးသည့် အသင်းအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။ တိုက်စစ်မှူး မက်ဆီမှာမူ ချန်ပီယံလိဂ်တွင် မတူညီ သည့်အသင်းများတွင် သွင်းဂိုး ၃၀ သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး ရာအူးလ် မှာ ၃၃ ဂိုး၊ စီရိုနယ်လ်ဒိုမှာ ၃၂ ဂိုးသွင်းယူထားကြောင်း သိရသည်။

ဂျူဗင်တပ်တောင်ပံကစားသမား ဒေါက်ဂလပ်ကော်စတာ လေးပွဲပယ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရ

ဂျူဗင်တပ် တောင်ပံကစားသမား ဒေါက်ဂလပ်ကော်စတာသည် ဂျူဗင်တပ်အသင်းက ဆာဆူအိုလိုအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် စီးရီးအေပွဲစဉ်တွင် ဆာဆူအိုလိုကစားသမား ဒီဖရန်စီကိုနှင့် အချင်းများခဲ့ခြင်းကြောင့် စီးရီးအေပွဲစဉ်လေးပွဲအထိ ကစားခွင့်ပိတ်ပင်ခံခဲ့ရကြောင်း သိရသည်။

ဒေါက်ဂလပ်ကော်စတာသည် အဆိုပါ ပွဲစဉ်တွင် ဒီဖရန်စီကိုက ကြမ်းတမ်းစွာကစားခဲ့ခြင်းကြောင့် တံတောင်ဖြင့် တွန်းခဲ့ခြင်းဖြစ်သည်။

အသက် ၂၈ အရွယ်ရှိ ဘရာဇီးတောင်ပံကစားသမား ဒေါက်ဂလပ်ကော်စတာ၏ အပြုအမူနှင့် စပ်လျဉ်း၍ ရုပ်မြင်သံကြား အနှေးပြကွက်မှတစ်ဆင့် ပြန်လည်ပြသခဲ့ပြီးနောက် အနီကတ်ပြထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။ ဒေါက်ဂလပ်ကော်စတာသည် ပွဲပယ်ပြစ်ဒဏ်ကြောင့် စီးရီးအေပွဲစဉ်များဖြစ်သည့် ဖရိုစီနိုနီအသင်း၊ ဘိုလော့ဂ်နာအသင်း၊ နာပိုလီအသင်းနှင့် အူဒီးနီးစ်အသင်းတို့နှင့် ပွဲစဉ်များတွင် လွဲချော်မည်ဖြစ်ကြောင်းလည်း သိရသည်။

ဒေါက်ဂလပ်ကော်စတာသည် ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရသော်လည်း ဆာဆူအိုလိုအသင်းနှင့် ပွဲစဉ်တွင် ကြမ်းတမ်းစွာကစားခဲ့ခြင်းကြောင့် အီတလီဘောလုံးအဖွဲ့ချုပ်အနေဖြင့် အခြားသောမည်သည့်ပြစ်ဒဏ်ကိုမျှ ထပ်မံချမှတ်မည်မဟုတ်ကြောင်းလည်း သိရသည်။

ငွေကြယ် - ရေးသားသည်

အမြို့မြို့အနယ်နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၉

ဟိုပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက မိုးညှင်းမြို့နယ် ဟိုပင်မြို့ မြို့မ(မြောက်)ရပ်ကွက် အောင်ရတနာလမ်းရှိ မင်းခန့်၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ နော်မိုင်အားတွေ့ရှိပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀ တွေ့ရှိ၍ သိမ်းဆည်းနေစဉ် ခြံဝင်းအတွင်းသို့ အောင်ကျော်လွင်(ခ)စိုင်းအောင်သည် မော်တော်ဆိုင်ကယ်စီးနင်းဝင်ရောက်လာသဖြင့် ဆက်လက်ရှာဖွေခဲ့ရာ ၎င်းဝတ်ထားသည့် ဘောင်းဘီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀ ကိုလည်းကောင်း၊ အလားတူယင်းနေ့ နံနက်ပိုင်းတွင် တပ်မတော်မှ ကျိုက်မရောမြို့နယ် ကြက်ခတ်ကုန်းကျေးရွာအုပ်စု သုခမြိုင်လမ်းဆုံတွင် ဇေငြိမ်းအေး မောင်းနှင်ပြီး မင်းပန်းညွန့် လိုက်ပါလာသည့် မော်တော်ယာဉ်ကို စစ်ဆေးရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၃၆ ပြားကိုလည်းကောင်း။

စစ်တွေ

မူးယစ်တပ်ဖွဲ့စု(၄၇)စစ်တွေမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၇ ရက် ည ၉နာရီက စစ်တွေမြို့ ဝေသာလီဘောလုံးကွင်းရှေ့တွင် ထိန်လင်းဦးအားစစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ စစ်တွေမြို့ ကုန်တန်းရပ်ကွက်နေ လူချေ(ခ)ဝင်းမြင့်၏နေအိမ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၇၉ ပြား၊ ဆေးခြောက် ၇၀၀ ဂရမ်၊ တစ်ကျပ်သားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်(ရေ)မှ ယမန်နေ့နံနက်ပိုင်းတွင် နတ်မြစ်အတွင်း နယ်မြေစိုးမိုးရေး ဆောင်ရွက်နေစဉ် တစ်ဖက်နိုင်ငံသို့လှော်ခတ်နေသည့် လက်ခတ်လှေတစ်စင်းကိုတွေ့ရှိ၍ မီးအချက်ပြခေါ်ယူစဉ် လှော်ခတ်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ မင်္ဂလာကြီးချောင်းဝအနီးတွင် လှေလှော်ခတ်သူများသည် ရေထဲသို့ခုန်ချထွက်ပြေးသွားသဖြင့် ကျန်ရှိသည့်လက်ခတ်လှေအား ရှာဖွေရာ လှေပေါ်ရှိဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀ကို သိမ်းဆည်းရမိခဲ့သည်။

မင်္ဂလာဒုံ

အလားတူ မူးယစ်တပ်ဖွဲ့စု(၄၅)ရန်ကုန်လေဆိပ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ညနေ ၃ နာရီခွဲခန့်က မင်္ဂလာဒုံမြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal-3 အတွင်း ရောက်ရှိလာသည့် မြတ်ထက်သီဟအား ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ဘောင်းဘီအိတ်အတွင်းမှ အိုက်စ် ၃ ဂရမ်၊ မြန်မာငွေကျပ် ၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မရမ်းကုန်းမြို့နယ် ကိုးမိုင်လမ်းဆုံအနီးတွင် စောင့်ဆိုင်းနေစဉ် မိုးထက်ကျော် မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်ရှေ့ထိုင်ခုံပေါ်ရှိအိတ်အတွင်းမှ ဘိန်းဖြူ ၆ ဒသမ ၅ ဂရမ်၊ ဘိန်းဆီခဲ ၃၀ ဂရမ်၊ အိုက်စ် ၁၈ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၂၀၊ ငွေကျပ် ၁၀၉၀၀၀၀၊ အမေရိကန်ဒေါ်လာ ၆၃၂ ဒေါ်လာကို လည်းကောင်း။

ဇေငြိမ်းအေးနှင့် မင်းပန်းညွန့်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

လောက်ကိုင်

တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု(၂၁)ကွမ်းလုံမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၇ ရက် ညနေ ၇နာရီခွဲက လောက်ကိုင်မြို့အဝင်၊ ကြံခင်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် လောက်ကျောင်း မောင်းနှင်ပြီး လောက်ဟောင်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

ရာသီတုပ်ကွေးရောဂါ မိမိကစ၍ကာကွယ်ပါ

- ရာသီတုပ်ကွေးရောဂါသည် တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားပြီးအသက်ရှုလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်ပါသည်။
- နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ပါးစပ်နှင့်နှာခေါင်းကို လုံအောင်အုပ်ပါ။
- နှာချေ၊ ချောင်းဆိုးပြီးချိန်နှင့် ရောဂါလက္ခဏာရှိသူများအား ထိတွေ့ကိုင်တွယ်ပြီးချိန်တိုင်း လက်ကိုရေနှင့်ဆပ်ပြာတို့ဖြင့် စင်ကြယ်စွာဆေးကြောပါ။
- တုပ်ကွေးရောဂါဖြစ်ပွားသူနှင့် နီးကပ်စွာနေထိုင်ခြင်း၊ လူထူထပ်သောနေရာများသို့ သွားလာခြင်းတို့ကို ရှောင်ကြဉ်ပါ။
- လုံလောက်စွာအနားယူပြီး အာဟာရပြည့်ဝသည့်အစားအစာများ စားသုံးပါ။

ရာသီတုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများနှင့် ကျန်းမာရေးဌာနများတွင်ကုသမှုခံယူပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စိစစ်ဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့် ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အစားအသောက်များ၌ ခွင့်မပြုဆိုးဆေးများ ပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသား အစားအသောက် ဥပဒေပုဒ်မ ၂၈(က)အရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

စဉ်	အစားအသောက် အမျိုးအစား	အမှတ်တံဆိပ်	ခွင့်မပြုဆိုးဆေးပါဝင်မှု
၁။	အရောင်တင်မှုန့်	ရွှေဟင်္သာ	Sudan III
၂။	လက်ဖက်	ဟင်္သာမင်း	Auramine O
၃။	ပဲကြီးလှော်	ရွှေပြည်စိုး	Auramine O
၄။	လက်ဖက်နှပ်	တောင်ကြီး	Auramine O
၅။	ပုစွန်ငါးပိထောင်း	Thiri Aung	Rhodamine B
၆။	မျှင်ငါးပိထောင်း	ကောင်းထက်ကောင်း	Rhodamine B
၇။	စိမ်းစားငါးပိ	ဧရာကမ္ဘာ	Rhodamine B

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

အင်းတော်မြို့နယ်တွင် မှန်လုံယာဉ်တစ်စီး တိမ်းမှောက်၊ ငါးဦးဒဏ်ရာရ

အင်းတော် စက်တင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ညောင်ပင်သာကျေးရွာအနီးတွင် လူစီးမှန်လုံယာဉ်တစ်စီး တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၉ ရက်က အောင်ကို မောင်းနှင်လာသော လူစီးမှန်လုံယာဉ်မှာ ရွှေဘို-မြစ်ကြီးနားသွားကားလမ်း အင်းတော်မြို့နယ် ညောင်ပင်သာကျေးရွာအနီးတွင် အရှိန်လွန်ကာ လမ်း၏ယာဘက်သို့တိမ်းမှောက်သွားပြီး ယာဉ်ပေါ်ပါအမျိုးသား နှစ်ဦး၊ အမျိုးသမီး သုံးဦးမှာ ဒဏ်ရာများရရှိသွားကြောင်း စစ်ဆေးတွေ့ရှိရသည်။

ယာဉ်အားပေါ့ဆစွာမောင်းနှင်သူ အောင်ကို တမာကုန်းရပ် ပြည်ကြီးတံခွန်မြို့နယ် မန္တလေးမြို့နေထိုင်သူအား မော်လူးနယ်မြေရဲကင်းစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃၄ စီး ၊ သွင်းကုန် ၅၆၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄ စီး၊ သွင်းကုန် ၁၆၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇ ဒသမ ၄၅၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၇၈၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁ ဒသမ ၂၃၅ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် Foton ခြောက်ဘီးယာဉ်နှစ်စီးနှင့် Toyota Mark II ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားမဝင် သယ်ဆောင်လာသည့် ပိတောက်ခားရွေ ၄ ဒသမ ၁၅၀၂ တန်နှင့် အဆိုပါ ပစ္စည်းများ သယ်ဆောင်သည့်ယာဉ် သုံးစီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇ ဒသမ ၄၅၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျောက္ကာမြောက်ကျေးရွာ ရေနံချက်ဖိုကုန်းတွင် မီးလောင်

မုံရွာ စက်တင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျောက္ကာမြောက်ကျေးရွာရှိ ရေနံချက်ဖိုကုန်းတွင် စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ရေနံစိမ်းချက်ရာမှ ချက်ဖိုဖင်ပါး၍ ယိုစိမ့်ထွက်လာသော ဆီမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မုံရွာမြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများဦးဆောင်ကာ မုံရွာမြို့နယ်အတွင်းရှိ ရန်ကင်း၊ ထန်းတော၊ စက်မှုဇုန်နှင့် ကျောက္ကာမြောက်ရွာတို့မှ မီးသတ်ကား ၁၆ စီး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်နှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ရာ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ကျောက္ကာမြောက်ရွာနေ ရေနံချက်ဖိုပိုင်ရှင် ဦးမြင့်ဝင်း၏ ရေနံစိမ်း ဂါလန် ၂၅၀၊ ရေနံစိမ်းချက်ဖို အဆောက်အအုံတစ်လုံး ဆုံးရှုံးသွားကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

မန္တလေး-မြစ်ကြီးနား ရထားပေါ်တွင် ခရီးသည်အမျိုးသားတစ်ဦး သေဆုံး

အင်းတော် စက်တင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားဘူတာရုံအဝင် မန္တလေး-မြစ်ကြီးနားအမှတ်(၃၈)အစုန်ရထားပေါ်တွင် စက်တင်ဘာ ၁၇ရက်က ခရီးသွားအမျိုးသားတစ်ဦး ရုတ်တရက်သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ ကိုလင်း ၃၅နှစ် အရာတော်ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ် မန္တလေးတိုင်းဒေသကြီးနေထိုင်သူဖြစ်ကြောင်း၊ ၎င်းမှာ ကျန်းမာရေးချို့တဲ့လျက်ရှိပြီး ယင်းနေ့ည ၈နာရီ မိနစ်၂၀ ခန့်က သေဆုံးခဲ့ခြင်းဖြစ် ကြောင်း၊ အဆိုပါ သေဆုံးမှုမှာ ဓမ္မတာကြောင့် သေဆုံးမှု ဟုတ်၊ မဟုတ်သိရှိနိုင်ရန်အတွက် နဘားရဲတပ်ဖွဲ့စု တပ်ဖွဲ့ဝင်များ၊ နဘားရုံပိုင်ကြီးနှင့် တာဝန်ရှိသူများက အင်းတော်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နီတိုး(မိုးညှင်း)

မူဆယ်နမ့်တောင်းလမ်းတွင် မိုင်းပေါက်ကွဲ၊ တစ်ဦးသေဆုံး

မူဆယ် စက်တင်ဘာ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့နယ် နမ့်တောင်းရွာမှ ပန်ဆိုင်း(ကြူကုတ်)မြို့သို့ သွားသော ပြည်ထောင်စုလမ်းဘေးမှဖုန်းတိုင်ခြေတွင် ယနေ့ မွန်းလွဲ ၁ နာရီခန့်က မိုင်းဗုံးတစ်လုံးပေါက်ကွဲကြောင်း သိရသည်။ အဆိုပါ ပေါက်ကွဲမှုကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိသော်လည်း ညနေ ၃ နာရီ မိနစ် ၂၀ ခန့်တွင် ပထမပေါက်ကွဲသောနေရာအနီး၌ ထပ်မံ၍ ဗုံးပေါက်ကွဲမှုဖြစ်ရာ ပန်ဆိုင်း (ကြူကုတ်)ဈေးမှ နမ့်တောင်းရွာအိမ်သို့ ဆိုင်ကယ်စီးပြန်လာကြသော အမျိုး သမီးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိကြသဖြင့် မူဆယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ တစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်နှင့် မူဆယ်ခရိုင်ရဲမှူး၊ မူဆယ်မြို့နယ် ရဲမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က မူဆယ်မြို့ပြည်သူ့ဆေးရုံသို့ ဒဏ်ရာရရှိသူနှင့်သေဆုံးသူတို့အား သွားရောက်ကြည့်ရှုပြီး ၎င်းတို့၏ မိသားစုများကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(မူဆယ်)

အတ္ထရံမြစ်အတွင်း သင်္ဘောနှင့်စက်လှေတိုက်မိ၊ တစ်ဦးပျောက်ဆုံး

ကျိုက်မရော စက်တင်ဘာ ၁၉

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အတ္ထရံမြစ်အတွင်း၌ စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက သင်္ဘောနှင့်စက်လှေငယ်တစ်စင်းတိုက်မိ၍ စက်လှေမောင်းသူအမျိုးသမီးတစ်ဦး အတ္ထရံမြစ်အတွင်း ပျောက်ဆုံးနေသဖြင့် ရှာဖွေလျက်ရှိသည်။

အဆိုပါ ပျောက်ဆုံးသူအမျိုးသမီးမှာ ရှင်စောပုရပ်ကွက် ဗညားနွဲ့လမ်းနေ မျိုးသန္တာ ၃၉ နှစ်ဖြစ်၍ တိုက်မိသည့် သင်္ဘောမှာ ရန်ကုန်မှ ကျောက်မီးသွေးများကို MCL ကျိုက်မရောဘိလပ်မြေစက်ရုံသို့ ပို့ဆောင်ခဲ့ပြီး အပြန်တွင် စက်လှေငယ်နှင့်တိုက်မိခြင်းဖြစ်ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး (ကျိုက်မရော)

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

(ခ) ပြည်ပသွားဘက်ဆိုင်ရာဆေးတက္ကသိုလ် သို့မဟုတ် သွားဘက်ဆိုင်ရာ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုခုက ဖြစ်စေ အပ်နှင်းပြီး ကောင်စီကလည်း စိစစ်အသိအမှတ်ပြုထားသည့် ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် သင်တန်းဆင်းလက်မှတ်၊

(ဂ) ကောင်စီက ဖွင့်လှစ်သည့် အသိအမှတ်ပြုလက်မှတ်ဆိုင်ရာ သင်တန်းဆင်းလက်မှတ်။

၂၇။ အလုပ်အမှုဆောင်အဖွဲ့သည် -

(က) ပုဒ်မ ၂၆ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေးနှင့် အခြားသတ်မှတ်ထားသည့်ကြေးများ ပေးသွင်းစေ၍ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းခံရသော သွားဘက်ဆိုင်ရာ သူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူများ၏ အမည်နှင့် သက်ဆိုင်သော အချက်အလက်များကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရမည်။

၂၈။ ကောင်စီသည် သွားဘက်ဆိုင်ရာ သူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူတစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက အသိအမှတ်ပြုလက်မှတ်ကို ပယ်ဖျက်ရမည် -

(က) သက်ဆိုင်ရာကျင့်ဝတ်သိက္ခာ ဖောက်ဖျက်သည့်အပြင် သွားဘက်ဆိုင်ရာ သူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရန် မသင့်ဟု ကောင်စီက သတ်မှတ်ထားသော ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခံရခြင်း၊

(ခ) သွားဘက်ဆိုင်ရာ သူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူတစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ယွင်း၍ လုပ်ငန်းများဆက်လက်ထမ်းဆောင်ရန် မသင့်လျော်ခြင်း၊

(ဂ) သွားဘက်ဆိုင်ရာ သူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူတစ်ဦး၏ ကုသမှုဆိုင်ရာတာဝန်ကို ထမ်းဆောင်ရာတွင် အရမ်း သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်ခြင်း။

အခန်း(၁၁)

သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသခွင့်လိုင်စင်

၂၉။(က) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးသည် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဖြင့် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက အထွေထွေဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီသည် လျှောက်ထားချက်ကိုရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသောကြေးများ ပေးသွင်းစေ၍ လိုအပ်ပါက အရည်အချင်းစစ်ဆေးခြင်းပြုလုပ်ပြီး အရည်အချင်းပြည့်မီပါက အထွေထွေဆေးကုသခွင့်လိုင်စင် ထုတ်ပေးရမည်။ အရည်အချင်းပြည့်မီခြင်းမရှိလျှင် ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

၃၀။(က) အထွေထွေဆေးကုသခွင့်လိုင်စင်ရရှိထားပြီး သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးသည် အထူးဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီသည် လျှောက်ထားချက်ကိုရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးပေးသွင်းစေ၍ လိုအပ်သည့် အရည်အချင်းပြည့်မီပါက အထူးဆေးကုသခွင့်လိုင်စင် ထုတ်ပေးရမည်။ အရည်အချင်းပြည့်မီခြင်းမရှိလျှင် ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

၃၁။(က) သွားနှင့်ခံတွင်းဆိုင်ရာ ဘွဲ့ရရှိထားသော နိုင်ငံခြားသားဆရာဝန်တစ်ဦးဦးသည် မြန်မာနိုင်ငံတွင် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဖြင့် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက ကန့်သတ်ဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီသည် လျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့စိစစ်ရန် လွှဲပြောင်းပေးရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသောကြေးများ ပေးသွင်းစေ၍ ကုသခွင့်ရှိသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာနှင့် ဘာသာရပ်အမျိုးအစား၊ ကုသခွင့်ရှိသော နေရာဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် ကန့်သတ်ဆေးကုသခွင့် လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၂။ အထွေထွေဆေးကုသခွင့်လိုင်စင်ရရှိသူ သို့မဟုတ် အထူးဆေးကုသခွင့်လိုင်စင်ရရှိသူသည် မိမိ၏ ဆေးကုသခွင့်လိုင်စင်ကို သက်တမ်းတိုးမြှင့်လိုပါက သက်ဆိုင်ရာဆေးကုသခွင့်လိုင်စင် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီသည် လျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်။

၃၃။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၂ အရ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၄။ ကောင်စီသည် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း ပြုနိုင်သည်-

(က) သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(ခ) ဥပဒေအရသတ်မှတ်ထားသော ဆေးအဖွဲ့၏စစ်ဆေးချက်အရ ဆေးကုသမှုလုပ်ငန်းတာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိခြင်း၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ကုသမှုဆိုင်ရာ တာဝန်ဝတ္တရားများကို အရမ်း သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်ခြင်း၊

(ဃ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ပြားခြင်း၊

(င) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ အရည်အချင်းနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(စ) ကောင်စီက သတ်မှတ်ထားသောကာလအတွင်း လုံလောက်သော အကြောင်းပြချက်မရှိဘဲ ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်ခြင်း။

အခန်း(၁၂)

သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့်ဆေးကုသခွင့်လိုင်စင်ရ
သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်၏ တာဝန်နှင့်ရပိုင်ခွင့်များ

၃၅။ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တို့သည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) ကောင်စီက သတ်မှတ်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) မှတ်ပုံတင်လက်မှတ်ရရှိပြီးနောက် ချီးမြှင့်ခံရသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့၊ ဒီပလိုမာစသည့် ထပ်ဆင့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအရည်အချင်းကို သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် မှတ်ပုံတင်စာရင်းတွင် ဖြည့်စွက်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ တင်ပြခွင့်ရှိသည်။

(ဃ) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(င) မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူခွင့်ရှိသည်။

၃၆။ ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်သည် မိမိရရှိသော ဆေးကုသခွင့်လိုင်စင်အမျိုးအစားအရ သွားနှင့်ခံတွင်း ဆေးကုသခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

၃၇။ ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်သည် အများဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည့် ကောင်စီဝင် ၁၃ ဦးအတွက်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကိုယ်စားပြု ကောင်စီဝင်တစ်ဦးစီ ရွေးချယ်တင်မြှောက်ရာတွင်လည်းကောင်း မိမိနှင့်သက်ဆိုင်ရာဒေသများကို ကိုယ်စားပြု၍ ရွေးချယ်တင်မြှောက်ရာတွင်-

(က) ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ်ဖြစ်စေ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်ဖြစ်စေ ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

အခန်း (၁၃)

အယူခံခြင်း

၃၈။(က) အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က) အရ တင်သွင်းသောအယူခံမှုကို စိစစ်ပြီး အလုပ်အမှုဆောင်အဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ချမှတ်သော ကောင်စီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

အခန်း(၁၄)

တားမြစ်ချက်

၃၉။ မည်သူမျှ ဆေးကုသခွင့်လိုင်စင်မရှိဘဲ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဖြင့် ဆေးကုသခြင်းမပြုရ။

၄၀။ မည်သည့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မျှ ဆေးကုသသည့်လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဆေးကုသသည့်လုပ်ငန်းအလိုက် ကျွမ်းကျင်မှုရှိကြောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကောင်စီကထုတ်ပေးသည့် လိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ အသိအမှတ်ပြုလက်မှတ်၊ ခွင့်ပြုချက်၊ သင်တန်းဆင်းလက်မှတ် သို့မဟုတ် အထောက်အထားရရှိသူမှအပ အခြားသူကို တာဝန်ပေးဆောင်ရွက်စေခြင်း မပြုရ။

ခြွင်းချက်။ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် သင်တန်းဆင်းလက်မှတ်ရရှိသူမှအပ အခြားသူတစ်ဦးဦးကို တာဝန်ပေးအပ်ဆောင်ရွက်သည့်ကိစ္စဖြစ်ပါက ကောင်စီက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ သုံးနှစ်အတွင်း လိုအပ်သောသင်တန်းများကို ဖွင့်လှစ်ပို့ချပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ခြင်းမရှိသေးလျှင် ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိစေရ။

၄၁။ မည်သည့် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မျှ မိမိရရှိသော ဘွဲ့၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာပညာတို့နှင့် မလျော်ညီသော အခေါ်အဝေါ်၊ စကားရပ်များကို မိမိအမည်နှင့် ယှဉ်တွဲဖော်ပြခြင်းမပြုရ။

၄၂။ မည်သည့် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မျှ မှတ်ပုံတင်လက်မှတ်ရရှိပြီးမှ ချီးမြှင့်ခြင်းခံရသော ဒီပလိုမာ၊ ဘွဲ့ စသည့် ထပ်ဆင့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအရည်အချင်းကို သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် မှတ်ပုံတင်စာရင်းတွင် ဖြည့်စွက်ပြီးကြောင်း ကောင်စီ၏ အတည်ပြုချက် မရရှိဘဲ မိမိအမည်နှင့် ယှဉ်တွဲဖော်ပြခြင်းမပြုရ။

အခန်း(၁၅)

ပြစ်ဒဏ်များ

၄၃။ မည်သူမဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၄၄။ မည်သည့်ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မဆို ပုဒ်မ ၄၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံးကျပ် ၁၀ သိန်းထိ ငွေဒဏ်ချမှတ်ရမည်။

၄၅။ မည်သည့် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်ငါးသိန်း ချမှတ်ရမည်။

၄၆။ မည်သည့် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မဆို ပုဒ်မ ၄၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်သုံးသိန်း ချမှတ်ရမည်။

အခန်း(၁၆)

အထွေထွေ

၄၇။ ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်ကိုယ်တိုင် လက်မှတ်ရေးထိုးခြင်းမရှိသော ဆေးလက်မှတ်သည် တရားဝင်ဖြစ်သည်ဟု မမှတ်ယူရ။

၄၈။ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/၂၀၁၁) အရ ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင်တို့သည် ယင်းတို့၏ သက်တမ်းကုန်ဆုံးသည့်နေ့အထိ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။ သက်တမ်းကုန်ဆုံးသည့်အခါ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဖြင့် ဆေးကုသခြင်းလုပ်ငန်းကို ဆောင်ရွက်လိုပါက ဤဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၄၉။ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/၂၀၁၁) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၀။ ကောင်စီသည် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/၂၀၁၁) အရ ဖွဲ့စည်းထားသော ကောင်စီပိုင်ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီးဆက်ခံရမည်။

၅၁။ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/၂၀၁၁) အရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီသည် ဤဥပဒေအရ ကောင်စီမဖွဲ့စည်းမီ ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ရမည်။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်-

(က) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၃။ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/၂၀၁၁) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

(က) သတိပေးခြင်း၊
(ခ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊
(ဂ) လိုင်စင်ကို ပယ်ဖျက်ခြင်း၊
(ဃ) နာမည်ပျက်စာရင်းတင်သွင်းခြင်း။

၂၇။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခရီးသွားလုပ်ငန်းကော်မတီသို့ အယူခံဝင်ရောက်နိုင်သည်။

၂၈။ ပုဒ်မ ၂၇ အရ အယူခံဝင်ရောက်ခြင်းအပေါ် ခရီးသွားလုပ်ငန်းကော်မတီသည် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီက ချမှတ်သည့်အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

၂၉။ ပုဒ်မ ၂၈ အရ ခရီးသွားလုပ်ငန်းကော်မတီက ချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

အခန်း (၁၄)
တားမြစ်ချက်များ

၃၀။ မည်သူမျှ -
(က) လိုင်စင်မရှိဘဲ ဧည့်လမ်းညွှန်လုပ်ငန်း မပြုလုပ်ရ၊
(ခ) ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်ကို လွှဲပြောင်းခြင်းနှင့် လက်ခံခြင်း မပြုရ၊
(ဂ) လိုင်စင်မရှိဘဲ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း သို့မဟုတ် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းများ မပြုလုပ်ရ။

၃၁။ မည်သူမျှ ဤဥပဒေအရ ခွင့်ပြုချက်မရှိဘဲ အောက်ဖော်ပြပါ လုပ်ငန်းလိုင်စင်အသီးသီးအား လွှဲပြောင်းခြင်း၊ လက်ခံခြင်း မပြုရ -
(က) ဟိုတယ်လုပ်ငန်းလိုင်စင်၊
(ခ) တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်၊
(ဂ) ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှု လုပ်ငန်းလိုင်စင်။

အခန်း (၁၅)
ပြစ်ဒဏ်များ

၃၂။ မည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၃၃။ မည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၄။ မည်သူမဆို ပုဒ်မ ၃၁၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း (၁၆)
အထွေထွေ

၃၇။ ဗဟိုကော်မတီ၊ ခရီးသွားလုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၌ အဖွဲ့ဝင်ဖြစ်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သူများကို ဤဥပဒေပါ လုပ်ငန်းတာဝန်များဆောင်ရွက်နေစဉ်အတွင်း ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းအဖွဲ့ဝင်တို့သည် လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေကို ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်အတိုင်း ခံစားခွင့်ရှိသည်။

၃၈။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -
(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဝန်ကြီးဌာနနှင့် ခရီးသွားလုပ်ငန်းကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ဂ) ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။
(ဃ) ဦးစီးဌာနသည် အမိန့်နှင့်ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၄၀။ မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၄/၉၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကလေးစာပေပွဲတော်(မြစ်ကြီးနား) ကျင်းပနိုင်ရေး ဆွေးနွေး

မြစ်ကြီးနား စက်တင်ဘာ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပမည့် ကချင်ပြည်နယ်ကလေးစာပေပွဲတော် (မြစ်ကြီးနား) ကျင်းပနိုင်ရေးအတွက် စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပွဲတော်ကျင်းပရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် အကြိုရှင်းလင်းဆွေးနွေးပွဲကို ဆောင်ရွက်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကချင်ပြည်နယ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချို့နွယ်ငွေးဝင်းက ကလေးစာပေပွဲတော် ကျင်းပနိုင်ရေးနှင့်ပတ်သက်သည့်အစီအစဉ်များနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ခရိုင်မြို့ကြီးများအဆင့်ပွဲတော်များ ကျင်းပခဲ့သည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပွဲတော်ကျင်းပနိုင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကလေးများသည် အနာဂတ်နိုင်ငံ့တာဝန်ကို ထမ်းဆောင်မည့်သူများဖြစ်သည့်အတွက် အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားတတ်သူများ ဖြစ်လာစေရန်အတွက် ငယ်စဉ်ကတည်းက စာပေ၌ ပျော်မွေ့ပြီး စာဖတ်ခြင်း အလေ့အကျင့်ဖြစ်ပေါ်လာစေရေး ကလေးစာပေပွဲတော်များကို ပြုလုပ်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ်အတွင်း ကလေးစာပေပွဲတော်များကို ခရိုင်၊ မြို့ကြီးများ အဆင့်အဖြစ် မြစ်ကြီးနား ခရိုင်နှင့် ဗန်းမော်ခရိုင်တို့တွင် ကျင်းပနိုင်ခဲ့ပြီး မိုးညှင်းခရိုင် မိုးညှင်းမြို့၌ ကလေးစာပေပွဲတော်ကို အောက်တိုဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်သည်။

ပြည်နယ်(ပြန်/ဆက်)

ပဲခူးမြို့တွင်းလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် လျှပ်စစ်မီးတိုင်များ စိုက်ထူမှု ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကြည့်ရှု

ပဲခူး စက်တင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးကြီးနှင့် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၈ ရက် ညနေ ၅ နာရီက ပဲခူးမြို့တွင်းလမ်းပိုင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လျှပ်စစ်လမ်းမီးတိုင်များ စိုက်ထူနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ပဲခူးမြို့ ရန်ကုန်-မန္တလေး (လမ်းဟောင်း) ရွှေသာလျောင်းဘုရားလမ်းဆုံမှ မြို့ရှောင်လမ်းအထိ လျှပ်စစ်လမ်းမီးတိုင်များ စိုက်ထူမည့်လမ်းကြောင်းနှင့် ရွှေသာလျောင်းဘုရားလမ်း နိုင်လွန်ကတ္တရာခင်းခြင်း၊ ပလက်ဖောင်းပြုလုပ်ခြင်းနှင့် အုတ်ရေမြောင်းပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် လမ်းပိုင်းအလိုက် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လမ်းဘေးဝဲ၊ ယာရှိ ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဆေးရုံရှေ့လမ်း ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တင်စိုး(ပဲခူး)

ရွှေကျင်ရေဘေးသင့်ပြည်သူများအား တတိယအကြိမ် အခမဲ့ဆေးဝါးကုသ

ရွှေကျင် စက်တင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရေဘေးသင့်ကျေးရွာများရှိ လူနာများအား တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း ဆေးကုသရေးအဖွဲ့က စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် တတိယအကြိမ် ဆေးဝါးကုသပေးခဲ့ကြသည်။

အသင်းအမှုဆောင် ဦးကျော်နိုင်နှင့် ဒေါက်တာနီနီအေးတို့ဦးဆောင်ပြီး ဆရာဝန်ခြောက်ဦး၊ အထက်တန်းသူနာပြုလေးဦး၊ ဆေးဝါးပညာရှင်သုံးဦး စုစုပေါင်း အဖွဲ့ဝင် ၁၈ ဦးပါဝင်သော ဆေးကုသရေးအဖွဲ့သည် စက်တင်ဘာ ၁၅ ရက်တွင် ရွှေကျင်မြို့နယ် မဘီးလေးကျေးရွာနှင့် ဒလဆိပ်ကျေးရွာ၊ စက်တင်ဘာ ၁၆ ရက်တွင် ရွှေကျင်မြို့ ဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်းတို့တွင် အခြေပြုပြီး ရေဘေးသင့်လူနာ စုစုပေါင်း ၄၉၀ ကို အခမဲ့ ဆေးဝါးကုသပေးခဲ့ကြခြင်းဖြစ်သည်။

"ဩဂုတ် ၁၉ ရက်မှာ ပထမအကြိမ်၊ စက်တင်ဘာ ၁ ရက်နဲ့ ၂ ရက်မှာ ဒုတိယအကြိမ်၊ အခုတစ်ကြိမ်နဲ့ဆို လာရောက်ကုသပေးတာ စုစုပေါင်းသုံးကြိမ်ရှိပါပြီ။ ရေဘေးသင့်ကျေးရွာ ၁၅ ရွာလောက်နဲ့ မြို့ပေါ်က လူနာစုစုပေါင်း ၁၃၀၀ နီးပါးကို အခမဲ့ကုသပေးခဲ့ပြီးဖြစ်ပါတယ်" ဟု ဆေးကုသရေးအဖွဲ့တာဝန်ခံ ဦးကျော်နိုင်က ရှင်းပြသည်။

အဆိုပါ ဆေးကုသရေးအဖွဲ့ကို ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်း၊ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့၊ ရွှေကျင်မြို့ ပညာ့ဗိမာန် ပရဟိတကျောင်းတိုက်ဆရာတော် ဒေါက်တာအဂ္ဂစာရနှင့် သံဃာတော်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများက ဝိုင်းဝန်းပံ့ပိုးကူညီခဲ့ကြကြောင်း သိရသည်။

ကြေးမုံ

လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၉

လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးဆောင်ဆွေးနွေးသူများဖြစ်ကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်၊ ဒက္ခိဏခရိုင်ပညာရေးမှူး ဦးဝင်းသိန်း၊ ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်း၊ မူးယစ်တပ်ဖွဲ့စု အမှတ်(၁၀၁)မှ ဒုရဲအုပ်အောင်ဖြိုးဝေနှင့် ပျဉ်းမနား Book Club အဖွဲ့မှ ဒေါ်သက်သက်နွယ်တို့က လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကို ဦးဆောင်ဆွေးနွေးကြသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

မြို့နယ် (ပြန်/ဆက်)

ချင်းတိုင်းရင်းသားရိုးရာအမွေအနှစ်ပစ္စည်းများပြပွဲသို့ ကျောင်းသား ကျောင်းသူများလာရောက်လေ့လာ

စေတုတ္တရာ စက်တင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ပြတိုက်ငယ်တွင် ချင်းတိုင်းရင်းသားရိုးရာအမွေအနှစ်ပစ္စည်းများကို စက်တင်ဘာ ၁၅ ရက်မှစတင်ခင်းကျင်းပြသလျက်ရှိရာ အဆိုပါ ပြပွဲသို့ စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ လျက်ရှိကြောင်း သိရသည်။

လာရောက်လေ့လာကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ယဉ်ကျေးမှုပြတိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းဦးနှင့် အဖွဲ့ဝင် ဒေါ်အေးအေးမြင့်တို့က ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ချင်းတိုင်းရင်းသားရိုးရာ အမွေအနှစ်ပစ္စည်းများနှင့် ပတ်သက်၍ ရှင်းလင်းပြသလျက်ရှိရာ လာရောက်လေ့လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

မျိုးမြတ်(မင်းဘူး)

ကမ္ဘာ့ရေနံဈေးနှုန်းတက်မှုကြောင့် ပြည်တွင်းစက်သုံးဆီဈေး ပြောင်းလဲမှုရှိနိုင်

မန္တလေး စက်တင်ဘာ ၁၉

ပြည်တွင်း စက်သုံးဆီဈေးနှုန်းသည် ကမ္ဘာ့ရေနံဈေးနှုန်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းအပေါ်တွင် တိုက်ရိုက်အချိုးကျသဖြင့် လက်ရှိအခြေအနေအရ စက်သုံးဆီဈေးနှုန်း ဆက်လက်မြင့်တက်လာနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးသက်ဝေက ပြောသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့၏ နိုင်ငံရေးအခြေအနေနှင့် အမေရိကန်နိုင်ငံ၏ ကြားဖြတ်ရွေးကောက်ပွဲ ကာလတို့တွင် ကမ္ဘာ့ရေနံဈေးနှုန်း အတက်အကျကို ခန့်မှန်း၍ မရနိုင်သဖြင့် ပြည်တွင်း စက်သုံးဆီဈေးနှုန်းမှာလည်း ခပ်လှုပ်လှုပ်ဖြစ်လာနိုင်ကြောင်း သိရသည်။

"အမေရိကန်နိုင်ငံက အီရန်နိုင်ငံကို စီးပွားရေးအရ ပိတ်ဆို့မှုတွေလုပ်ဆောင်ခဲ့မယ်ဆိုရင် နိုင်ငံတကာမှာရှိတဲ့ ကုမ္ပဏီအားလုံးက အီရန်နိုင်ငံနဲ့ ကုန်သွယ်မှုဆက်ဆံရေး အနေအထားရပ်တန့်မှုတွေ ဖြစ်လာနိုင်ပြီး စက်သုံးဆီဝယ်ယူဖို့အတွက် အခက်အခဲတွေလည်း ဖြစ်လာနိုင်တယ်၊ ဒီအချက်ကြောင့် စက်သုံးဆီဈေးနှုန်း ဆက်လက်မြင့်တက်လာနိုင်ပါတယ်" ဟု ၎င်းက သုံးသပ်ပြောကြားသည်။

ထို့ပြင် ပြည်တွင်းတွင်လည်း စက်သုံးဆီသိုလှောင်မှုအဖြစ် သီလဝါဆိပ်ကမ်းတွင် တန်ချိန် ၁၂၀၀၀ ခန့်အထိ သိုလှောင်နိုင်ပြီး ပြည်ပနိုင်ငံများကဲ့သို့ တန်ချိန်အမြောက်အမြား ဝယ်ယူသိုလှောင်နိုင်ခြင်းမရှိသဖြင့် ပြည်တွင်း စက်သုံးဆီဈေးနှုန်း မြင့်တက်မှုများကို ထိန်းချုပ်နိုင်မှုမရှိခြင်းသည်လည်း အကြောင်းအရင်းတစ်ချက်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ရေနံစိမ်းတွေထွက်ရှိနေပေမယ့် အဆင့်မီတဲ့ စက်သုံးဆီအဖြစ် ချက်လုပ်နိုင်ခြင်းမရှိသေးပါဘူး၊ အကယ်၍ ချက်လုပ်မယ်ဆိုရင်လည်း တစ်နိုင်ငံလုံးလိုအပ်ချက်ရဲ့ ၃၀ရာခိုင်နှုန်းကိုပဲ ဖြည့်တင်းပေးနိုင်မှာပါ" ဟု အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ထပ်မံသုံးသပ် ပြောဆိုသည်။

ပြည်တွင်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်နေမှုအပေါ် ရေစကြိုမြို့နယ်တွင် ဖွင့်လှစ်ထားသည့် စိုးဝင်းမြင့် စက်သုံးဆီလက်လီအရောင်းဆိုင်ပိုင်ရှင် ဦးစိုးဝင်းမြင့်ကလည်း "တကယ်ထိတွေ့နေရတာက ကျွန်တော်တို့ လက်လီဆိုင်တွေပဲ၊ ဈေးနှုန်းကဆက်တိုက်တက်နေတော့ အခက်အခဲတွေရှိပါတယ်၊ စက်သုံးဆီကလည်း စားသုံးကုန်ပစ္စည်းလိုမရှိမဖြစ်၊ လူတွေရဲ့ နေ့စဉ်အသုံးပြုရတဲ့အရာဖြစ်တယ်၊ ပြည်သူတွေရဲ့ ညည်းညူသံတွေကိုကြားနေရတယ်၊ ကျွန်တော်တို့ကလည်း ဈေးနှုန်းတက်ချင်လို့မဟုတ်ပါဘူး၊ ဒါပေမယ့် ကုမ္ပဏီကြီးတွေက တက်လို့ လိုက်တက်ရတာဖြစ်တယ်၊ ကမ္ဘာ့အခြေအနေထိ ကျွန်တော်တို့ကျယ်ကျယ်ပြန့်ပြန့် မခန့်မှန်းနိုင်ပါဘူး" ဟု ပြောသည်။

လက်ရှိတွင် မန္တလေးမြို့ရှိ စက်သုံးဆီ လက်လီအရောင်းဆိုင်များမှ ရောင်းချပေးနေသော ဈေးများမှာ ၉၂ R on တစ်လီတာ ကျပ် ၁၀၈၀၊ ၉၅ Ron ကျပ် ၁၁၈၀၊ ပရီမီယံဒီဇယ် ကျပ် ၁၁၅၀၊ ဒီဇယ်ရိုးရိုး ကျပ် ၁၀၃၀ ရှိနေပြီး ဈေးနှုန်းပြောင်းလဲမှုရှိနိုင်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

ကော့သောင်း စက်တင်ဘာ ၁၉

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နှင့် အနီးတစ်ဝိုက်ဒေသကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့ မြို့မတံတား၌ ပြုလုပ်သည်။

ထိုင်း-မြန်မာနယ်ခြားကော်မတီ ရနောင်းခရိုင် ဒုတိယဗျူဟာမှူး ဗိုလ်မှူးကြီး ထိတိဖွန်နှင့် တာဝန်ရှိသူများက ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦး၊ မြန်မာ-ထိုင်း နယ်ခြားကော်မတီ (ကော့သောင်း) ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းနှင့် တာဝန်ရှိသူများသို့ ထိုင်းဘတ်ငွေ ငါးသိန်းခွဲခန့် တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများဖြစ်သည့် ဆန်၊ ခေါက်ဆွဲခြောက်၊ အချိုရည်ဘူး၊ ဆီ၊ အဝတ်အထည်နှင့် အသင့်စားအစားအစာများ အပါအဝင် ငွေသားထိုင်းဘတ် ၁၃၇၅၀ နှင့် မြန်မာကျပ်ငွေ ၁၀၀၀၀ အား လွှဲပြောင်းပေးအပ်လှူဒါန်းခြင်းဖြစ်သည်။

ကျော်စိုး (ကော့သောင်း)

ဆွာချောင်းကမ်းထိန်းလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သင့်

ရေတာရှည် စက်တင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ အနောက်မှအရှေ့သို့စီးဆင်းလျက်ရှိသော ဆွာချောင်းဖြတ်သန်းရာဒေသများတွင် ရေတိုက်စားမှုကြောင့် သီးနှံစိုက်ခင်းများစွာနှင့်ကျေးရွာများအား ကမ်းပါးပွဲ့မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများရှိနေရာ ကမ်းထိန်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးရန် ဒေသခံများက မျှော်လင့်နေကြခြင်းဖြစ်သည်။

"အထက်ပိုင်းဒေသတွေမှာ မိုးများရင် ရေကျလာတယ်၊ ရေပြန်ကျပြန်တော့ ကမ်းပါးတွေပြိုတာက တဝုန်းဝုန်းနဲ့ ချောင်းစပ်ကပ်လျက် မိုးစပါးစိုက်ခင်းတွေ အတော်ပါကုန်ပြီ၊ ရွာတွေမှာဆိုလည်း ကမ်းတွေပဲ့တော့ အနီးကပ်ရှိတဲ့အိမ်တွေ ရွှေ့ဆောက်ရမလိုဖြစ်ကုန်တယ်"ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာနေ ဒေသခံတစ်ဦးက ပြောကြားသည်။

ထို့အတူ ဆွာချောင်း ရထားလမ်းတံတားကြီးအထက်ပိုင်း၌ ကမ်းတိုက်စားမှုများ ဖြစ်ပေါ်လျက်ရှိပြီး ရေစီးကြောင်းပြောင်းလဲအောင် ရေနည်းချိန်၌ ဆောင်ရွက်ရန်လိုအပ်ပြီး တံတားတောင်ဘက်ခြမ်း ကျောက်တန်းကွေ့အထိ ရောက်ရှိနေပြီဖြစ်သည်ကိုတွေ့ရှိရသည်။ ချောင်းရေ တိုက်စားမှုကြောင့် ဆွာမင်းလမ်းကျေးရွာ၊ တံတားကြီးကျေးရွာ၊ ရေနီးကျေးရွာနှင့် သရက်တောကျေးရွာများတွင် ကမ်းပါးများပဲ့ကျလျက်ရှိကာ စပါးစိုက်ခင်းများစွာ ရေနောက်မျောပါသွားခဲ့ပြီး ဆက်လက်၍လည်း ပြိုကျနေဆဲဖြစ်သည်။

ကိုလွင်(ဆွာ)

မြန်မာခရစ်ကက်အားကစားအဖွဲ့ မလေးရှားနိုင်ငံ ခရစ်ကက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၁၉

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် ICC WORLD TWENTY ASIA Qualifiter's Tournament ခရစ်ကက်ပြိုင်ပွဲသို့ မြန်မာခရစ်ကက် အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာခရစ်ကက်အဖွဲ့ကို အုပ်ချုပ်သူအဖြစ် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပညာရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ခင်တိုးစိန် (ကာယ+ကျန်းမာ)၊ နည်းပြ Mr. BAPPY၊ ထက်လင်းအောင်၊ အေးမင်းသန်း၊ သူရအောင်၊ ရဲနိုင်ထွန်း၊ ထက်လင်းဦး၊ အောင်ကိုကို၊ ခင်အေး၊ ရဲကိုကိုအောင်၊ ကိုကိုလင်းသူ၊ ကိုင်ခနေ၊ လွင်မော်၊ စိုင်းထက်ဝေ၊ ငြိမ်းချမ်းစိုး၊ ရန်နိုင်ကျော်တို့အား မြန်မာနိုင်ငံခရစ်ကတ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသန်းဝင်း၊ ဒုဥက္ကဋ္ဌနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်တို့က စက်တင်ဘာ ၁၇ ရက် နံနက်တွင် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ခင်မောင်ဝင်း(ကြေးမုံ)

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ထားဝယ်မြို့၌ကျင်းပ

ထားဝယ် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော် ခန်းမ၌ ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ဇေယျ က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအဆင့် ပန်းချီ၊ ကာတွန်းနှင့် စာစီစာကုံးပြိုင်ပွဲများတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

(၅၄) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆို ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

မြစ်ကြီးနား

ကချင်ပြည်နယ်ရဲတပ်ဖွဲ့ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထက်လွင်၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လွင်မောင်သိန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းနိုင်တို့ဦးစီး၍ ရဲတပ်ဖွဲ့ဝင် ၁၁၉ ဦးတို့သည် စက်တင်ဘာ ၁၅ ရက် နံနက် ၆ နာရီခွဲမှ ၉ နာရီခွဲအထိ မြစ်ကြီးနားမြို့ အောင်ဇေရန်အောင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ဘိုးဘွားရိပ်သာ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ကိုကိုရှုပ)

မန္တလေး

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ စုစုပေါင်း အင်အား ၁၂၀ သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် ကုသိုလ်တော်ဘုရားဝင်းအတွင်း ချုံနွယ်၊ ပေါင်းမြက်များ၊ အမှိုက်များ စုပေါင်းရှင်းလင်းခြင်း ပြုလုပ်ခဲ့ကြသည်။ **မောင်မွေး(မန်းကိုယ်ပွား)**

ရန်ကုန်

ရထားရဲတပ်ဖွဲ့ အမှတ် (၁၂) တပ်ခွဲ သဃ်န်းကျွန်းတပ်ခွဲမှူး ဒုတိယရဲမှူးသိန်းဝင်းဦးဆောင်သော တပ်ဖွဲ့ဝင် ၂၂ ဦးနှင့် သဃ်န်းကျွန်းဘူတာရုံပိုင် ဦးကြွယ်မြင့်တို့သည် စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက သဃ်န်းကျွန်းဘူတာယာဒ်ဝင်းအတွင်း ချုံနွယ်နှင့် မြက်ပင်များ စုပေါင်းရှင်းလင်းခဲ့ကြကြောင်း သိရသည်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

ရန်ကုန်

သာကေတမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်နိုင်နှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ဒုတိယပတ်က သာကေတမြို့နယ် ဇိနမာန်အောင်စေတီတော်မြတ်ကြီးတွင် စုပေါင်း သန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

ကိုရဲ

ကျောက်ဆည်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သံရွာနယ်မြေရဲစခန်းမှူး ရဲအုပ်လှဌေးဦးစီးသော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက သံရွာပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေမြောင်းများဖော်ခြင်းတို့ကို စက်တင်ဘာ ၁၉ ရက် နံနက် ၈နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြစ်သား(ပြန်/ဆက်)

စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၉

ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက မံစီမြို့နယ် မံသာကျေးရွာနှင့် ဟန်ထက်ကျေးရွာကြား ကားလမ်းတွင် မလဘန်ဘောက်ဂျာ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ကိုလည်းကောင်း၊ အလားတူ ညနေပိုင်းတွင် ကောင်းဟိန်း မောင်းနှင်ပြီး ဂမ်ဆိုင်း(ခ)မာဆိုင်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၂၀ ကိုလည်းကောင်း၊ ရွှေကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေကူမြို့နယ် ငှက်တံတားကျေးရွာနေ ဆန်းဝင်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၀ ကိုလည်းကောင်း အသီးသီးသိမ်းဆည်းရမိခဲ့သည်။

အလားတူ ကံမော်ကြီးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ကော့သောင်းမြို့နယ် ကံမော်ကြီးကျေးရွာ၏ အနောက်ဘက်ပင်လယ်ကမ်းစပ်တွင် နေနိုင်နှင့်အတူ သစ်သားစက်လှေတစ်စင်းကိုတွေ့ရှိ၍ ရှာဖွေရာ လှေထဲရှိ ဆာလာအိတ်များအတွင်းမှ ဘိန်းစာမှုန့် ၅၉၉ ဒသမ ၄၈၉၄ ကီလိုကိုလည်းကောင်း၊ ယင်းနေ့ နံနက် ၁၀ နာရီခွဲက မိုင်းဖြတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဖြတ်မြို့နယ် ဟိုနားကျေးရွာအနီးရှိ ကားလမ်းတွင် ယားပါးရှီးအား ရှာဖွေရာ ၎င်း၏လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူ ထားကြောင်း သိရသည်။

(သတင်းစဉ်)

ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

ဝိဇ္ဇာဇော်ဂျီတပသီ

စာရေးဆရာစကြာကောင်းစံစီစဉ်သည့် အောင်မော်စံဆရာတော် (ကချင်ပြည်နယ်)၏ ဝိဇ္ဇာ ဇော်ဂျီ တပသီ ထူးခြားဆန်းကြယ်သော ကိုယ်တွေ့ဖြစ်ရပ်များ စာအုပ်ထွက်ရှိလာသည်။

သာသနာကာလမတိုင်မီအခါက သရဘင်္ဂရသေ့၊ အရကရသေ့စသော ရသေ့ကြီးတို့သည် ကသိုဏ်းစျာန်များရရှိသည့် လောကီအဘိညာဏ်ဝိဇ္ဇာ ခိုရ်များဖြစ်ခဲ့သည်။ ဇော်ဂျီဟူသည် လောကသိဒ္ဓိ၁၀ပါးတည်းဟူသော ပီယသိဒ္ဓိ၊ နေသိဒ္ဓိ၊ ဘယသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ တေဇောသိဒ္ဓိ၊ အာဟာရသိဒ္ဓိများနှင့်တစ်စိတ်တစ်ဒေသသော်လည်း ကောင်း ပြီးမြောက်ထားသည့်ပုဂ္ဂိုလ်ဖြစ်သည်။ တပသီဟူသည် မိမိကိုယ်အား ပရိက်ပြုထားသော အနေအထားမှ လုံးဝပြုပြင်ခြင်းမရှိဘဲ လိုအပ်သောအမှုကိစ္စသိဒ္ဓိမပြီးမချင်း မူလပရိက်အတိုင်း ကြင့်ကြံအားထုတ်ကြကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၈၃၉၂၈၃၅နှင့် ၀၉-၇၇၃၇၇၄၇၃၃တို့က ဖြန့်ချိသည်။

စကားလက်ဆောင်တရားလက်ဆောင်(၁၉)

လေးအိမ်စု အရှင်ဝိစိတ္တသာရ စီစဉ်သည့် စကားလက်ဆောင် တရားလက်ဆောင်(၁၉) စာအုပ်ထွက်ရှိလာသည်။

ခရီးထွက်မည့်သူများသည် ကြိုတင်ပြုလုပ်ထားရမည့် လုပ်စရာကိစ္စများမပြီးစီးဘဲ ခရီးထွက်ရလျှင် စိတ်ချလက်ချ ခရီးဖြောင့်ဖြောင့်တန်းတန်း မသွားနိုင်၊ လုပ်စရာကိစ္စများကိုကြိုတင်ပြုလုပ်ပြီးမှသာလျှင် စိတ်ချလက်ချ ဖြောင့်ဖြောင့်တန်းတန်း ခရီးသွားနိုင်ကြမည်ဖြစ်သည်။ ထိုနည်းတူ သံသရာခရီးသွားရာတွင်လည်း ရှေ့ဆက်သွားမည့်ခရီးအတွက် ကြိုတင်ပြင်ဆင်မှုများမရှိဘဲ သွားရခြင်းထက် ယူဆောင်သွားသင့်သည်များ၊ ယူဆောင်သွားထိုက်သည့် ဒါန၊ သီလ၊ ဘာဝနာ လမ်းစာ၊ ရိက္ခာငွေကြေးများကို ကြိုတင်ရှာဖွေစုဆောင်းထားပြီးမှသာ ခရီးဆက်ခြင်းက ပိုမိုကောင်းမွန်ကြောင်း အဆိုပါစာအုပ်တွင်ရေးသားထားသည်။

စာအုပ်ကို မင်္ဂလာစာပေ သုခမ္မဝတီဇရပ်(ပအိုဝ်းဓမ္မာရုံခေါင်းရင်း)၊ ဗဟန်း-၁ လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၈၀၀၈၅၃၈နှင့် ၀၉-၇၉၅၂၅၂၉၉၁၊ ပညာရွှေအိုးပိဋကတ်စာပေ၊ အမှတ်-၁၅/၁၆၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ဖုန်း-၀၉-၅၁၂၅၅၀၄နှင့် ၀၉-၉၇၆၁၅၈၀၃၄တို့ကဖြန့်ချိသည်။

အမွေဘယ်လိုခွဲသလဲ

မိသားစုများအတွင်းဖြစ်လေ့ဖြစ်ထရှိသော အမွေကိစ္စနှင့်ပတ်သက်၍ သိရှိနိုင်စေရန် စာရေးဆရာ ဦးကျော်ဇေယျ စီစဉ်ရေးသားသည့် အမွေဘယ်လိုခွဲသလဲ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မယားသုံးယောက်မှရသော သားသမီးများ အမွေမည်ကဲ့သို့ခွဲဝေရမည်နည်း၊ အဖေတူအမေကွဲ၊ အမေတူအဖေကွဲတွင် ပေါင်းသင်းနေသည့်မယား၏ သားသမီးများအခွင့်အရေးမည်သို့ရှိပါသနည်း၊ လင်မယားနှစ်ဦးအနက် ကျန်ရစ်သူမိခင်(သို့)ဖခင်အိမ်ထောင်ပြုလျှင် မည်သည့်ပစ္စည်းကို အမွေပုံပစ္စည်းအဖြစ်သတ်မှတ်ရမည်နည်း၊ ကျန်ရစ်သူမိဘ နောက်အိမ်ထောင်ပြုချိန် သားသမီးများတောင်းဆိုခွင့်ရှိသည့် အမွေဆိုသည်မှာ မည်သည်ကိုဆိုပါသနည်း၊ ကျန်ရစ်သူမိခင်(သို့)ဖခင် နောက်အိမ်ထောင်ပြုလျှင် သားသမီးအားလုံး အမွေတောင်းနိုင်သလား စသည့်အကြောင်းအရာများကို အဖြေနှင့်တကွဖော်ပြထားသည်။

စာအုပ်ကို မယ်နဲ့မောင်စာပေတိုက်၊ အမှတ်-၁၂၄၊ အခန်း-၁၀၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၃၆၄၀ က ဖြန့်ချိသည်။

ပီတာ၊ဂျိမ်းတို့နှင့်ကလေးတို့ခရီးအတူတူသွားကြမယ်



စာရေးဆရာထိန်လင်း စီစဉ်ရေးသားသည့် ပီတာ၊ ဂျိမ်းတို့နှင့် ကလေးတို့ ခရီးအတူတူသွားကြမယ်(အင်္ဂလိပ်-မြန်မာ) နှစ်ဘာသာဖြင့် ထုတ်ဝေသည့် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကလေးသူငယ်များ အသိပညာတိုးပွားစေရန်၊ အင်္ဂလိပ်စာ ဝေါဟာရများ ကြွယ်ဝစေရန်နှင့် အင်္ဂလိပ်စကားပြောစွမ်းရည် တိုးတက်လာစေရန် ရည်ရွယ်၍ ရေးသားထားပြီး အခန်းနှစ်ခန်းပါဝင်ကာ ကလေးတို့ မှတ်သားသင့်သော ဝေါဟာရများ၊ အဓိပ္ပာယ်များကို ဖော်ပြထားသည်။ ကလေးငယ်များ အင်္ဂလိပ်စာစွမ်းရည်တိုးတက်ပြီး အနာဂတ်ကာလတွင် နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်သောလူရည်ချွန်၊ လူရည်မွန်များဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ရေးသားထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၈၃၉၂၈၃၅နှင့် ၀၉-၇၇၃၇၇၄၇၃၃တို့က ဖြန့်ချိသည်။

နယူးယော့ခ်လမ်းပေါ်မှာ သူငယ်ချင်းတွေနဲ့ အတူတွေ့ရတဲ့ အရီရန်နာဂရန်းဒ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ ချစ်သူဟောင်းမစ်ခ်မေလာ ရုတ်တရက်ကွယ်လွန်ခဲ့ပြီးနောက် အများရှေ့မှောက် ပထမဆုံးအကြိမ် ပေါ်ထွက်လာခဲ့ပါတယ်။ ဒီတစ်ခါမှာတော့ ပေါ့ပ်ကြယ်ပွင့်ကို သူငယ်ချင်းတွေနဲ့အတူ နယူးယော့ခ်လမ်းတွေပေါ်မှာ မိုးရေစက်တွေအောက် အလည်အပတ်ထွက်နေတာကို တွေ့ခဲ့ရတာဖြစ်ပါတယ်။ သူရဲ့ နံဘေးမှာတော့ ချစ်သူသစ် ပီးထ်ဒေးဗစ်ဆန် ပါဝင်ခဲ့ခြင်းမရှိတာကိုလည်း တွေ့ခဲ့ရတာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ အင်္ဂါနေ့မှာတော့ "God is a Woman"တေးသီချင်းရဲ့ တေးသံရှင် အရီရန်နာဂရန်းဒ်ကို သူငယ်ချင်းတွေနဲ့အတူ အလည်အပတ်ထွက်ခဲ့တာ တွေ့ရပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ချစ်သူဟောင်း မစ်ခ်မေလာ ရုတ်တရက် ဆေးလွန်ကာ သေဆုံးခဲ့ပြီးတဲ့နောက်ပိုင်း အရီရန်နာဂရန်းဒ်ကို အများရှေ့ပေါ်ထွက်ခဲ့တာ မတွေ့ရဘဲ ပြီးခဲ့တဲ့ အင်္ဂါနေ့မှာမှ အလည်အပတ်ထွက်တာ တွေ့ခဲ့ရခြင်းပါ။ အရီရန်နာဂရန်းဒ်ဟာ ချစ်သူသစ် ပီးထ်ဒေးဗစ်ဆန်နဲ့ သူရဲ့နေအိမ်ဝန်းကျင်မှာသာ အတူလမ်းလျှောက်ထွက်တာတွေ့ခဲ့ရပြီး ချစ်သူဟောင်းကွယ်လွန်ပြီးနောက်ပိုင်း နှစ်ဦးအတူတွဲကာ အများရှေ့ပေါ်ထွက်ခဲ့ခြင်း မရှိပါဘူး။ ပြီးခဲ့တဲ့ တနင်္လာနေ့က ကျင်းပခဲ့တဲ့ အနုပညာထူးချွန်ဆုပေးပွဲ "Emmys Awards"သို့လည်း အရီရန်နာဂရန်းဒ်ရော ပီးထ်ဒေးဗစ်ဆန်ပါ တက်ရောက်ခဲ့ခြင်းမရှိဘူးလို့လည်း သိရပါတယ်။

မကြာသေးမီက ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ တေးသံရှင်မစ်ခ်မေလာ အတွက် အမှတ်တရစာသားအချို့ကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ အရီရန်နာဂရန်းဒ်က သူနဲ့ နှစ်နှစ်ခန့်လက်တွဲလာခဲ့တဲ့ တေးသံရှင် မစ်ခ်မေလာအတွက် သူကွယ်လွန်ခဲ့ပြီးနောက် သီတင်းပတ်နှစ်ပတ်အကြာမှာ ရေးသားဖော်ပြခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အသက် ၂၆ နှစ်အရွယ်သာရှိသေးတဲ့ မစ်ခ်မေလာဟာ ဆေးလွန်တာကြောင့် ရုတ်တရက်သေဆုံးခဲ့ရတာပါ။ ကွယ်လွန်ချိန်မှာလည်း အရီရန်နာဂရန်းဒ်က မစ်ခ်မေလာရဲ့ ဓာတ်ပုံနဲ့အတူ စာသားအချို့ကို ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့မှာတော့ ပေါ့ပ်ကြယ်ပွင့်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ မစ်ခ်မေလာရဲ့ ဗီဒီယိုဖိုင်တစ်ခုနဲ့အတူ သူတို့ရဲ့ အတိတ်က အကြောင်းတွေကို ပြန်ပြောင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ အရီရန်နာဂရန်းဒ်က သူဟာ မစ်ခ်မေလာကို အသက် ၁၉ နှစ်အရွယ်မှာ စတင်တွေ့ဆုံခဲ့တာဖြစ်ပြီး စတင်တွေ့ဆုံစဉ်ကတည်း လေးစားခဲ့ရကြောင်း၊ လက်ရှိအချိန်အထိလည်း လေးစားရသူတစ်ဦးဖြစ်ကြောင်း ထည့်သွင်းရေးသား ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့မေလအတွင်း လမ်းခွဲခဲ့ကြတာဖြစ်ပြီး မစ်ခ်မေလာ သေဆုံးမှုမှာ အချို့သော ပရိသတ်တွေက အရီရန်နာဂရန်းဒ်ကို ပြစ်တင်စကားဆိုခဲ့ကြပါတယ်။ ရက်ပ်တေးသံရှင်နဲ့ အရီရန်နာဂရန်းဒ် လမ်းခွဲပြီးနောက် မကြာမီမှာပင် အရီရန်နာဂရန်းဒ်က ချစ်သူသစ်ရနေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာကာ တရားဝင်လက်တွဲခဲ့တာလည်း ဖြစ်ပါတယ်။ ။

ကေပေါ့ပ်အမျိုးသမီး တေးဂီတအဖွဲ့ "BLACK PINK"ရဲ့ အဖွဲ့ဝင်နှစ်ဦးဖြစ်သူ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက ပြုလုပ်ခဲ့တဲ့ နယူးယော့ခ်ဖက်ရှင်ပြပွဲတစ်ခုတွင် ရိုစ်နဲ့ ဂျီစိုးတို့ကို အမေရိကန်ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်နဲ့ အတူ တွေ့ရစဉ်။

အေးပြည့် - စုစည်းသည်

အထက(၁)လမ်းမတော် (စိန့်ဂျွန်း)
ကျောင်းသားဟောင်းများ၏နဝမအကြိမ်မြောက်ဆရာပူဇော်ပွဲ

(၁၉၆၈-၈၄) ပညာသင်နှစ်ကျောင်းသားဟောင်းများ ကြီးမှူးကျင်းပသည့် နဝမအကြိမ်မြောက် ဆရာပူဇော်ပွဲအခမ်းအနားကို ၂၀၁၈-ခုနှစ်၊ ဒီဇင်ဘာလ(၂၅)ရက်၊အင်္ဂါနေ့၊ နံနက်(၉:၀၀)နာရီအချိန်တွင် ကျောင်းခန်းမဆောင်(စွမ်းအားခန်းမကြီး)တွင် ကျင်းပမည်ဖြစ်ရာမိမိတို့၏ ပညာသင်နှစ်အသီးသီးတွင် ပညာသင်ယူခဲ့ကြသောကျောင်းသားဟောင်းများအားလုံးမည်သူမဆိုကြည်နူးပီတိဖြစ်ဖွယ်ရာစုံညီကုသိုလ်ယူပွဲသို့ပူးပေါင်းပါဝင်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြပါသည်။

၁။ ကိုမျိုးသိမ်း ဖုန်း- ၀၉ ၅၀၀၂၂၅၄
၂။ ကိုဝင်းကို ဖုန်း- ၀၉ ၅၁၄၀၅၄၁
၃။ ကိုညိုထွန်း ဖုန်း- ၀၉ ၅၀၄၉၂၉၀
၄။ ကိုဇော်ဝင်းဦး ဖုန်း- ၀၉ ၅၁၁၅၈၃၈
၅။ ကိုခင်စိန် ဖုန်း- ၀၉ ၅၁၇၄၉၈၀
၆။ ဒေါက်တာဟံဝင်း ဖုန်း- ၀၉ ၅၀၁၃၁၈၉
၇။ ကိုမင်းသွင်ညွန့် ဖုန်း- ၀၉ ၄၄၉၂၅၂၄၇၁
၈။ ကိုညီညီလွင် ဖုန်း- ၀၉ ၅၁၁၈၆၄၁
၉။ ကိုအောင်တင့် ဖုန်း- ၀၉ ၅၀၁၂၁၀၄
၁၀။ ကိုဝေလွင်ဦး ဖုန်း- ၀၉ ၇၃၂၄၁၂၀၃ အမှုဆောင်အဖွဲ့

နေ့ဝန်ထမ်း အလိုရှိပါသည်
အလုပ်နေရာ သီလဝါအထူးစီးပွားရေးဇုန်
ဘာဖွားအရေး သို့ စာရင်းကိုင် သို့ လျှောက်ထားအရင်းအမြစ်နှင့်
အတွေ့အကြုံရှိသူ နေရာများတွင် ခန့်ထားရန် အတွေ့အကြုံရှိသူ
ကျွမ်းကျင်သူ အင်္ဂလိပ်စာ သို့မဟုတ် ဂျပန်စာတတ်ကျွမ်းသူ
အသေးစိတ်ကို အင်တာဗျူးတွင်သိနိုင်ပါသည်
THILAWA JOB FUJI WORK
www.thilawajob.com
Tel. 099-7900-7123

သီလဝါ အထူးစီးပွားရေးဇုန်
ဂျပန် စားသောက် ဆိုင်
ဝန် ထမ်း အလိုရှိသည်
ဝန် ထမ်း / အချိန်ပိုင်း
Tel. 099-7900-7123
THILAWA JOB FUJI WORK
www.thilawajob.com

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃ အိပ်ချ်၊ မြေကွက်အမှတ်-V Class 92၊ မြေကွက်တည်နေရာအမှတ် (၇၃)၊ နံ့သာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ Nazeeba Khatoon အမည်ပေါက် နှစ်(၉၀)ဂရန်မြေ (သက်ကုန်)မြေအား အမွေထိန်းလက်မှတ်စာထုတ်ယူခွင့်ပြုသည့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ်-၃၈/၂၀၁၇ တွင် (၂၂-၅-၂၀၁၇) ရက်က ချမှတ်သည့်အမိန့်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ်-၃၈/၂၀၁၇ တရားမပုံစံအမှတ်-၁၃၉၏ (၁၉-၂-၂၀၁၈)ရက်စွဲပါ အမွေထိန်းလက်မှတ်စာ၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှု အမှတ်-၅၇/၂၀၁၈ တွင် အဆိုပါ မြေကွက်ကို ဂရန်သက်တမ်းတိုးခွင့်နှင့် အလုံးစုံစီမံခန့်ခွဲခွင့်ပြုကြောင်းချမှတ်သည့် ၁၈-၅-၂၀၁၈ရက်စွဲပါ အမိန့်နှင့် ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ နှစ်(၉၀)ဂရန်မူရင်းတို့တင်ပြ၍ ဒေါ်ဘီ(ခ)ဒေါ်သိန်းတင် [၁၂/အလန(နိုင်)၀၀၃၀၃၂] နှင့် ဒေါ်ယဉ်ယဉ်ဦး [၁၂/အလန(နိုင်)၀၀၀၆၀၄] တို့မှ အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးအေး(၅)လမ်း၊ အမှတ်(၁၄၅/၁၄၇)၊ မြေပိုင်ရှင်ဒေါ်ခင်ဝင်း၏မြေပေါ်တွင် ဆောက်လုပ်ထားသော (၄)လွှာ၊ ဒုတိယအထပ်၊ ခေါင်းရင်းခန်း အကျယ်အဝန်း အလျား၁၂ပေ×အနံ၄၅ပေရှိ တိုက်ခန်းနှင့် လျှပ်စစ်မီတာသုံးစွဲခွင့်အပါအဝင် တိုက်ခန်းနှင့်ဆက်စပ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ယင်းတို့နှင့်သက်ဆိုင်သည့် ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်သည့် ဒေါ်ညွန့်ညွန့်သိန်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ပဲခူးမြို့၊ ကျောက်တွင်းကုန်း(ယ) (၁)လမ်းနေသူ ဒေါ်ကြူကြူဝင်း[၇/ပခန(နိုင်)၁၀၂၄၁၉]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ကန့်ကွက်သူများရှိပါက ခိုင်လုံသောအထောက်အထားနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်စာချုပ်ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သီတာဝင်း(ဥပဒေဘွဲ့) (စဉ်-၇၉၁၁/၁၁)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၄၄၇/က၊ မော်ကန်(၂၀)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့။
ဖုန်း-၀၉-၇၉၁၁၆၁၅၃၃

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လှတ်လယ်ရေးရပ်ကွက်၊ ဆီဝါယာလမ်း အမှတ်(၅/၇)၊ မြေညီ(ဒ)နေ ဒေါ်ဝင်းဝင်းလတ် (ခ) ဒေါ်နီလာ (၁၂/လသယ(နိုင်)၀၇၀၁၈၈) ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းလတ် (ခ) ဒေါ်နီလာ နှင့် ဦးအာမက် (ခ) ဦးတင်မြင့် တို့သည် ၂၀၀၉ ခုနှစ်က အစ္စလာမ်တရားတော်နှင့်အညီ လက်ထပ်ထိမ်းမြားခဲ့ပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေ နှင့် ဦးအာမက် (ခ) ဦးတင်မြင့် တို့၏ လက်ထက်ပွားတိုက်ခန်းဖြစ်ပါသည်။ ယင်းတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေ သိရှိခြင်း တစ်စုံတစ်ရာမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းစသည့်ကိစ္စရပ်များ လုံးဝမပြုလုပ်ပါရန်နှင့် ထိုကဲ့သို့ ပြုလုပ်လာပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး ယင်းကိစ္စရပ်သည် ဒေါ်ဝင်းဝင်းလတ် (ခ) ဒေါ်နီလာ နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းလတ် (ခ) ဒေါ်နီလာ ၏ ညွှန်ကြားချက်အရ-
ဦးထွန်းသန့်ဇင်အောင်
LL.B, WIPO, DLP (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၉)
ဖုန်း-၀၉ ၅၁၅၀၄၀၃

ဦးသန်းလွင်ဦး (LL.B) ဒေါ်သက်ဝေအောင် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၆၇၂၅) အထက်တန်းရှေ့နေ (စဉ်-၅၀၀၁၆)

ဦးရဲမင်းပိုင် (သချာ်) ၅ လပြတ်
၁၀-တန်းဘာသာစုံ 09 73161140
■ပိုင်း- ၁၀၀၀၀၀ ■ရိုးရိုး-၅၀၀၀၀(ညနေပိုင်း)
၁၆၅၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ကျောက်တံတားမြို့နယ်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
နေပြည်တော်အုတ်စက်ရုံခွဲ(ပန်းတင်)အား နှစ်ရှည်ငှားရမ်းခြင်း ဆောင်ရွက်နိုင်ရန်အတွက် စိတ်ဝင်စားသူများအားဖိတ်ခေါ်ခြင်း
(Expression of Interest)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ လယ်ဝေးမြို့နယ်၊ ပန်းတင်ရွာအနီးရှိ နေပြည်တော်အုတ်စက်ရုံခွဲ(ပန်းတင်)အား ပြည်တွင်း၊ ပြည်ပပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများသို့ နှစ်ရှည်ငှားရမ်းခြင်း (Leasing)ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

ပထမအဆင့်အနေဖြင့် စိတ်ဝင်စားသည့် လုပ်ငန်းရှင်ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ(Expression of Interest-EOI)အား ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ နေပြည်တော်သို့လိပ်မူ၍ ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ ၁၆ရက်၊ ညနေ ၁၆:၀၀ နာရီ (မြန်မာစံတော်ချိန်)အရောက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ (Expression of Interest-EOI)ပုံစံနှင့် လမ်းညွှန်ချက်များအား ဘိလပ်မြေနှင့် အုတ်အရောင်းဌာနခွဲ (နေပြည်တော်)၊ မြို့တော်ခန်းမ၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၃၂၃၁၂ တွင် ဆက်သွယ်ရယူနိုင်ပြီး လာရောက်ထုတ်ယူစဉ် မိမိတို့၏ ကုမ္ပဏီဆိုင်ရာ အထောက်အထား မိတ္တူများ ပြလျက် အထက်ပါလိပ်စာတွင် ၂၅-၉-၂၀၁၈ရက်မှစ၍ လာရောက် ထုတ်ယူနိုင်ပါသည်။

ကုမ္ပဏီဆိုင်ရာ အထောက်အထားများ
၁။ သက်တမ်းရှိပြီးဖြစ်သည့် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်
၂။ ကုမ္ပဏီအသင်းအဖွဲ့မှတ်တမ်း၊ စည်းမျဉ်း
၃။ နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ(ရှိပါက)
(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၃၂၃၁၂၊ ၀၉-၄၃၀၃၅၅၈၈)

တင်ဒါကော်မတီ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၆၁

ဒေါ်ခင်မေသီ (၎င်း၏ ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဝင်းကိုနိုင်) နှင့် ဦးစည်သူအေးချမ်း
(တရားလို) **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဦးဘိုးသုန်ရိပ်သာလမ်း (ပါရမီ)၊ အမှတ်(၁၃/ဘီ)နေ တရားပြိုင် ဦးစည်သူအေးချမ်း (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မေသီ (၎င်း၏ ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဝင်းကိုနိုင်)က ကိတ္တိမမွေးစားစာချုပ် ပယ်ဖျက်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ၊ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၄ရက် (၁၃၈၀ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့နှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်မြင့်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ - ၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၄၅ နှင့် ဆက်နွယ်သည့်
၂၀၁၈ - ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၅၄

ဦးစိန်ခိုင်(၎င်း၏အခွင့်ရ ကိုယ်စားလှယ်ဒေါ်အိချယ်ရီ) ဒီကရီအနိုင်ရသူ နှင့် ၁။ ဒေါ်ဝတ်ရည်ကျော် ၂။ ဒေါ်ယုယုလှိုင် တရားရှုံးများ

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၅၈၂)၊ မင်းစေတီလမ်း၊ ရွာမ အနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်တွင်နေထိုင်သူ အမှတ်(၂) တရားရှုံး ဒေါ်ယုယုလှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၄၅ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၉ရက် (၁၃၈၀ခုနှစ်၊ တော်သလင်းလကွယ်နေ့)၊ မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြတ်ခိုင်ဝင်း)
ဒုတိယခရိုင်တရားသူကြီး(၁၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ဖခင်အမည်မှန်

ပြည်မြို့၊ အထက(၅)၊ သတ္တမတန်း(D)မှ မနှင်းနွယ်အေး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဦး [၇/ပမန(နိုင်)၁၉၈၇၁၄] ဖြစ်ပါသည်။

ဦးခင်မောင်ဦး

ဖခင်အမည်မှန်

သင်္ဃန်းကျွန်းမြို့နယ်၊ ယာခင်းရှင်ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းတွင် ပညာသင်ကြားနေသော မမိုးမိုး၏ ဖခင်အမည်မှန်မှာ ဦးတင်မောင်ဖြိုး [၁၂/သကတ(နိုင်)၀၉၁၆၄၆] ဖြစ်ပါကြောင်း။

ဦးတင်မောင်ဖြိုး

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နယ်၊ အထက အင်းတကော်ကျောင်း၊ ဒသမတန်း(B)မှ မအိပပကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့်စိန် [၇/ပခန(နိုင်)၀၂၅၆၂၈] ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ဘန်းလောင်ကျေးရွာ အထက ဒသမတန်းမှ မောင်အောင်မင်းဦးနှင့် အဌမတန်းမှ မရွှန်းလဲ့ဦးတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင်[၇/ဖမန(နိုင်)၀၇၀၃၀၄] ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ကျွန်တော်ဦးကျော်စွာညွန့်[၁၄/ကခန(နိုင်)၀၀၀၈၉၃]၏ အလုပ်ရုံမှ အမွှေးတိုင်လုပ်ငန်းအား (logo) ရွှေပြည့်လျှံနံ့သာ အမွှေးတိုင်အမည်နှင့် ဖော်ပြပါလိုဂို အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ချိသွားမည်ဖြစ်ပါသည်။ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဦးကျော်စွာညွန့်
ဖုန်း-၀၉-၇၈၅၇၀၀၇၀၁၊
၀၉-၂၅၄၇၀၀၇၀၁

ပြင်ဆင်ဖတ်ရှုပါရန်

၇-၉-၂၀၁၈ရက် ကြေးမုံသတင်းစာ စာမျက်နှာကြော်ငြာ (၂၄) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် သာကေတမြို့နယ် ဒေါ်ခင်သန်းမြင့်+၃၏ ပိုင်ဆိုင်+အရောင်း မြေပုံကူး၌ ဒေါ်သန်းရီ (RNG-009120) နှင့် ဦးလှမြင့်(ခ)ဦးဝိမလ (RNG-006959)၏ မှတ်ပုံတင်တွင် ဒေါ်သန်းရီ (RGN-009120)နှင့် ဦးလှမြင့်(ခ) ဦးဝိမလ (RGN-006959) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် [illegible] မြေကွက်အမှတ် [illegible] မြေကွက်တည်နေရာအမှတ် [illegible] (၁၆)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ [illegible] (ISN-[illegible]) အမည်ပေါက် [illegible] ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည်အသက်

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇)ရပ်ကွက်၊ အရှေ့မိုင်ရှည်လမ်း၊ အမှတ်(၅၇၈) ဟုခေါ်တွင်သော (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ဒုတိယထပ်၊ (၃)လွှာ (ခြေရင်းခန်း)(၁၉ × ၅၄)ပေရှိ ရေစီးစုံ တိုက်ခန်းတစ်ခန်း နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကန်ထရိုက်တာ ဦးရွှေမောင်(၁၂/မဂတ(နိုင်)၁၀၆၃၃၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စောဝတ်ရည်မြင့်(၁၂/ဒဂန(နိုင်)၀၂၃၂၃၅)က အပိုင်ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍(၁၄)ရက်အတွင်း တရားဝင် ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ယခုအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမြတ်မင်းသိန်း (LL.B) ဒေါ်သက်သက်ဆွေ (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၀၃) အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၄)
အမှတ်(၃၁၅)၊ဗလ္လီက(၁၂)လမ်း၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
Phone - 0973099026 , 0973000531, 09968245586, 09968245587.

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(28-E-1)၊ မြေကွက်အမှတ်(၈၆အေ/၁)၊ ဧရိယာ(ဧ. ၃၇၉ ဧက)ရှိ ဂရန်ရှိမြေပိုင်မြေ မြေကွက်သည် ရန်ကုန်မြို့ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်သူဦး[illegible](ALN-011078)အမည်ဖြင့်တည်ရှိပြီး ၎င်းမှမိမိတရားဝင်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အိမ့်မြနိုင် LL.B,D.B.L,DML ဒေါ်ဥမ္မာဖြိုး LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၇) အထက်တန်းရှေ့နေ (စဉ်-၄၀၇၁၄)
အမှတ်-(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၉၆၀၇၇၃၉၄၃၁၀-၃၉၃၁၇၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၁/၄(၂-အေ)နှင့် ၁/၄(၂-ဘီ)၊ ဝ. ၀၃၆ဧက၊ ဝ. ၀၃၅ဧက၊ မြေကွက်တည်နေရာအမှတ်(၄၉၃)၊ ဓမ္မာရုံလမ်း၊ (၁၀)ရပ်ကွက်၊ ဘီ-လ/န-၃၉ရပြီး (အိမ်ရာမြေသတ်မှတ်) အမည်ပေါက် ဒေါ်အေးမြင့်၊ ဒေါ်လှဲ့လှဲ့ဝင်း မြေကွက်(၂)ကွက်အား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေးမြင့်သည် (၂၃-၁-၂၀၁၅)ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ခင်ပွန်းဖြစ်သူ ဦးသောင်းဖေလွင်[၈/မကန(နိုင်)၀၆၂၀၇၂] (ISN-074778)က ၎င်းတစ်ဦးတည်းသာတရားဝင် ခင်ပွန်းဖြစ်ကြောင်း အခြားသော အမွေဆက်ခံပိုင်ဆိုင်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း (၇-၉-၂၀၁၈)ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသော ကျမ်းကျိန်လွှာ (၁)စောင်၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ မြေအမည်ပေါက်စာချုပ်နှင့် ၎င်းထံမှ မကွေးမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၆၇/၂၀၁၈ (၁၀-၈-၂၀၁၈)ရက်စွဲဖြင့် ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မေဇွန်သန်း [၁၂/ဥကမ(နိုင်)၂၁၈၄၉၇]က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါ မရုပ်သိမ်းသေးကြောင်း ၁၇-၈-၂၀၁၈ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသော ကျမ်းကျိန်လွှာတစ်စောင်တို့ကို တင်ပြ၍ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်လှဲ့လှဲ့ဝင်း[၁၂/လမန(နိုင်)၀၈၆၀၅၈] တို့က ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သင်္ဃန်းကျွန်းကြီး ကာယရပ်ကွက်၊ ကာယ(၉)လမ်း၊ အမှတ်-၂၂၀ နေ ဦးဆိုင်ဆုံ(ခ) ဦးသန်းငွေ (၁၂/အစန (နိုင်)၁၁၇၄၄၇) နှင့် ဒေါ်ဖန်လားအောမီး (၅/ကလထ(နိုင်)၁၁၀၁၁၁)တို့ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးဆိုင်ဆုံ(ခ)ဦးသန်းငွေနှင့် ဒေါ်ဖန်လားအောမီးတို့၏ သားဖြစ်သူ မောင်သန်းအောင် (၁၂/မဂဒ(နိုင်) ၁၆၄၂၁၈)သည် မိဘ၏ဆုံးမ ဆုံးမကြားကို အကြိမ်ကြိမ်လက်ခံလိုက်နာခြင်းမရှိဘဲ မိဘများကို စိတ်ဆင်းရဲစေရန်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် မောင်သန်းအောင်နှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအောင်ဖြိုးလတ် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၀၅)
အမှတ်-၁၃၈၊ ဒုတိယထပ်၊ ၃၂-လမ်း(အလယ်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၇၇၀၀၅၂၁၈၅

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၁/သမိုင်း) ကမ္ဘာအေးစေတီလမ်း၊ မြေကွက်အမှတ်(၃/ခ၅)ဧရိယာ(၀.၂၉၀)ဧကအကျယ်အဝန်းရှိသည့် (၁)ဦးစိုးမင်းထိုက်(၁၂/ကမရ(နိုင်)၀၂၇၇၉၁) နှင့် (၂)ဒေါ်နှင်းမြတ်ထွေး (၁၂/ကမတ(နိုင်)၀၀၀၆၅၁)တို့အမည်ပေါက် (B)လ/န-၃၇ မြေပိုင်မြေကွက် အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်(အရပ်အခေါ်-အမှတ်(၇/အေ) ကမ္ဘာအေးစေတီလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်သောမြေကွက်)ကို (၁)ဦးစိုးမင်းထိုက်(၁၂/ကမရ(နိုင်)၀၂၇၇၉၁) နှင့် (၂)ဒေါ်နှင်းမြတ်ထွေး (၁၂/ကမတ(နိုင်)၀၀၀၆၅၁)တို့ဖခင်မောင်နှံက မြို့မြေစာရင်း နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်တွင် တရားဝင်အမည်ပေါက်ကာ အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသ(စရန်ငွေ)များ ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ လွှဲအပ်ညွှန်ကြားချက်များအရ-

ဦးသန့်ဇင် (LL-B) ဒေါ်ဟန်ဇွန်နိုင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)
Ph-09-253995848 , 09-798420119 Ph-09-4200 73685
အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အမြန်ရောင်းလိုသည်

မျက်နှာစာအရှေ့ ၂၄ ပေ၊ အနောက်ဘက် ၃၂ ပေ၊ အလျား ၇၅ ပေ၊ နှစ်ထပ်လုံးချင်းတိုက်သစ်၊ မီတာ(၃)လုံး၊ အပေါ်-အောက်၊ ဧည့်ခန်း(၂)ခန်း၊ အိပ်ခန်း(၉)ခန်း၊ ရေချိုးခန်း၊ အိမ်သာ၊ ရေပူ၊ ရေအေး Air-con အခန်းတိုင်း၊ ကားပါကင်(၂)စီး၊ ရေလှောင်ကန်ပါ သိန်း(၃၈၀၀)၊ ရွှေဘုံကုန်းလမ်း၊ တောင်သူကုန်း၊ အင်းစိန်မြို့နယ်။

ဖုန်း-၀၉-၉၇၃၂၈၅၈၉၁၊ ၀၉-၇၃၂၃၀၂၄၁

ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက်၊ ညောင်တီလမ်း၊ အမှတ် (၁၂)၊ ၅-လွှာ (အေ)၊ ခေါင်းရင်းခန်းတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မူလပိုင်ရှင်များထံမှ အဆင့်ဆင့်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားနေထိုင်သူ ဦးလှမြင့် (၁၂/စခန (နိုင်) ၀၃၂၄၀၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံတွင် ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်နှယ်နီခေဝင်း (LL.B) — ဦးနိုင်လင်းထွန်း (LL.B)

အထက်တန်းရှေ့နေ (စဉ်-၂၇၂၉၇) — တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၂၇)

ဒေါ်စင်သူဇာထွန်း (LL.B)

အထက်တန်းရှေ့နေ (စဉ်-၄၆၅၆၀)

အမှတ် (၈၃) အခန်း (၁၄/အေ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၇၃၀၇၂၉၂၇၊ ၀၉ ၇၉၈၄၁၂၈၁၂

အမည်မှန်၊ မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ အထက(၆)၊ နဝမတန်း(ဂ)မှ မဖလားရှင်း၏အမည်မှန်မှာ မဖလားနန်ရှင်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၂၆-၄-၂၀၀၄) ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(B_1)မှ မောင်အောင်မြတ်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၁၂-၂၀၀၁ ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(B_1)မှ မဆန်နူးမိုင်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၂-၆-၂၀၀၁) ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်

ဝိုင်းမော်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(A_8)မှ မဝှါထုလွှမ်၏ မွေးသက္ကရာဇ်အမှန်မှာ (၂၈-၁၂-၂၀၀၁) ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်

ဖားကန့်မြို့နယ်၊ လုံးခင်း၊ ရပ်ကွက်(၅)နေ မအက်စတာ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၇-၁၀-၂၀၀၂) ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဖားကန့်မြို့နယ်၊ လုံးခင်း၊ ကံဆီရပ်ကွက်နေ မရွှယ်နူး၏ ဖခင်အမည်မှန်မှာ ဦးအင်ခွန်နော် ဖြစ်ပါသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မကွန်ဒို၊ အခန်းအမှတ် – ၄၀၄ နှင့် ပတ်သက်၍ဦးနောင်ခွန်မြင့်ဝေ [၁၂/မရက(နိုင်)၁၂၇၅၈၅]နှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မကွန်ဒို၊ အခန်းအမှတ်-၄၀၄ တွင်နေထိုင်သော ဒေါ်အိအိဖြိုးမြင့်ဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးနောင်ခွန်မြင့်ဝေနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

